
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

ဝိဇ္ဇာ

နက္ခတ်တွေအပြုံးခံရတဲ့ကောင်းကင်ခါးခါး / ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။

၁၅၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - - ဦးအောင်မြင့်၊

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် - - အောင်မြင်ပုံနှိပ်တိုက်၊

ဖြန့်ချိရေး - - အောင်မြင်စာပေ၊ ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊

(ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)။






www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)



"အို. . . အူ. . . အူ. . . ဝူ. . . ဝူ. . . ဝူ. . . "

"ဟာကွာ. . ခွေးကလည်း ဘလိုင်းကြီး ထအူနေပြန်ပြီ"

ရှင်းလင်းနေသော လူသွားလမ်းမပေါ်မှာ ညီလင်းပ မောင်းသာသောကားရယ် ခွေးအူသံတွေရယ်ပဲရှိသည်။ အိပ်တစ်ဝက် ငိုက်တစ်တက်ဖြစ်နေသော သိုးပု. . ခွေးအူသံကြောင့် ခေါင်းထောင်ကာ ကားအပြင်ကို ဒရောသောပါး ကြည့်လိုက်သည်။

"ကိုညီ ခွေးတွေအူတယ်ဗျ ကျွန်တော်ကြောက်တယ်"

ညီလင်းပ ကားကို လမ်းထဲချိုးကွေ့ဝင်လိုက်ပြီး. . .

"ကြောက်ရင် မအူနဲ့လို့ပြောလိုက်"

☺ အောင်မြင်ပါစေ ☺

www.burmeseclassic.com

www.burmeseclassic.com





"အင်း. . ဟုတ်တယ်. . ပြောလိုက်. . အဲ. . အာ. . ကိုညီ အရေးထဲ နောက်နေသေးတယ်ဗျာ၊ ခွေးအူတာကို ကျွန်တော်တားလို့ ရမလားဗျ"

"အေးလေ. . ဒါဆိုငြိမ်ငြိမ်လေးလိုက်၊ စားထားတာတွေများ လာလို့ ဝိတ်လျှော့ချင်နေရတဲ့ကြားထဲ အာရုံနောက်တယ်"

သိုးပုအကြည့်တွေ ကားရှေ့ကိုကျော်ကြည့်နေရင်းမှ. . .

"ဟင်. . အာ. . အာရုံနောက်တယ်မလုပ်နဲ့၊ ဟို. . ဟိုမှာတွေ့ လား၊ ခြံ. . ခြံရှေ့မှာ ဖြူဖြူကြီး ဆံပင်ဖားလျားကြီးနဲ့. . သ. . သရဲမ"

ကားမီးရောင်ကြောင့် လှစ်ခနဲမြင်လိုက်ရသော မြင်ကွင်းကို လက်ညှိုးထိုးပြပြီး ကြောက်အားလန့်အားဖြစ်သွားသော သိုးပုကြောင့်





ညီလင်းပ ကားရှေ့ကို မျှော်ကြည့်လိုက်သည် ဘာမှမတွေ့ရတော့. . .

"ဘာလဲ. . ငါဘာမှ မမြင်ရဘူး"

"စောစောက ကျွန်တော် ဖျတ်ခနဲ မြင်လိုက်တယ် ကိုညီရ"

ကားက ခြံနားကိုပိုနီးလေ သိုးပုပို၍ကြောက်စိတ်ကြီးကာ ညီလင်းပလက်မောင်းကို တိုးပြီးဖက်လေနှင့်. . .

"ဟာ. . ဟေ့ကောင် ဘာဖြစ်နေတာလဲ၊ ကားမောင်းနေတယ်လေ"

"ကြောက်တယ်ဗျ"

"ကျွတ်. . အိမ်ရှေ့ပဲရောက်နေပြီ ကြောက်နေရသေးတယ်"

ခြံရှေ့အရောက်ကားကို မှေးရပ်လိုက်ပြီး. . .

"ဆင်း. . ခြံတံခါးသွားဖွင့်"

ခြံတံခါး ဖွင့်ဆင်းခိုင်း၍ သိုးပု ခေါင်းမွေးတွေ ပိုထောင်သွားတာ. . .

"ဗျာ. . စောစောက ဆံပင်ဖားလျားကြီးတွေ့တာ ကျွန်တော်တို့ခြံရှေ့မှာဗျ၊ မ. . မဆင်းရဲဘူး. . ကို. . ကိုညီ ဆင်းဖွင့်"

"ဟာ. . ငါက ကားမောင်းဝင်ရမှာလေ"

"ကျွန်. . ကျွန်တော်မောင်းမယ်ဗျာ"

"ဟာ. . ဒီကောင်တော့ကွာ. . ယောကျ်ားဖြစ်ပြီး အဲလောက် သွေးကြောင်ရလား"

သိုးပုကိုအပြစ်တင်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ရုတ်တ ရက် ခြံဝင်းထောင့်တွင် ခပ်တောင့်တောင့်ရပ်နေသော ဖြူဖြူအရိပ် ကြောင့် မကြောက်ဖူးဟုထင်ထားသော ညီလင်းပစိတ်တွေ ဖြန်းခနဲ အေးစက်သွား၏။

"ဟင်. . သ. . သရဲ"



www.burmeseclassic.com

www.burmeseclassic.com



တရွေ့ရွေ့လာနေသော ဖြူဖြူသဏ္ဍာန်ကြီးက ညအမှောင်ကြောင့် သဲကွဲစွာမမြင်ရပေမယ့် မကောင်းဆိုးဝါးတစ်ကောင်ဟု စိတ်ထဲအလိုလို သတ်မှတ်လိုက်မိပြီးသား ဖြစ်သွားသည်မို့ ခြေလှမ်းတို့ တုံ့ခနဲရပ်သွားသည်။

သို့ပေတော့ ကားထဲမှာ ဘယ်လိုနေမည်မသိ၊ တကယ်ရင်ဆိုင်တွေ့ရသော ညီလင်းပမှာတော့ ဇောချွေးပြန်လာသည်။

"ဒီမှာ. . ."

"အဲ. . သ. . သရဲဆီက မိန်းမအသံထွက်တယ်၊ ဒါဆို ဒီသရဲမိန်းမပဲဖြစ်ရမယ်"

တစ်ယောက်တည်း ခပ်တိတ်တိတ်ပြောနေချိန်မှာ ခွေးကလည်း ဆွဲဆွဲငင်ငင် ထပ်အူပြန်သည်။ တစ်ချက်တစ်ချက် ပုပ်စော်လိုလိုဘာလိုလို အနံ့ကြီးကလည်း နှာခေါင်းထဲ တိုးဝင်လာသည်။

နှာခေါင်းကို ဆူပွရှုံ့ပွလုပ်ပြီး သေချာစေရန် ပြန်၍အနံ့ခံလိုက်သည်။ ပုပ်စော်က ဟောင်စပ်နေသည်။

ဒီတစ်ခါတော့ တကယ်ခေါင်းနားပန်း ကြီးသွားရပြီး. . .

"အောင်မလေး မြတ်စွာဘုရား ငါတော့သွားပြီ"

အရေးထဲ ဗိုက်ကာရစ်နာလာပြီး လေခပ်ပြင်းပြင်း တစ်ချက်ကို ပူခနဲနေအောင် လည်လိုက်သေးသည်။

"အို. . လူရှေ့သူရှေ့အီးပေါက်ရလား၊ ပုပ်စော်နံပါတယ်ဆိုမှ သူ့အီးနံ့ကပါ ဝင်ပြီး ရောသွမ်းလိုက်သေးတယ်. . ထွီး"

"အယ်. . သ. . သရဲမက ငါအီးပေါက်တာလည်း သိတယ်ဟ"

"အံမယ်. . ရှင်နော် လူကို ဘာသရဲမလဲ"

"ဟမ်. . ဒါ. . ဒါဆို လူမလား"

"ဟုတ်တယ်"





သူမထံမှ ဘုဆတ်ဆတ်ပြန်ဖြေ၏။

"ဒါ. . ဒါဆို သူများခြံရှေ့မှာ ဆံပင်ဖားလျားကြီးချပြီး ဘာလုပ်နေတာလဲ၊ ခိုး. . ခိုးမလို့တော့ မဟုတ်ပါဘူးနော်"

အပြောအဆိုမတတ်သော ညီလင်းပစကားကြောင့် သူမ ဆွေ့ဆွေ့ခုန်သွားသည်။

"ရှင်နော် လူကို စော်ကားတာနှစ်ခါရှိပြီ၊ နောက်တစ်ခါဆိုရင်တော့ ခါးကနေ လိမ်ချိုးပစ်လိုက်မယ်"

ကြိမ်းဝါးလိုက်ပုံက ကျောချမ်းချင်စရာမို့ ညီလင်းပ ဘာမှထပ်မပြောရဲတော့. . .။

"ရှင်လုပ်တာနဲ့ လာရင်းကိစ္စတောင် မေ့သွားပြီ"

"ဟင်. . မင်းက ဘယ်သူ့ဆီကို လာတာလဲ"

"ဒီအိမ်ကလူတွေဆီကို"

"ဘာလုပ်ဖို့လဲ"

"ပုပ်စော်နံလို့"

"အမ်. . ပုပ်စော်နံတာနဲ့ ငါတို့အိမ်ကို ဘာလာစရာရှိလဲ၊ နေစမ်းပါဦး မင်းကဘယ်သူလဲ၊ ဒီနားတစ်ဝိုက်အိမ်တွေမှာ မင်းလို သရဲနဲ့တူတဲ့ပုံစံမျိုး မတွေ့ဖူးဘူး၊ ညသန်းခေါင်ကျော် မင်းပုံစံကို တိုက်ရဲ့ဝရန်တာမှာသာ ရပ်နေကြည့်ခိုင်းလိုက်. . . တကယ့်သရဲမပဲ"

"တော်. . ပါးစပ်ပိတ်. . လိုရင်းကိုပဲပြောမယ်"

လူကြီးတစ်ယောက်လေသံနှင့် ဟန့်လိုက်သဖြင့် ညီလင်းပ ကြက်ပုသွားကာ အမှောင်ထဲမှာ ဆံပင်ဖားလျားဖြင့် ဒေါသတွေစွတ်ကြီးနေသော ကောင်မလေးလား ကောင်မကြီးလားမသိသည့် မိန်းမကို မှုန်တဝါးဝါး ကြည့်လိုက်သည်။

"ရှင့် ခြံထဲမှာ ကြွက်နှစ်ကောင် ဖိုက်ရင်းနဲ့ သေထားပုံရတယ်

www.burmeseclassic.com



နံနေတာ သုံးရက်လောက်ရှိပြီ"

"ဘယ်လို့ . ကြွက်နှစ်ကောင် ဖိုက်တယ်ဟုတ်လား"

"ဟုတ်တယ် ဟိုရက်ထဲကပြောမလို ရှင်တို့အိမ်မှာ ဘယ်သူမှ မတွေ့ဘူး၊ ခုလဲ အနံ့က တော်တော်ပြင်းလာလို့ အိမ်ရှင်တွေရှိလို ရှိငြား လာကြည့်တာ"

"ဟုတ်တယ် ခရီးသွားနေတာ ခုပဲပြန်ရောက်တယ်"

"အဲဒါစိတ်မဝင်စားဘူး၊ ဒီအပုပ်နံ့ပျောက်အောင် ညတွင်းချင်း သူတို့နှစ်ကောင်ကို မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်ပါ ဒါပဲ"

သူမပြောချင်ရာကိုပြောပြီး . . ချာခနဲ လှည့်ထွက်သွားသော ကျောပြင်ကိုငေးကြည့်ရင်း အပုပ်နံ့ကထောင်းခနဲ နှာခေါင်းထဲ တိုးဝင်လာသဖြင့် ရင်ထဲမှာ အော်ဂလီဆန်ကာ ပျို့ခနဲအန်ချင်သလို ဖြစ်သွားသည်။







"ဝေါ့ . . အော့ . . ကြွက်ပုပ်ကို သင်္ဂြိုဟ်ပေးရဦးမယ်တဲ့ ဘာလဲ ဟ ရှုးနေတာလား"

သိုးပုကတော့ မျက်နှာကို အင်္ကျီလည်ပင်းပေါက်ထဲ ထည့်ဝှက်ပြီး ကားထဲတွင်ဖင်ပူးထောင် ထောင်နေကာ တုတ်တုတ်တောင်မလှုပ်။

"အား . . အီး . . အ . . အရေးထဲ ဝိတ်ကလျှော့ချင်လာပြီ"

ဗိုက်ထဲကရစ်ကာ ထုတ်ချင်လာသဖြင့် ခြံတံခါးသော့ အမြန် ဖွင့်ကာ ကားပင်မမောင်းနိုင်တော့ အိမ်တံခါးပေါက်ဆီသို့ ကော့လန် ကော့လန်နှင့် ပြေးရတော့၏။

ကားထဲမှ မရဲတရဲချောင်းကြည့်လိုက်သော သိုးပုမှာ အိမ်ကြီး ထဲသို့ ဒုန်းဆိုင်းပြေးဝင်သွားသော ညီလင်းပကို လှမ်းမြင်လိုက်တော့ သရဲခြောက်ခံရ၍ပြေးသည် ဟုပဲထင်ကာ မျက်နှာကိုအင်္ကျီ လည်ပင်း ပေါက်ထဲပြန်ဝှက်ကာ ဆိုဖာခုံပေါ် မှာပင် မနေရဲတော့။ ကားထဲကလည်း ထွက်ရဲတော့ပဲ ကားကြမ်းခင်းပေါ် ဆင်းကာ ကိုယ်ကို ကျုံ့နိုင်သမျှ ကျုံ့ပြီး ဝပ်နေလိုက်သည်။

"ဝုန်း . . ဒုန်း . . ဒုန်း"

"ကျွီ . . ကျွီ"

ကားခေါင်မိုးပေါ် သို့ တစ်စုံတစ်ယောက်ထက်မကသော လူနှစ်ယောက်သုံးယောက် တက်ခုန်နေသလိုအသံနှင့်အတူ . . ကားကြီးမှာ တအိအိနှင့် လှုပ်ယမ်းနေ၏။

"အောင်မလေး . . ကိုညီကယ်ပါဦး ကျွန်တော့်ကို တစ်ယောက်ထဲထားခဲ့ရလား၊ သရဲတွေ ခေါင်မိုးပေါ် ရောက်နေပြီ"

စိတ်ထဲမှပင်အသံတိတ် သွေးရူးသွေးတန်းပြောကာ . . . အကြောက်လွန်ပြီး သေးတွေပင် ထွက်ကျကုန်၏။

ထိုအဖြစ်အပျက်ကို ညီလင်းပ လုံးဝမသိ သန့်စင်ခန်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ပုံးကြကောင်းနေ၏။

"ဟူး . . ခုမှပဲ စိတ်ထဲပေါ့သွားတော့တယ်"









# အခန်း(၂)

"တင်း . . တောင် . . တင်းတောင် . . တင်းတောင်"

အဆက်မပြတ်တီးနေသော လူခေါ်ဘဲလ်သံကြောင့် ခုတင်ထက်မှာ အိပ်ပျော်နေသော ညီလင်းပ အိပ်မှုံစုံမွှားဖြင့် ခေါင်းထောင်ကာ နားစွင့်လိုက်သည်။

ဘဲလ်သံက အဆက်မပြတ်တီးနေသဖြင့် ကိုယ်ပေါ်မှ သိုးမွှေးစောင်လုံးကြီးကို ဖယ်ရှားလိုက်ပြီး. . .

"ကျွတ် . . ဘယ်ကလဲကွာ သူများအိပ်ကောင်းချိန်ကြီး"

ခုတင်ထက်မှ ခပ်လေးလေးထလိုက်ပြီး တစ်ဖက်ခုတင်တွင် ငါးပြုတ်တစ်ကောင်လို ကားကားကြီးအိပ်နေသော သိုးပုစ်တင်ဝါးတို



www.burmeseclassic.com

တဘုန်းဘုန်း ရိုက်နှိုးလိုက်သည်။

“ဟေ့. . သိုးပု ထကွာ၊ အိမ်ရှေ့မှာ ဘဲလ်တီးသံကြားတယ်. . သွားကြည့် တံခါးသွားဖွင့်”

“အင်း. . အဲ. . ”

သိုးပု ဟိုလိုမ့်ဒီလိုမ့်နှင့် မထ. . .

“ဟာ. . ဟေ့ သိုးပု၊ မင်းဘွားအေကြီး ခြံရှေ့မှာ ဘဲလ်တီးနေတယ်ကွ”

“ဟမ်. . ဘာလဲ. . ဘယ်သူ. . အာဘွားပေးပြီး ဘဲလ်တီးသွားတာလဲ”

အိပ်မှုန်စုံမွှားဖြင့် ကြားချင်ရာကြားပြီး ကမူးရှူးထိုးပြောကာ သိုးပု ပြန်၍မှောက်အိပ်သွားသည်။

“ဟာ. . ဒီကောင်တော့ ဂေါ်ဇီလာခြေထောက်နဲ့ နင်းခြေရင်တောင် နိုးမယ့်ပုံမပေါ်ဘူး၊ ငါ့ဘာသာပဲ ငါသွားဖွင့်တော့မယ်”

ညီလင်းပ လေးလံသောခြေလှမ်းတွေဖြင့် အိမ်ရှေ့ကိုထွက်ကာ ကျွန်းတံခါးကြီးကို ဆွဲဖွင့်လိုက်သည်။ ဘဲလ်သံမကြားရတော့။

“ဟင်. . ဘယ်သူမှလည်း မရှိဘူး”

တစ်ယောက်တည်း ခပ်တိုးတိုးရေရွတ်ရင်း မီးရောင်မှိန်ပျပျ ထွန်းထားသော ခြံတံခါးဝကို လှမ်းမျှော်ကြည့်လိုက်သည်။ ခွေးလေ ခွေးလွင့်တစ်ကောင် ခြံရှေ့အုတ်ခုံဘေးမှာ ခွေခွေလေးအိပ်နေရုံမှအပ လူရိပ်လူယောင် မတွေ့ရ. . .။

ခွေးများ ဘဲလ်ထတီးတာလားဟု ပေါက်ကရတွေးပြီး. . . အူကြောင်ကြောင်ရယ်ကာ အိမ်တံခါး ပြန်ပိတ်လိုက်သည်။

ဧည့်ခန်းထဲရှိ နံရံကပ်နာရီကို လှမ်းကြည့်တော့ နံနက်သုံးနာရီထိုးဖို့ ငါးမိနစ်ခန့်လိုသေးသည်။ ဒီအချိန်ကြီး ဘဲလ်လာတီးမည့်သူ





ဘယ်သူဖြစ်နိုင်မလဲ။

ဒါမှမဟုတ် ဘဲလ်ကပဲ သူ့ဟာသူ ထကြောင်တာလား. .

မရေမရာအတွေးတွေနှင့်အတူ အိပ်ခန်းထဲပြန်ဝင်ပြီး ခုတင်ပေါ် ဝမ်းလျားထိုးမှောက် အိပ်လိုက်သည်။ အခန်းထဲတွင်. . . သိုးပု၏ ခွီးခွီးဟောက်သံမှလွဲ၍ တိတ်ဆိတ်နေ၏။

“တင်းတောင်. . တင်းတောင်. . . ”

ပြန်အိပ်ဖို့ အရှိန်ယူသည့်အနေနှင့် မျက်လုံးကိုမှိတ်ရုံရှိသေး ထပ်မြည်လာသော ဘဲလ်သံကြောင့် ညီလင်းပမျက်လုံး ဖျတ်ခနဲပွင့်ပြီး ဆတ်ခနဲခေါင်းထောင်လာသည်။

“ဟာ. . ဘာလဲကွာ၊ ဘယ်ကောင်စောစောစီးစီး လက်ကမြင်းကြောလာထနေလဲ”

“တင်းတောင်. . တင်းတောင်. . ”

ထုံးစံအတိုင်း ခုတင်ထက်မှ မထမချင်း ဘဲလ်မြည်နေဦးမည်မို့ ညီလင်းပ ခုတင်ပေါ်မှ ဝုန်းခနဲခုန်ထကာ အိမ်ရှေ့တံခါးမကြီးဆီသို့ ဒေါသတကြီး ခြေလှမ်းတွေဖြင့် ထွက်လာလိုက်၏။

တံခါးဖွင့်ကြည့်တော့ ထုံးစံအတိုင်း ဘာမှရှိမနေပြန်၊ ပြင်ပမှ လေဝင်လာပြီး ထိုညဉ့်လေနှင့်အတူ ပုပ်အက်အက်အနံ့က နှာခေါင်းထဲ တိုးဝင်လာ၍ အသက်အောင့်ကာ နှာခေါင်းကိုလက်ဖြင့်ပိတ်ပြီး တံခါးမကြီးကို ပြန်ပိတ်လိုက်သည်။

“တောက်. . ဘယ်ကောင် ကမြင်းကြောဆွဲပြီး လာလုပ်နေလဲ မသိဘူး”

စိတ်တိုတိုနှင့်. . . ပါးစပ်ထဲတွေ့ကရာကို ပေါက်တတ်ကရ လျှောက်ပြောလိုက်သည်။ ကြွက်သေကောင်ကိုလည်း မသင်္ဂြိုဟ်ရသေး သည်ကို သတိရလိုက်ပေမယ့် မတတ်နိုင်၊ မနက်မှပဲ ထိုကိစ္စရှင်းရတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။

ဘဲလ်သံက ညီလင်းပ အိမ်ရှေ့ရောက်လျှင် မကြားရတော့ အိပ်ခန်းထဲရောက်လျှင် ကြားရပြန်သည်မို့ နောက်ဆုံးထမဖွင့်တော့ဘဲ နားနှစ်ဖက်ကို ဖက်လုံးနှင့် ဖိပိတ်ကာ ဥပေက္ခာပြုလိုက်သည်။

ထို့နောက် ဘုရားကိုအာရုံပြုပြီး မျက်လုံးတွေကို ဇွတ်မှိတ်ပစ်လိုက်သည်။

အိပ်ပျော်ခြင်းတွေက အဆက်မပြတ်တီးနေသော ဘဲလ်သံတို လုံးဝကိုအရေးမစိုက်တော့. . .။









# အခန်း(၃)



"ကိုညီ. . ."

"ဟမ်. . ."

ခပ်ရေးရေးထင်နေသော မုတ်ဆိတ်မွေးတွေကို ဂျုတ်ဖြင့်ရိတ်ရင်း သိုးပုကို မှန်ထဲမှကြည့်ပြီး ထူးလိုက်သည်။

"ညက ကျွန်တော်တို့အိမ်ကို သရဲခြောက်တာ ကိုညီသိလား"

သိုးပုစကားကြောင့်. . မုတ်ဆိတ်ရိတ်နေသောလက် တွန့်သွားသည်။

"အဓိပ္ပါယ်မရှိတာကွာ. . ငါဒီကို ပြောင်းလာတာ နှစ်လပြည့်တော့မယ်. . တစ်ခါမှ သရဲအခြောက် မခံရဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . တကယ်ပါဆို၊ ညက ကျွန်တော်လန့်နိုးတော့ အိမ်ရှေ့ကလူခေါ်ဘဲလ်က တစ်တင်တင်နဲ့ သုံးလေးငါးခါလောက်ရှိတယ်၊ တံခါးထဖွင့်ကြည့်တယ် ဘယ်သူမှမရှိဘူး၊ ကြောက်လို့ ကိုညီကိုနိုးတယ် လုံးဝနိုးမရဘူး"

အဖြစ်ချင်းလာတူနေသည်မို့ ညီလင်းပ အံ့သြသွားသည်။

"ဟာ. . ဘာလဲဟ ထူးတော့ထူးဆန်းနေပြီ၊ ငါ. . ငါလဲ အဲလိုဖြစ်လို့ မင်းလိုပဲ တံခါးထဖွင့်ကြည့်တာပဲ"

"အဲလိုပုံစံမျိုး ကိုညီလဲဖြစ်တယ် ဟုတ်လား"

"အေး"

သိုးပုမျက်နှာ. . ကြောက်စိတ်ကြောင့် ဆီးရွက်တစ်ခြမ်းစာလောက်သာ ကျန်တော့၏။

"ကျွတ်. . ကွိုင်ပဲဗျာ၊ ကျွန်တော်ကလည်း သရဲက ခပ်ကြောက်ကြောက်ဗျ၊ ပြောရင်းနဲ့ ကြက်သီးတောင် ထလာပြီဗျာ"

စိတ်ထဲမှာ ထူးဆန်းသလိုရှိနေပေမယ့် ကြောက်တတ်သော သိုးပုရှေ့မှာ အမှန်တရားတစ်ခုအဖြစ် လက်ခံပြောဆိုလိုက်၍မရ. . ။ တော်ကြာ သူမနေရဲတော့ပါဘူးဆိုပြီး သူ့အိမ်ပြန်သွားလျှင် ညီလင်းပ တစ်ယောက်တည်း ဖြစ်နေမည်။ ထိုအခါမျိုးတွင် အဖော်မရှိက ပို၍စိတ်ချောက်ချားစရာ တွေ့ကြုံလာနိုင်သည်။

"ဘဲလ်က ကြောင်တာဖြစ်မှာပါကွာ. . မင်းကလည်း လျှောက်မတွေးပါနဲ့၊ ကဲ. . ထ ကော်ဖီဖျော် ငါဗိုက်ဆာပြီ"

"ဟမ်. . ဒီလောက် ကြွက်သေနှစ်ကောင်ကို မြေမြှုပ်ထားတဲ့လက်နဲ့ ကော်ဖီဖျော်ပေးရမယ် ဟုတ်လား၊ မရွံဘူးလား ကျွန်တော်တောင်ရွံပြီး ဘာမှစားချင်စိတ် မရှိဘူး"

"အေးပါ. . ငါမေ့သွားလို့၊ ညကကောင်မလေးလဲ သူတော်





တော်နဲ့လို့ ညဘက်ကြီးတောင် ငါတို့ကို စောင့်ပြီးပြောယူရတယ်၊ အားနာစရာကောင်းလိုက်တာ. . . သူ ဘယ်မှာနေတာလဲ မသိဘူး"

"အဟုတ်. . ကျွန်တော်လေ ညကတော်တော်လန့်သွားတာဗျ၊ ရုတ်တရက်ဆိုတော့ သရဲခြောက်တယ်ပဲထင်တာပေါ့၊ ဒီကောင်မလေးကလည်း ညဘက်ကြီး ဂါဝန်အဖြူဝတ်ပြီး ဆံပင်ဖားလျားနဲ့ လျှောက်သွားရတယ်လို့"

"မင်းကိုက ကြဲဖန်ပြီး ကြောက်လွန်းပါတယ်ကွာ"

"ကြောက်တာတော့ မွေးရာပါပဲ၊ မကြောက်နဲ့လို့ လာမတားနဲ့"

သိုးပုကိုသာ အပြစ်ပြောရတာ တကယ်တမ်းကိုယ်ပါ ကြောက်စိတ်ဝင်သွားမိတာ သိုးပုသိမှမသိပဲ. . . ။

ဘာပဲဖြစ်ဖြစ် ညက လူခေါ်ဘဲလ်သံကလည်း စဉ်းစားစရာ။

ဖုန်းသံမြည်လာသည်မို့ ညီလင်းပ မှန်တင်ခုံမှဖုန်းကို ကောက်ယူပြီး ထူးလိုက်သည်။

"ဟဲလို. . ယုန်လေး ပြော"

". . . . ."

"ဩော်. . ဒီနေ့ အကတိုက်တာနားမယ်၊ မနက်ဖြန်စောစောလာခဲ့လေ. . သန်ဘက်ခါပွဲအတွက် ကကွက်တွေ ပြန်နွှေးကြတာပေါ့၊ ဒီနေ့တော့ ပြည့်ပြည့်ဝဝနားမယ်ကွာ၊ မနေ့က ခရီးကြောင့် အရမ်းပင်ပန်းနေလို့. . အိုကေ. . အိုကေ"

ဖုန်းပိတ်ပြီး မှန်တင်ခုံပေါ် ဖုန်းပြန်တင်လိုက်သော ညီလင်းပကို သိုးပု မေးဆတ်ပြရင်း. . .

"ဘယ်သူလဲ ယုန်လေးလား"

"အေးကွာ"

"အဟုတ်. . အဲဒါ ဘာမှမဟုတ်ဘူး၊ ကိုညီ့ကိုတွေ့ချင်လို့ အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းရှာတာ"

ခနော်ခနဲ့ရယ်ကာ ပြောလိုက်သော သိုးပုစကားကြောင့် ညီလင်းပ ပခုံးကို ဟန်ပါပါတွန့်ပြီး ရယ်လိုက်သည်။

မိန်းကလေးတစ်ယောက်ရဲ့ အချစ်ခံရတာ ညီလင်းပအတွက် ထူးဆန်းသည့်ကိစ္စ မဟုတ်တော့. . .။

အကမော်ဒယ်တစ်ယောက်က မိန်းကလေးတွေပါးစပ်ဖျားမှာ ရေပန်းစားနေမှတော့ သူတို့ရဲ့အချစ်ခံရတာလဲ ပီတိတော့ ဖြစ်စရာကောင်းပါသည်။

ဒါပေမယ့် ဘယ်သူ့ကိုမှပြန်ပြီး ချစ်လို့မရတာတော့ နှမြောစရာကောင်းလွန်း၏။









## အခန်း(၄)

"အိုကေ. . . ရယ်ဒီ"

"ဝမ်းတူး. . . ချာ. . ချာ. . ချာ"

"အိုကေ. . ဟုတ်ပြီ ရှေ့တစ်လှမ်းတိုး၊ လက်နှစ်ဖက်ကို ဇာပဝါလေထဲလွင့်သလို ဖျော့ထား၊ စိတ်တွေကို တေးသွားထဲမှာ နှစ်ပြီး စည်းချက်ညီညီနဲ့ တိုင်ပင်ခေါ်. . အိုး. . ရက်စ်"

အကခန်းမထဲတွင် ဒီဂျေမြူးဇစ်တွေနှင့်အတူ ညီလင်းပ၏ တိုင်ပင်ခေါ်သံတွေက မြူးကြွနေ၏။ အကအဖွဲ့သားများအားလုံး မနက်ဖြန်ပွဲအတွက် အားသွန်ခွန်စိုက် လေ့ကျင့်နေကြသည်။ အကမောင်မယ်များ၏ ခံစားမှုတို့သည် မြူးကြွသွက်လက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် အဖွဲ့ခေါင်းဆောင် ညီလင်းပ၏ ကပြာန်တွေက မှော်ဝင်နေသလား ထင်မှတ်ရလောက်အောင် ကြည့်ကောင်းလွန်းနေ၏။ ပေါ်လည်းပေါ်လွင်လှသည်။

တေးသွားတွေဆုံးသည်နှင့် ကကွက်တွေလည်း တိခနဲရပ်လိုက်ကြသည်။ ခုမှပင် ညီလင်းပ သက်ပြင်းမောကို ရှူးခနဲမှုတ်ထုတ်လိုက်ပြီး

"ကဲ. . ဒီနေ့တော့ ဒီလောက်ဆို လုံလောက်ပါပြီ"

လက်ဝါးနှစ်ဖက် ဖြောင်းခနဲတီးကာ ဆော်ဩလိုက်သဖြင့် တန်းဖြုတ်ကာ အမောပြေရေသောက်သူကသောက် ထိုင်သူကထိုင်နှင့် အမောဖြေနေကြသည်။ စကားတွေ တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောနေ၏။

"ကိုညီ ယုန်လေးကတာ ဒီနေ့အဆင်ပြေရဲ့လား"

ညီလင်းပနား ကပ်လာသော အကမော်ဒယ်လ် ယုန်ဖြူလေး၏ အမေးကြောင့် ညီလင်းပ ဘာမှပြန်ပြီးမဖြေခင်မှာ သိုးပုကကြား ဖြတ်၍. . .

"ပြေသလားတော့မမေးနဲ့ တင်ပဆုံရိုးအကကို ပိုပြီးကြိုက်တယ်၊ အဟီး ကိုယ့်ဆီမျှား ပြုတ်ထွက်လာမလားလို့ မျှော်လင့်နေတာ"

သိုးပုစကားကြောင့် ယုန်လေးမျက်နှာ ရှက်စိတ်ကြောင့်ထင်သည် ရဲခနဲဖြစ်သွားကာ. . .

"ရထားပေါ်ကလိမ့်ကျတဲ့ အနူရုပ်နဲ့ တန်ရာတန်ရာပြောစမ်းပါ သိုးမည်းရယ်"

"အယ်. . . ပြော. . ပြောရက်လိုက်တာ"

တစ်ဖက်ကပြန်နှိပ်ကွပ်တော့ သိုးပုဂိန်သွားကာ မျက်လုံးလေးပေကလတ်ပေကလတ်လုပ်ရင်း ညီလင်းပကို စစ်ကူတောင်း၏။

ညီလင်းပ မသိကျိုးကျွန်ပြုကာ မွေးပွသဘက်ကို လှမ်းယူပြီး





ချွေးတက်ကျယ်မှာ ရွှဲနစ်နေသော ချွေးတို့ကို သုတ်လိုက်သည်။

"ကိုယ့်ရဲ့ ချော့ကလက်ရောင် ကြွက်သားအဖုအထစ်တွေကို ကြည့်ကာလေးတိုင်း ရင်ခုန်ကြတဲ့ဟာ၊ ယုန်လေးပြောမှပဲ ကိုယ်ရစရာမရှိတော့ဘူး၊ ညှာတာပါကွယ် ကိုယ်တောင်းဆိုတာပါ. . ပလိစ်. . ကိုယ့်ခံစားလှုပ်ရှားမှုကို စဉ်းစားပေးပါ"

"တစ်လကို သိန်းနှစ်ထောင်ဝင်တဲ့ Shopping mall ကြီး ပေးဆောင် နင့်ကိုလုံးဝမစဉ်းစားဘူး ငကြောင်ရဲ့"

သိုးပုကို ရင့်ရင့်သီးသီး ပြောပြီး ညီလင်းပဘက်ကိုလှည့်ကာ. .

"ကိုညီ ယုန်လေး မနက်ဖြန် ဘယ်အချိန်လာရမလဲ"

"အင်း. . မနက်စောစောလေးရောက်ရင် ပိုကောင်းမယ်"

"ဟာ. . သွားပါပြီ၊ ဒီညတော့ မအိပ်ရတော့ဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဒီည ကာဗာရိုက်ဖို့ရှိတယ်လေ"

"ဟုတ်လား"

"ဒါဆိုလည်း အဲဒီကအပြန် ဒီကိုပဲ တန်းလာလိုက်ရင် ကောင်းမယ်"

ယုန်လေး အရယ်မျက်နှာနှင့် အတင့်ရဲစွာပြောလိုက်သည်။

"ဘာလုပ်ဖို့"

"ဒီမှာပဲ အကဆက်ကျင့်တော့မှပေါ့လို့၊ ကိုညီနဲ့ နှစ်ယောက်လေ"

ညီလင်းပ ယုန်လေးစကားကြောင့် အသက်မပါသော အပြုံးတစ်ချက် လှစ်ခနဲပြုံးလိုက်သည်။ သိုးပု ထိုဂွင်ကို စောင့်နေသူပီပီ ယုန်လေးဆီမှ ထိုးနှက်ချက်တွေကို မကြားရမနေနိုင်သူလို. . .

"တကယ်လား. . အဟုတ် ဒါဆိုရင်လာခဲ့လေ သရဲခြောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြမယ်. . တစ်ခါတည်း ရင်ခုန်သွားစေရမယ်”

“သရဲအကြောင်းပြောတာ ရင်ခုန်စရာလား၊ ကြောက်စရာပဲ ကောင်းရမယ့်ဟာကို”

“အေးလေ. . ကြောက်စရာကောင်းတဲ့ သရဲအကြောင်း ပြော မှာပေါ့”

“အဲဒါနဲ့ ရင်ခုန်စရာလား၊ ဘာမှ ဆက်စပ်မှုလည်းမရှိပဲနဲ့”

မျက်စောင်းလှမ်းထိုးပြီး တွတ်ပွတွတ်ပွပြော၍ သိုးပု စပ်ဖြဲဖြဲ မျက်နှာနှင့် မကြည်သောယုန်လေးကို ငမ်းကြောထကာ. . .

“ဟာ. . ဘာလို့ဆက်စပ်မှုမရှိရမှာလဲ၊ ငါ သရဲအကြောင်းပြော ရင် နင်က ကြောက်မယ်လေ၊ နင်ကြောက်ရင် ငါက ဖက်ထားပေးမှာမို့ ရင်ခုန်စရာလေးတွေ ဖြစ်မသွားဘူးလား. . . ဟားဟားဟားဟား”

“သေလိုက်. . . အဲဒီမှာ ဆန့်ငင်ဆန့်ငင်လဲသေလိုက်၊ ကိုညီ တွေ့လား. . . ကိုညီတပည့် ယုန်လေးကိုမြင်ရင် ဗီလိန်လုပ်ဖို့ပဲ အမြဲ ချောင်းနေတယ်”

ညုတုတုလှမ်းတိုင်နေသော ယုန်လေးစကားကြောင့် သိုးပုကို အာရုံနောက်စွာ လှမ်းကြည့်သည်။

ထိုစဉ် ဘဲလ်မြည်လာသဖြင့် ခမ်းမထဲမှနေ၍ အိမ်ရှေ့ဧည့် ခန်းတံခါးမကြီးဆီသို့ ကဲကြည့်လိုက်သည်။ ညကလို လူမနိုပ်ပဲမြည် နေတာမဟုတ်၊ ကောင်မလေးတစ်ယောက် ရပ်နေတာကို တွေ့ရသည် မို့ ညီလင်းပ ခပ်သွက်သွက် လျှောက်လာလိုက်သည်။ ဟိုတစ်နေ့က ညက ကြွက်သေကို သဂြိုဟ်ခိုင်းတဲ့ ကောင်မလေး။ ဘုကလန့်ကျတဲ့ ကောင်မလေးမို့ ညီလင်းပပြုံး၍ မေးဆတ်ပြကာ. . .

“ဩော် မင်းကိုး. . ဘာကိစ္စရှိလို့လဲ”

“ရှင်တို့အိမ်က အရမ်းဆူညံတယ်”





“ဗျာ”

ဒုံ့ဒိုးပြောချလာသော ကောင်မလေး၏ စကားကြောင့် ညီလင်း ဘာပြန်ပြောရမှန်း ရုတ်တရက် မစဉ်းစားမိလိုက်ပဲ ဗျာလိုက်ခြင်း ဖြစ်သည်။ ကောင်မလေးပုံစံက ဘာကိုမှ မကြောက်မရွံ့သည့် ပုံစံမျိုးနှင့် ခါးကိုက်မိုက်ပုံ ပေါက်နေသည်။

“ဩော်. . ရှင့်နား ချို့ယွင်းနေတယ် ထင်တယ်”

“ဗျာ”

“ခက်ပြီ၊ ဒီမှာ. . ရှင်တို့အိမ်က သီချင်းတွေ အကျယ်ကြီးဖွင့် အသံတွေကလည်း ဆူညံနေတာပဲ ကျွန်မ စာရေးလို့မရဘူး၊ ဒါကြောင့် တိုးတိတ်တိတ် နေပေးပါ”

“မ. . မဟုတ်သေးဘူးလေ၊ သီချင်းသံတွေ ဆူညံအောင်ကြား ရတယ်ဆိုတာ ကိုယ်တို့အလုပ်လေ၊ မင်းအလုပ်က တိတ်ဆိတ်မှ အလုပ် ဖြစ်သလို ကိုယ်တို့အလုပ်က ဆူညံမှ အလုပ်ဖြစ်တာ”

“ဘာလဲ ရှင်တို့က နတ်ကတော်တွေလား”

“ကတာချင်းတော့ တူတယ်. . ဒါပေမဲ့ လိုင်းတူဘူး”

“ဘာလဲ စကားကိုရှင်းအောင်ပြော”

မျက်ဝန်းထောင့်ကပ်ကာ မကျေမချမ်းဖြစ်နေသော သူမလေး မျက်နှာပေါ်မှာ ရင်ကျက်မှုတွေတော့ သိပ်မတွေ့ရ. . .။

“နတ်ကတော်တွေလည်း ကကြခုန်ကြတာပဲလေ၊ ကိုယ်တို့အ လုပ်ကလည်း ကကြခုန်ကြတဲ့အလုပ်၊ အင်း. . မင်းကစာရေးဆရာ မ ဆိုတယ် ဝမ်းစာမပြည့်သေးတဲ့ စာရေးဆရာမျိုးထင်တယ်၊ ပြင်ပ အဟုသုတ သိပ်ရှိပုံမရဘူး”

“ဘာရှင့်”

“ဩော်ဟော်. . စိတ်မဆိုးပါနဲ့၊ ကိုယ်ဘယ်သူလဲဆိုတာ ဒီနား



www.burmeseclassic.com

www.burmeseclassic.com



ကလူတွေ အကုန်လုံးသိတယ် ဒါနဲ့မင်းက ဘယ်ကလည်း"

"ဘေးအိမ်က"

"အမ် . . ဘေးအိမ်မှာ လူမှမနေတာ"

"ခု နေနေပြီလေ"

"ဪဒါဆို ညက ကြွက်သေအကြောင်း စောင့်ပြောတာ မင်းပေ့ါ"

"ဟုတ်တယ်"

"ဒါဆိုလူသစ်တွေပေါ့၊ အင်းလေ . . မင်းက ကိုယ့်ကိုမသိဘူးဆိုတော့ ကိုယ်ကိုယ်တိုင် အောင်မြင်တဲ့ အနုပညာသမားတစ်ယောက်လို့ သတ်မှတ်လို့မရတော့ဘူး"

"ဘာလဲ . . ကြွားမယ်ဆိုရင်လည်း အဆုံးထိကြွား၊ ဟုတ်ကော့ကြီးမထားနဲ့ ပြော . . ရှင်ဘယ်သူလဲ ရှင့်ကို မြင်ဖူးသလိုလိုတော့ ရှိနေတယ်"

"ငါက အကပဒေ့ါဖက်ရှင်နယ် မော်ဒယ်လ်ညီလင်းပ"

ကောင်မလေး၏ ကြည်လဲ့လဲ့မျက်ဝန်းအစုံ တောက်ပသွားကာ မယုံသလို သေချာပြန်ကြည့်သည် ကြည့်တာမှ ခြေဆုံးခေါင်းဆုံးကို ကြည့်တာ တစ်ခါတည်းနှင့်မပြီး အပြန်ပြန်အလှန်လှန်ကြည့်တာ . . .

ညီလင်းပ တွန့်ခနဲဖြစ်ကာ ပေါင်နှစ်ဖက် ကျုံ့လိုက်ပြီး . . .

"ဟေ့ . . ဘာလို့အဲလောက် ကြည့်နေရတာလဲကွ"

"ရှင် ညာနေတာပါ မဖြစ်နိုင်ဘူး၊ ရှင် ညီလင်းပ လုံးဝမဟုတ်ဘူး"

"ဟောဗျာ . . ဒုက္ခပဲ ကိုယ်တကယ် ညီလင်းပပါ"

"ကျွန်မသိထားတဲ့ ညီလင်းပက ရှင့်လို လမ်းသရဲပုံ မပေါ်တ်ဘူး"





ရင်ဘတ်တွေ လက်မောင်းတွေမှာ တက်တူးစတေကာတွေ ကပ်ထားသော သူ့ပုံကိုကြည့်ပြီး မယုံသလိုပြောလာသည့်အပြင် သူမ အင်္ကျီအိတ်မှာ ထည့်ထားသော ဖုန်းကို ထုတ်လိုက်ပြီး . . .

"ဒီမှာတွေ့လား ကျွန်မက ညီလင်းပရဲ့ ပရိတ်သတ်၊ ဖုန်းထဲ မှာတောင် ဝေါလ်ပေပါ တင်ထားတာ သူ့ပုံကို . . ."

ကိုယ့်ကို ခရေဇီဖြစ်နေသော ထိုကောင်မလေးကြောင့် စိတ်ထဲမှာ ဘာရယ်မဟုတ် နွေးထွေးသွားသည်။

သိုးပုနှင့် ယုန်လေး ညီလင်းပအနားကိုရောက်လာသည်။

တခြားအကမော်ဒယ်လ်ဘွိုင်း နှစ်ယောက်သုံးယောက်ပါပြန်ဖို့ အပြင်ကို ထွက်လာကြရင်း . . .

"ကိုညီ ကျွန်တော်တို့ လစ်ပြီနော်"

"ဘိုင့် . . ဘိုင်"

"အိုကေ"

သူမလေး အခြေအနေကို အကဲခတ်သလို မျက်လုံးကလယ်ကလယ်နှင့်ကြည့်၏ ယုန်လေးနှင့် သိုးပုပါ ထွက်လာ၏။

"ကိုညီ ဘယ်သူလဲ ဧည့်သည်လား"

ချွဲပစ်ပစ်အသံနှင့်မေးလိုက်သော ယုန်လေးမျက်နှာပေါ်မှာ မနာလိုရိပ်တွေ ထင်းနေ၏။ သိုးပုကတော့ စူးစမ်းသလို လှမ်းကြည့်သည်။

"ဟုတ်တယ် ကိုယ့်ပရိသတ် စာရေးဆရာမတစ်ယောက်"

"ဒါဆိုလည်း အထဲခေါ်လေ ကိုညီရာ"

သိုးပုသတိပေးတော့မှ အိမ်ထဲခေါ်ဖို့ သတိရကာ ပျာယာခတ်သွားကြ၏။

ယုန်လေး မနှစ်မြို့သော အမူအရာနှင့် မသိမသာ မဲ့လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“ကဲ. . . ကိုညီ ယုန်လေးလဲ သွားတော့မယ် နတ်ကရာကြည့်
မောနေဖို့ အချိန်မရဘူး”

ယုန်လေး သူကျောပိုးအိတ်ကို ခပ်ဆောင့်ဆောင့်လွယ်ပြီး ဒေါက်ဖိနပ်သံ ခပ်ပြင်းပြင်းမြည်အောင် ထွက်သွား၏။

“ရှင် တကယ်ညီလင်းပလား”

“ဟုတ်ပါတယ် ကိုယ်ပြောတာယုံပါ”

“ဟုတ်တယ် ကိုညီက Dancerအက စတားတစ်ယောက်ပါ. . မယုံရင် မနက်ဖြန်ကပွဲရှိတယ် လာကြည့်”

“တကယ် ဘယ်မှာလဲ ကပွဲ”

“MICC မှာလေ”

“ဟယ်. . လာမယ် လာခဲ့မယ်”

အပြောင်းအလဲမြန်စွာ ခုန်ဆွခုန်ဆွလေး ဖြစ်နေသော သူမကို ညီလင်းပကြည့်လိုက်သည်။ စာရေးဆရာမပုံစံမပေါက် ဆယ်ကျော်သက် မြီးကောင်ပေါက်အရွယ်လေးလို ချစ်စရာကောင်း လွန်းနေ၏။

ထိုနေ့က အကခန်းမထဲတွင် ပါးစပ်ညောင်းလောက်အောင် စကားတွေဖောင်ဖွဲ့အောင်ပြောပြီး မိတ်ဆွေဖြစ် ဆိုင်းဘုတ်စိုက်ထူလိုက်ကြ၏။

ပွင့်လင်းပြီး ကလေးဆန်လွန်းသော ကောင်မလေးမို့ မှတ်မှတ်ရရ ဖြစ်သွားတာတော့ အမှန်ပင်။







# အခန်း(၅)



ပိန်ပိန်ဖြူဖြူကောင်မလေးသည် ချစ်စရာကောင်းပြီး ဖက်နမ်းချင်စရာ မျက်နှာလှလှလေး ပိုင်ဆိုင်ထားပြီး သူ့နာမည်သည် ကြာရိုးဖြူဟု သိရပြီးနောက် ညီလင်းပရင်ထဲမှာ ကြာရိုးဖြူမှ ကြာရိုးဖြူ တစ်ရိုးထဲ ရှိနေတော့၏။

ဘီယာခွက်ထဲမှာတောင် ကြာရိုးဖြူမျက်နှာ ပေါ်နေသလားပင်။

“ကိုညီ သရဲစာရေးဆရာမက ကိုညီကို တော်တော်ခင်နေပုံ ဖြစ်နေပုံရတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



သို့ပုစကားကြောင့် စတိတ်မန်နေဂျာ ကိုဝင်းခိုင် ငါးမုန့်ကြော်တစ်ချပ်ကို ဂွမ်းခနဲကိုက်ရင်း သို့ပုကို မျက်လုံးပြူးကြီးဖြင့် လှမ်းကြည့်၏။

“ဟမ်. . ဟမ်. . ဘယ်လို သရဲစာရေးဆရာ မဟုတ်လား”

“ဟုတ်တယ်”

“ဟာ. . ညီလင်းပတို့ မျက်နှာပွင့်ပုံများ တမလွန်ကသေပြီးတဲ့ မိန်းကလေးတောင် စွဲလမ်းခံရတယ်လို့”

“ဖူး. . . ဖလူး”

ထင်ရာကိုစွတ်ပြောလိုက်သော ကိုဝင်းခိုင်စကားကြောင့် အချို့ရည်ကို မော့သောက်လိုက်သော ညီလင်းပ သီးသွားသည်။

“အဟွတ်. . ဟွတ်. . ဟွတ်. . ကိုဝင်းခိုင်ကြီးကဗျာ ပြောလိုက်ရင် တစ်ဆုံးပဲ. . အဟွတ်. . အင်း”

သီးနေတုန်းမို့ ရင်ဘတ်ကို ခပ်ဖွဖွပုတ်ပြီး အပြစ်တင်စကားပြောလိုက်သည်။

“နို့မဟုတ်ဘူးလား၊ မင်းတို့ပြောတော့ သရဲစာရေးဆရာဆို”

“ဟာ. . မဟုတ်ဘူး၊ သို့ပုကလည်း ရှင်းအောင်ပြောလေကွာ သရဲဝတ္ထုတွေရေးတဲ့ စာရေးဆရာမလို့”

“ဩော်. . ဒီလိုလား၊ သူတို့ဖြင့် ရှင်းအောင်မပြောပဲနဲ့. . ဒါနဲ့လှလား၊ မင်းနားမှာ ရစ်နေတဲ့ မိန်းကလေးတွေရဲ့အလှက ထိပ်သီးအလှတွေနော်. . အားလုံးက ရှယ်လေးတွေ”

“အယ်. . . ကိုဝင်းခိုင်ကလည်း ကျွန်တော်တို့က မိတ်ဆွေအဆင့်ပါဗျာ”

“လှတယ်လို့လဲ ထည့်ပြောဦးလေ အမေးနဲ့အဖြေက ဟာမိုနီမဖြစ်ဘူး ဖြစ်နေတယ်”





သို့ပု အားမလိုအားမရဖြစ်ကာ ဘေးမှဝင်ထောက်ပေး၏။

“အင်း. . ဘယ်လိုပြောရမလဲ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်လေးနဲ့ မျက်နှာမှာ ဘာမိတ်ကပ်မှ မခြယ်သထားပဲနဲ့ ကြည်ကြည်ရှင်းရှင်းလေးကို လှတာ”

“ခိုက်တော့ ခိုက်သွားတယ်ပေါ့”

“အဟဲ. . ဟဲ. . ကျွန်တော့်ရင်ဘတ်က အသက်ရှူရိုက်လွဲပြီး နှလုံးသားရေးရာ စိတ်ဝင်စားခဲ့တာမဟုတ်ဘူး”

“ရိုးသားတယ်ပေါ့”

“ဟုတ်တယ် ရာနှုန်းပြည့် စံချိန်စံညွှန်းမီမီ ထောက်ခံနိုင်တယ် ကိုဝင်းခိုင်၊ ကျွန်တော် တကယ်ရိုးသားခဲ့တာပါ”

“ဒါပေမယ့် ဟိုစာရေးဆရာမလေးနဲ့ကျတော့ မရိုးသားတော့ဘူးပေါ့ ဟုတ်လား. .၊ အဟီး ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ သဘောကျတယ်၊ ကျွန်တော်တို့ အသိုင်းအဝိုင်းထဲက မိန်းကလေးတွေနဲ့ မတူဘူး ပုံစံတစ်မျိုးလေး ထွက်နေတယ်. . ဟဲဟဲဟဲ”

ချီးမွမ်းခန်းတွေ ဆက်ဖွင့်နေသော သို့ပုကို ညီလင်းပ ခပ်စောင်းစောင်း ကြည့်လိုက်ပြီး. . .

“မင်းသဘောမကျတာ ဘာရှိသေးလဲ သို့ပုရာ လမ်းဘေးတဆွေးမကို ကာချယ်ဆိုးပန်းပန်ပေးရင်တောင် မင်းသဘောကျမှာ မဟုတ်လား”

ညီလင်းပ ခပ်ရွဲ့ရွဲ့ပြောလိုက်သဖြင့် ကိုလင်းခိုင် ဘေးမှာနားထောင်ရင်း ရယ်လိုက်သည်။

သို့ပု ဘာစကားမှ ထပ်မဟရဲတော့. . .

“ဘာပဲဖြစ်ဖြစ် ဒီအိမ်ကကျယ်တော့ အကခန်းမရော ဆွဲထားလိုက်တာ အဆင်ပြေတာပေါ့၊ ဒီနေရာနဲ့ မင်းအလုပ်နဲ့ အံကိုက်ပဲ”



www.burmeseclassic.com

www.burmeseclassic.com






"အံမကိုက်တာ တစ်ခုရှိတယ်"

သိုးပုစကားကြောင့် ကိုဝင်းခိုင်လှမ်းကြည့်ပြီး မေးဆတ်ကာ. .

"ဘာမကိုက်တာလဲ"

"ကျွန်တော်တို့က သရဲကြောက်တတ်တယ်လေ"

ကိုဝင်းခိုင်မျက်မှန်ကြီးပင့်ကာ စိတ်ဝင်စားသွားပုံဖြင့်

"ဟေ. . ဘယ်လို၊ သရဲကြောက်တယ်ဟုတ်လား. . ဒါဆိုရင် ဒီအိမ်က သရဲခြောက်လို့လား"

"အင်း. . ဟုတ်တယ်"





"ဘယ်လို အခြောက်ခံရလဲ၊ အမွေးရှည်ရှည်ကြီးတွေနဲ့ ပုံဆိုးဆန်းဆိုးကြီးတွေ အခြောက်ခံရတာလား"

"မဟုတ်ပါဘူး ကိုဝင်းခိုင်ရာ. . အိမ်ရှေ့လူခေါ်ဘဲလ်ကို လာလာတီးရုံပါ။ ဒါဟာလည်း သရဲဖြစ်ချင်မှဖြစ်မှာပါ။ တစ်စုံတစ်ယောက်က လာနောက်တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

ညီလင်းပ ဝင်၍ရှင်းပြလိုက်သည်။

"ဪ. . ဒီလိုလား"

"တင်းတောင်. . တင်းတောင်. . တင်းတောင်"

ထိုစဉ် လူခေါ်ဘဲလ်သံက မြည်လာသည်။

သုံးယောက်စလုံး အကြည့်ချင်း ပြိုင်တူစုံလိုက်ကြသည်။

သိုးပုကစတင်၍. . .

"တွေ့လား ကျွန်တော်မပြောဘူးလား"

"ခုမှ ဆယ်နာရီတောင် မထိုးသေးဘူး တစ်ယောက်ယောက် လာတာလဲဖြစ်မှာပေါ့"

ညီလင်းပ ပြောပြောဆိုဆိုဖြင့် စားပွဲဝိုင်းမှထကာ အိမ်ရှေ့တံခါးဆီသို့ ထွက်လာ၏။ ကိုဝင်းခိုင်ပါ ညီလင်းပနောက်မှ ထလိုက်လာခဲ့၏။

တံခါးမဖွင့်မချင်း အဆက်မပြတ်တီးနေသော ဘဲလ်သံကြောင့် ညီလင်းပစိတ်ထဲ ဒေါသ်သည်ဟုမထင်တော့ ဒေါသ်သည်ဆိုလျှင် တစ်ခါနှစ်ခါလောက် တီးပြီး တံခါးဖွင့်အပေးကို ရပ်စောင့်နေမှာပေါ့. . .။

ယခု ဘဲလ်တီးနေပုံက သိပ်မူမမှန် ဒါဆိုသေချာပြီ၊ ဟိုအရင်ညတွေကလို ဘဲလ်သရဲခြောက်တာပဲဖြစ်ရမယ်။

"ကျွတ်. . တော်တော်အနှောင့်အယှက် ပေးတာပဲကွာ"

တံခါးလက်ကိုင်ဘုကိုကိုင်ပြီး တွေတွေကြီးရပ်ကာ. . .တစ်ယောက်တည်း ညည်းတွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်လေ. . ညီလင်းပ၊ အဲဒီဘဲလ်ကြောင့် ငါတို့နားတွေ ကွဲထွက်တော့မယ်"

"ကျွန်. . ကျွန်တော်မဖွင့်ချင်ဘူး"

ဖြူဖွေးနေသော ညီလင်းပ မျက်နှာကြည်ကြည်ပေါ်မှာ ချွေးစတွေ ထွက်လာသည်။

"ကဲ. . . ငါဖွင့်မယ်ကွာ ဖယ်"

စိတ်မြန်လက်မြန်ရှိသူ ကိုဝင်းခိုင် ညီလင်းပလက်ကို ဖယ်ပြီး တံခါးလက်ကိုင်ဘုကို ဆွဲလှည့်ပြီး ဖွင့်လိုက်သည်။

"ဟင်"

ကိုဝင်းခိုင်၏ ဟင်ခနဲအသံကြောင့် ဘာမှရှိမှာမဟုတ်ဘူးလို့ ထင်ထားသောအတွေးတွေ ဖျတ်ခနဲပျောက်ကာ ဝင်ပေါက်ဝကို ကြည့်လိုက်သည်။

"ဟင်. . . မင်း"

"ကိုညီလင်းပ ကျွန်မကို ကူညီပါဦး"

တုန်တုန်ယင်ယင်ဖြင့် တစ်ခုခုကို ရင်ဆိုင်လာရပုံမျိုး အထိတ်တလန့် အကူအညီတောင်းနေသော ကြာရိုးဖြူကိုမြင်တော့ ကြောက်စိတ်ဟု ခေါ်၍မရသော မဝံ့မရဲစိတ်တွေ အလျှဉ်းမရှိတော့ပဲ. . .

"ဘာဖြစ်လို့လဲ ဘာကူညီရမလဲ"

ကြာရိုးဖြူဟာ အရေးတကြီးဖြင့် အကူအညီ တောင်းလာသည်မို့ ကိုယ်ကလည်း ပျာပျာသလဲ ပြန်မေးလိုက်သည်။

"အိမ်. . အိမ်မှာ. . သူခိုးဝင်နေလို့"

"ဟမ်"

သူခိုးဆို၍ ညီလင်းပ တွန့်သွားသည်။ ဒီအခန်းက ဟီးရိုးလုပ်ပြရမည့်အခန်း တစ်သက်နှင့်တစ်ကိုယ် ရန်ဖြစ်ဖူးခဲ့တာမဟုတ်သည့်





အတွက် ဒီသူခိုးကို ဘယ်လိုရန်သွားဖြစ်မလဲ. . .

ယောက်ျားဖြစ်ပြီး သရဲဘောကြောင်တယ်ပဲပြောပြော သတ္တိမရှိဘူးပဲဆိုဆို. . .

"လုပ်ပါ မြန်မြန်လေးလာပါ"

"ကို. . ကိုဝင်းခိုင် ဘယ်လိုလုပ်ကြမလဲ"

"အမ်. . အဲ. . သွား. . သွားချကြတာပေါ့ကွာ၊ လာငါတို့အားလုံး သွားကြမယ်၊ သိုးပုလာဟော့ သွားမယ်"

တစ်ဆက်တည်းမှာပင် သိုးပုကိုပါ လှမ်းခေါ်လိုက်သည်မို့ သိုးပု အတွင်းခန်းဘီယာဝိုင်းက ခပ်သုတ်သုတ်ထွက်လာ၏။

"ဘာလဲ. . ဘာဖြစ်လို့လဲ၊ ဘယ်သူလဲ ဘယ်သွားမှာလဲ"

ဘာတွေ ဘယ်တွေလဲတွေပါသော မေးခွန်းတွေကို အသက်ရှူတမ်း မေးလာသည်။

"ဟာ. . မင်းကိုရှင်းပြဖို့ အချိန်မရှိဘူး လာသွားမယ်"

အရှေ့က အားကျိုးမာန်တက်ထွက်သွားသော. . ကိုဝင်းခိုင် နောက်မှ ညီလင်းပရော သိုးပုပါ လိုက်ခဲ့ကြသည်။

ခြံဝတောင်မရောက်သေး ကိုဝင်းခိုင်ခြေလှမ်းတွေ တုံ့သွားကာ

"အဲ. . . နေဦးကွာ သူခိုးကို ဒီအတိုင်းရင်ဆိုင်လို့ မဖြစ်သေးဘူး။ သူ့ကိုဆော်ဖို့ တုတ်တို့ ဘာတို့လိုတယ်ကွ"

"မပူနဲ့. . မပူနဲ့. . အဲဒါတွေအားလုံး အိမ်မှာရှိတယ်၊ မြန်မြန်လာပါ။ သူခိုးက အိမ်ထဲမှာ မွှေနေလောက်ပြီ၊ ကျွန်မတောင် အိမ်ထဲက ထွက်လာမြန်လို့ နို့မို့ဆို သူ ကျွန်မကို အလွတ်ပေးမှာမဟုတ်ဘူး"

"ဟေ. . ဟုတ်လား၊ အေးအေး. . ဒါနဲ့ သူခိုးက ဗလတောင့်သလား"

ကိုဝင်းခိုင် ခပ်သုတ်သုတ်လျှောက်ရင်း အရှေ့ကြီးတာတို့



www.burmeseclassic.com

www.burmeseclassic.com



အရင်မေးလိုက်ရသည်။

"တောင့်တယ်. . တောင့်တယ်. . ဝဝဖိုင့်ဖိုင့် အရပ်ရှည်ရှည်နဲ့ ဗီဒီယိုထဲကလူကြမ်းတွေလိုရုပ်မျိုး ဆေးမှင်ကြောင်တွေလဲ ထိုးထားတယ်"

"ဟမ်"

ကိုဝင်းခိုင်အသံက အိမ်မြှောင်အားမရှိပဲ စုတ်ထိုးနေသလို ညောင်နာနာဖြစ်သွားသည်။ ခပ်သွက်သွက်လှမ်းနေသော ခြေလှမ်းတွေက မသိမသာနှေးသွားသည်

"အဲဒါမှဒုက္ခ ငါကမွေးရာပါ နှလုံးရောဂါရှိတယ်"

"ကိုဝင်းခိုင်ကလည်း ခင်ဗျားမှာတင်ရှိတာလား ကျွန်တော်တို့မှာလည်းရှိတာပဲ"

"ဟကောင်ရ. . ငါကနှလုံးရောဂါသမားကွ"

ကိုဝင်းခိုင်နှင့်သိုးပု ကြောက်ချီးပါနေသော အသံဖြင့် အီညွတ်အီညွတ်ပြောနေကြသည်။ ညီလင်းပကတော့ ဘာမှပြောမနေတော့ ကောင်မလေးရှေ့မှာ ကြောက်ပြနေလျှင် ကိုယ့်တန်ဖိုးကို ကိုယ်ခြေနှင်းနင်းခြေပြသလိုဖြစ်မည်စိုး၍ ဘာစကားမှမပြောပဲ အသံတိတ် လိုက်လာခဲ့လိုက်သည်။ စိတ်ထဲမှာတော့ တော်တော်လေးလှုပ်ရှားနေတာတော့ အမှန်။

ကိုယ့်လက်တွေက ကကွက်တွေကိုပဲ ဖန်တီးတတ်တာ၊ လူတစ်ယောက်ကိုနာကျင်အောင် လက်သီးနဲ့ထိုးဖို့ဆိုတာ အိပ်မက်တောင်မက်ဖူးခဲ့တာမဟုတ်. . .။

ဘေးကိုဝေ့ကြည့်လိုက်တော့ ကြာရိုးဖြူက ကိုယ့်ကိုအားလုံးပုံပြီး အားကိုးနေဟန်ဖြင့် ကိုယ့်လက်မောင်းကိုပင် ဆုပ်ကိုင်ထားလိုက်သေးသည်။





ကဲ. . ရှိစေတော့၊ ဒီတစ်ညတော့ ဘဝမှာ တစ်ခါမှမလုပ်ဖူးတဲ့ သင်ကို ကောင်မလေးရှေ့ လုပ်ပြရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)



"ဟင်. . ဒီအိမ်ကြီးထဲမှာ မင်းတစ်ယောက်ထဲနေတာလား"

ကိုဝင်းခိုင်တစ်ယောက် မှောင်နှင့်မည်းမည်းထဲမှာ ကြီးမားအို မင်းနေသော အိမ်ကြီးကိုကြည့်ပြီး တအံ့တဩမေးလိုက်သည်။

"ဟုတ်တယ် ရှုးတိုးတိုး၊ ခြေသံကိုလုံလုံနင်း သူခိုးကြားသွား ရင် သူဘက်ကစပြီး လက်ဦးသွားလိမ့်မယ်"

တကယ်တမ်းအိမ်ထဲကို ဦးဆောင်ဝင်လာသူက သူမကိုယ် တိုင်ပင် သူမနောက်မှ လိုက်လာသူက ကိုဝင်းခိုင်၊ ကိုဝင်းခိုင်နောက်မှ ပါလာသူက. . ညီလင်းပ နောက်ဆုံးမှာ ခပ်ကုပ်ကုပ်လိုက်လာသူက သိုးပု. . .





ညီလင်းပ၏ အကျႌနောက်ကျောကို ကြောက်ကြောက်လန့် လန့်နှင့် ဆုပ်ကိုင်ထားသော သိုးပုပုံစံမှာ ခြေထောက်တောင် သိပ်ခိုင် ခိုင်ပုံမရ၊ သူခိုးနှင့်ရင်ဆိုင်ဖို့ တော်တော်လေး သွေးပျက်နေပုံမျိုး. . .

အားလုံး၏ ခြေလှမ်းတွေသည် ကြောင်ပြားခြေလှမ်းတွေလို သိုသိပ်တိတ်ဆိတ်လွန်းလှသည်။

တိတ်ဆိတ်သောညမှာ အားလုံး၏အသက်ရှူသံခပ်ပြင်းပြင်း သည်သာ၍ တိတ်ဆိတ်နေ၏။

"ဟော့. . သူခိုးက ဘယ်မှာလဲ ဘာသံမှလည်း မကြားရဘူး ပြန်သွားပြီထင်တယ်"

"မပြန်လောက်သေးပါဘူး ကျွန်မ အခန်းတံခါးလော့ခ်ချ ခဲ့တယ်"

"ဩော် ဒါဆိုရင် မပြန်သေးဘူးမင်းတံခါးဖွင့်ပေးမှ သူပြန်ရ မှာပေါ့"

ကိုဝင်းခိုင် လေသံမှုဉ်းမှုဉ်းနှင့်ပြောပြီး အိမ်ပေါ် ထပ်သို့ လှေ ကားထစ်တွေကို ခပ်ဖွဖွနင်းပြီး ကြွက်မြီးတန်းကြီးလို တန်းစီပြီး တက်ခဲ့ ကြသည်။

သူခိုးက ဘယ်ဆီနေမှန်းမသိ သူတို့စိတ်လှုပ်ရှားနေပုံကို ကြည့် ရသော လျှို့ဝှက်သဲဖိုဇာတ်ကားတစ်ကား ထိုင်ကြည့်နေရသလို ဖြစ်နေ သည်။

"အဲဒီအခန်းထဲမှာ သူခိုးရှိတယ်"

သူမညွှန်ပြသော အခန်းဝနားသို့. . . ခပ်ဖွဖွခြေသံတွေဖြင့် လျှောက်သွားကြ၏။

"ဟား. . ဟား. . ဟ. . ဟ. . ခွီး. . ခွီး. . ခွီး. . ယား. . ား. . တယ်. . ခစ်. . ခိခိ. . ခိ. . ဟီး. . ဟီး. . ယီး. . အန့်. . အန့်. .



www.burmeseclassic.com

www.burmeseclassic.com



အီး. . ”

အခန်းထဲမှ ခွက်ထိုးခွက်လှန်ရယ်သံကြီး ထွက်လာသဖြင့် အားလုံး ကြောင်အမ်းအမ်းဖြစ်ကာ ညမီးသီးရောင် ပြာလဲ့လဲ့အောက်တွင် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ဘာသံလဲဟုဆိုသော အဓိပ္ပါယ်ဖြင့် မေးဆတ်ပြကြသည်။

ညီလင်းပ ပြုံးကြောင်ကြောင်ဖြင့် ကိုဝင်းခိုင်အမေးကို ခေါင်းခါပြသည်။

“ဦးတီပွားရယ်သံကြီးလားဟေ့. . မင်းဖုန်းမြည်သံတွေ နာရီ Alarm ပေးထားတာတွေလား”

“အို. . ဘယ်ကဖုန်းမြည်သံရမှာလဲ၊ အဲဒါ သူခိုးရယ်သံဖြစ်ရမယ်”

“အယ်. . သူခိုးက သူ့အလုပ်သူမလုပ်ပဲ ဘာလို့ ထိုင်ရယ်နေတာလဲ”

ဒီတစ်ခါ သိုးပု အသံညှောင်ညှောင်လေးဖြင့် မေး၏။

“ဘယ်သိမှာလဲ သူ့ဟာသူရယ်စရာတွေ့လို့ ရယ်တာနေမှာပေါ့”

ညီလင်းပ ထိုသို့ပြန်ပြောလိုက်ပြီး သူမဘက်ကိုလှည့်ကာ. . .

“ရယ်စရာဘာတွေ့စရာရှိလဲ ဒါမှမဟုတ် မင်းနဲ့ပတ်သက်တဲ့ အတွင်းပစ္စည်းတစ်ခုခု၊ ဥပမာ ဓါတ်ပုံတွေဘာတွေ တွေ့သွားပြီး ပျော်လွန်းလို့ ထရယ်တာများလား”

ညီလင်းပအမေးကြောင့် သူမ ကိုယ်လေးကျုံ့သွားကာ ရှက်အမ်းအမ်းမျက်နှာလေးဖြင့်. . .

“အို မဟုတ်တာ. . ဘာမှတွေ့စရာအကြောင်းမရှိဘူး”

တစ်ယောက်တစ်ပေါက် ပြောနေကြစဉ်မှာ ရယ်သံကလည်း





ရပ်မသွား ပို၍ပင် အသံကျယ်လာပြီး သူတို့အားလုံးပါ ရယ်ချင်စိတ်ကိုယ်စီ ဖြစ်သွားကြသည်။

“ခွီးဟီးဟီး. . သူရယ်တာကြားပြီး ငါတောင်ရယ်ချင်လာပြီ၊ အားရပါးရကို ရယ်နေလိုက်တာ အားကျစရာကြီး၊ ကေနွှ ပစ္စည်းခိုးရင်း ဟာသခွေ ထိုးကြည့်နေတယ်ထင်တယ်၊ သေသေချာချာ သိရအောင် ငါတို့ တံခါးဖွင့်ကြည့်လိုက်မယ်. . ”

ပြောပြောဆိုဆို ကိုဝင်းခိုင် တံခါးလက်ကိုင်ဘုကို ကလစ်ခနဲမြည်အောင် ဆွဲလှည့်ဖွင့်လိုက်သည်။

“ဟင်”

“ဟာ”

“အယ်. . ဘာလဲဟ ဘလိုင်းကြီး ထိုင်ရယ်နေတယ်”

ဝဝဖိုင့်ဖိုင့် သူခိုးကြီးမှာ ခုတင်ဘေးကြမ်းခင်းတွင် ခြေဆင်းထိုင်ပြီး ခုတင်ကိုမှီကာ တီကောင်ဆားတွန့်သလို ခန္ဓာကိုယ်ကိုတွန့်လိမ်ပြီး အမျှဉ်းမပြတ် ရယ်နေ၏။

နှပ်ရည်တွေ သွားရည်တွေတောင် ကျလို့. . .

ညီလင်းပတို့ အခန်းထဲဝင်လာတာကို တွေ့သည့်တိုင်အောင် လက်ကလေးယပ်ပြီး ခေါ်တာကလွဲ၍ ဘာမှတုံ့ပြန်မှုမရှိ. . .

“သူ. . သူဘယ်သူလဲ”

ကိုဝင်းခိုင်အမေးကို သူမ မျက်လုံးအပြူးသားဖြင့် ခေါင်းခါပြီး. . .

“အို. . သူခိုးပါဆိုမှ ဘယ်သိမှာလဲလို့”

“အေး. . ဒါလဲ ဟုတ်တာပဲ”

“ပုံစံကြည့်ရတာ ဒီသူခိုး ဝက်ရူးပြန်နေတာများလား”

သွားရည်တမြားမြားဖြစ်နေသော သူခိုးကြီးကိုကြည့်ပြီး ညီလင်း



www.burmeseclassic.com

www.burmeseclassic.com



ပ ထင်ကြေးဖြင့် ပြောလိုက်သည်။

"ဟုတ်မယ်ထင်တယ် ပစ္စည်းခိုးဖို့လုပ်ရင်း ရောဂါဖောက်လာတာဖြစ်မယ်"

ခြေထောက်ကိုကြမ်းခင်းနှင့် တဒုန်းဒုန်းဆောင့်ကာ သတိလက်လွတ်ရယ်မောနေသော ထိုလူကို ဝိုင်းအုံကြည့်ပြီး ညီလင်းပတို့ ဘာလုပ်ရမှန်းမသိ ကြိုးပဲတုတ်ရမလား ဆေးရုံပဲ တရွတ်ဆွဲခေါ်သွားရမလား။

"ကိုဝင်းနိုင်ကြီး ဒီလူအူတက်မတတ်သာရယ်နေတာ တော်တော်လေး မောနေပုံပဲဗျ"

"ဒါဆို. . ရေခဲသေတ္တာထဲက ရေယူတိုက်လိုက်"

"အီး. . ဟီး. . ဟီးဟီး. . သူခိုးကို အမောပြေရေတိုက်ရမယ်ပေါ့"

သိုးပု ရွဲ့ပြောလိုက်သော ကိုဝင်းနိုင်စကားကို သဘောတကျရယ်၏။ ညီလင်းပ ထိုသို့ရပ်ကြည့်မနေနိုင်တော့၍ ထိုလူကြီးနားသို့ မရဲတရဲ လျှောက်သွားကာ. . .

"ဟေ့လူ. . ဟေ့လူကြီး. . သတိထားဦး၊ ခင်ဗျား ဆက်ရယ်နေရင် အမောဆို့ပြီး အသက်ထွက်သွားမယ်"

ထိုလူကြီးပခုံးကို ပုတ်ပြီး မရဲတရဲသတိပေးလိုက်သည်။

"ဟား. . ဟား. . ဟီး. . ဟီးဟီး. . အီး. . အင်း. . အင်းအဲ. . အဲ. . ကယ်. . ကယ်ပါဦး. . ငါ့ကို ကလိတွေထိုးနေတယ်"

ထိုလူကြီး နှပ်ရည်တရွဲရွဲ မျက်ရည်တရွှဲရွှဲနှင့် ရယ်ခြင်းကို မနည်းအရှိန်သတ်ထားပုံဖြင့် အသက်ကိုခပ်ပြင်းပြင်းရှူရင်း ညီလင်းပကို ရှိခိုးမတတ် တောင်းပန်၏။

ထိုလူကြီးစကားကြောင့် အားလုံးမရှင်းလင်းသော ပုစ္ဆာကို အပြိုင်ဖတ်လိုက်ကြပြီး မျက်လုံးလေးကလယ်ကလယ်နှင့် အကြည့်ချင်းဆုံ





လိုက်ကြ၏။

"ဟေ့လူ ခင်ဗျားညာဏ်နီညာဏ်နက်တော့ မများနဲ့၊ ပြေးပေါက်ပိတ်သွားလို့ ဂွင်ဆင်တာမဟုတ်လား"

ဒီအခြေအနေဟာ ညီလင်းပအတွက် ဟီးရိုးလုပ်ဖို့အကောင်းဆုံးအခွင့်အရေးဖြစ်သည်မို့ အတည်ပေါက်နှင့် ဟောက်ပစ်လိုက်သည်။

"မညာရပါဘူး ငါက သူများပစ္စည်းပဲခိုးတတ်တာပါ ညာမပြောတတ်ပါဘူး တကယ်ပါ ယုံပါ"

"ဟေ့လူ ခင်ဗျားညာနေတာ လုံးဝပေါ်တင်ကြီးနော်"

တစ်ဖက်က တောင်းပန်တိုးလျှိုးနေသဖြင့် ညီလင်းပ ပို၍တင်းသာပုံဖြင့် ထိုလူကြီး၏ အကျီလည်ပင်းစကို ဆောင့်ဆွဲလိုက်သည်။

ထိုလုပ်ရပ်သည် ဖိုက်တင်ပလေးရသော အလုပ်ထက်စာလျှင်အများကြီး သက်သောင့်သက်သာ ရှိပါသည်။

"မပေါ်တင်ပါဘူး တကယ်ပါ အဒိန္နာဒါနာအမှုကို ကျူးလွန်သမယ့် မုသာဝါဒါကိုတော့ မဖောက်ပြားပါဘူး၊ ယုံပါ. . ယုံကြပါ. . ဒီဒီမှာ သရဲရှိတယ်. . သရဲရှိတယ်၊ ဒီကနေ ကျုပ်ကို ထွက်ခွင့်ပေးပါ"

"မပေးဘူး ခင်ဗျားကို စခန်းပို့မယ်"

ညီလင်းပ တမင်ပင်ခြိမ်းခြောက်လိုက်၏။ သူခိုး တော်တော်သေးလန့်သွားပုံဖြင့် ညီလင်းပရှေ့မှာ မော့ပြီး. . .

"တောင်းပန်ပါတယ်. . တောင်းပန်ပါတယ်ဗျာ၊ စခန်းတော့မပို့ပါနဲ့ ကျုပ်သာထောင်ကျရင် အိမ်မှာအမေအိုလေးယောက်ကို ဘယ်သူမှာကျွေးမတုန်း ဘိုးဘွားရိပ်သာလဲပို့ရအောင် ငွေမှမရှိလေတော့ အမေအိုလေးယောက်ငတ်ပြီး သေကိန်းဆိုက်ကုန်မှာပေါ့"

"ဟေ့လူ. . မုသာဝါဒမပြောဘူးလဲဆိုသေး ခုပြောနေပြီလေ ခင်ဗျားအိမ်မှာ အမေလေးယောက်တောင်ရှိတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းခိုင် အမေလေးယောက်ဆို၍ စိတ်ဝင်စားသွားသည်မို့ ကြားဖြတ်မေးလိုက်သည်။

"အမေလေးယောက်ရှိတာ တကယ်ပါ. . ကျွန်တော့်အဖေက မိန်းမလေးယောက်တစ်ပြိုင်တည်းယူပြီး ခုတော့ လူ့လောကထဲက ထွက်သွားပြီ၊ ဒါကြောင့်အဖေ့တာဝန် ကျုပ်ထမ်းနေရတာပေါ့ဗျာ. . အီး. . ဟီး. . ဟီး"

"ဩော်. . တော်တော်လေး သနားစရာကောင်းပါ့၊ ဒီမှာ ရှင် ဉာဏ်နီဉာဏ်နက်မများနဲ့တော့၊ ကဲပါ ကိုညီလင်းပရယ် စခန်းကိုသာ ဖုန်းဆက်ခေါ်လိုက်ပါတော့"

သူမပြောပြောဆိုဆို စာပွဲပေါ်မှဖုန်းကို လှမ်းယူလိုက်သည်။

"အောင်မလေး ရှိကြီးအကြိမ်တစ်ရာခိုးပါရဲ့ မလုပ်လိုက်ပါနဲ့"

သူခိုးမှာ ညီလင်းပကို ခြေသလုံးဖက်တောင်းပန်သည့်အနေဖြင့် ဘောင်းဘီတိုဝတ်ထားသော ညီလင်းပ၏ခြေအစုံကို လှမ်းအဖက် ခါးမှဘောင်းဘီမှာ အောက်သို့လျှောခနဲ ကျွတ်ကျလာ၏။ ညီလင်းပ တစ်မိနစ်လောက် မတ်တပ်မေ့သလိုဖြစ်သွား၏။

"ဟာ. . ဟော့. . ဟော့လူ. . ကျွတ်. . ကျွတ်ပြီဗျ"

"အင်"

"ဟယ်. . အမလေး ပေါ်ကုန်ပြီ"

သူမဖုန်းလေးကိုင်ပြီး ကြောင်တက်တက်ဖြစ်သွားသည်။ လက်မှလည်း ကင်မရာခလုတ်ကို နှိပ်မိလျက်သားဖြစ်သွားကာ ညီလင်းပ၏ ဘောင်းဘီကျွတ်ကျသော ပုံကြီးမှာ ဖုန်းထဲတွင် ထင်ထင်ရှားရှားကြီး ပေါ်လာ၏။

သို့ပု ဖုန်းထဲမှ ထိုပုံကိုမြင်သွားပြီး အံ့ဩကာ ဟသွားသော





ပါးစပ်ကို အချိန်မီမအော်မိစေရန် ဘရိတ်အုပ်လိုက်၏။

အားလုံးရုတ်တရက်ဖြစ်သွားသော အဖြစ်အပျက်ကြောင့်. . ဦးအားထက် ရယ်အားသန်ကုန်ကြသည်။ ကိုဝင်းခိုင်ဆိုလျှင် ခါးကိုကိုင်းတိုင်းပြီး အော်ရယ်တော့၏။



"ဟော့ကောင်. . ဟားဟားဟား. . ပြန်မတင်တော့လေ တော်သေးတာပေါ့ကွာ အတွင်းခံဘောင်းဘီဝတ်ထားပေလို့ပေါ့. . ဟားဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား"

သူခိုးမှာ သူ့ကြောင့်အရှက်တကွဲ အကျိုးနည်းဖြစ်သွားသဖြင့် လက်အုပ်လေးချီကာ. . .

"တောင်းပန်ပါတယ် မရည်ရွယ်ပါဘူး. . တောင်းပန်ပါတယ် မရည်ရွယ်ပါဘူးဗျာ"

တောင်းပန်စကားကို ပါးစပ်မှ တတွတ်တွတ်ပြောကာ ထူပူပြီး ခန္ဓာကိုယ်မှာ ဝိညာဉ်မရှိတော့သလိုလို စိတ်လွတ်နေသော ညီလင်းပ၏ ခါးပေါ်မှ ကျွတ်ကျနေသော ဘောင်းဘီကို ပြန်ဝတ်ပေးရှာ၏။

သူပြုခဲ့မိတဲ့အမှားတစ်ခုကို သူပြန်ပြီး တာဝန်ယူရမည်မှန်း သူသိသည်။ ဒီတော့မှ ညီလင်းပ ရှက်စိတ်ကြောင့် ထူပူနေသော အာရုံထဲသို့ အသိစိတ်ဝင်လာပြီး. . .

"ဟော့လူ. . ခင်. . ခင်ဗျားအရမ်းလွန်သွားပြီနော်"

အသားတွေ တဆတ်ဆတ်တုန်ပြီး သူခိုးကို လက်ညှိုးတထိုးထိုးနှင့် မီးပွင့်မတတ်ကြည့်ပြီး ပြောလိုက်၏။

ကောင်မလေးရှေ့မှာမှ ဒီလိုကံဆိုးတဲ့ အရှက်ကွဲမှုမျိုး ဖြစ်ရတယ်လို့. . .

"ကဲပါ. . ဒေါသကိုလျှော့ပါတော့ကွာ ဒီသူခိုးလည်း စခန်းပို့မနေပါနဲ့တော့၊ ကိုယ့်ပစ္စည်းလဲ ဘာမှပါတာမှ မဟုတ်တာ"

ကိုဝင်းခိုင်ကြားထဲမှဝင်၍ ဆုံးဖြတ်ချက်ချလိုက်သည်မို့ စခန်းပို့ဖို့ ဘယ်သူမှထပ်ပြီး စောဒကမတက်တော့. . .

"ကဲ. . သူခိုး ရှင့်ကို ဒီတစ်ခေါက်တော့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ ရှင်သူခိုးထပ်လုပ်မယ်ဆိုရင်တော့ ထောင်ထဲကိုကျိန်းသေရောက်လိမ့်မယ်"

သူမ သတိပေးခြင်းကို သူခိုး ဖက်ကျိုးကျမတတ်ခေါင်းတဆတ်ဆတ်ညိတ်ကာ. . .



"ဟုတ်ကဲ့. . ဟုတ်ကဲ့ပါခင်ဗျာ၊ ဒီကျေးဇူးကို တစ်သက်မမေ့ပါဘူး"

"သွား. . ခင်ဗျား ဒီအိမ်ထဲက ခုချက်ချင်းထွက်သွားတော့၊ ခင်ဗျား မျက်နှာကြီးမြင်ရင် ကျုပ်လူသတ်မိလိမ့်မယ်"

ညီလင်းပ ဒေါသအရှိန် မပြေသေးဟန်ဖြင့် လက်သီးတရွယ်ရွယ်လုပ်ကာ သူခိုးကို အိမ်ထဲမှ နှင်ထုတ်လိုက်သည်။

ခက်တာက သူခိုးသည် တဟားဟား အူပွင့်မတတ်ရယ်ထားရသွန်း၍ လားမသိ မြုန်းခနဲ ထမည်လည်းဆိုရော ထ၍မရတော့. . .

"အဲ. . အ. . ခါး. . ခါးဘာဖြစ်လဲမသိဘူး ထလို့မရဘူး"

"ထလို့မရလဲ ဒီမှာပဲနေလိုက်တော့"

တမင်ပင်ရွဲ့ပြောလိုက်သော ညီလင်းပစကားကြောင့် ကောင်မလေးလန့်သွားကာ. . .

"အို. . အဲဒါတော့ ဘယ်ဖြစ်မလဲ၊ ဒီအခန်းက ကျွန်မအခန်းလေ"

တ်တယ်လေ. . ဒါပေမဲ့ သူမှမထနိုင်တော့တာ"

"မထနိုင်ရင်လည်း အိမ်အပြင်ကို တရွတ်ဆွဲပြီးခေါ်သွားပေးကြပါလား၊ လုပ်ပါရှင် ကျွန်မအကူအညီတောင်းတာပါ သူ့ကို ဒီအခန်းထဲမှာထားရင် နောက်ဆက်တွဲဘာတွေ ဆက်ဖြစ်မယ်ဆိုတာ မတွေးရဲသေးပါဘဲ. . လုပ်ပါ ကူညီပါ"

သူမပြောတာလဲ ဟုတ်နေ၍ ညီလင်းပ မကျေနပ်သော သက်ပြင်းကို ခပ်ဆောင့်ဆောင့်ချပြီး. . .

"ကဲ. . ကိုဝင်းခိုင် သိုးပု မထူးတော့ဘူး ကူညီလက်စနဲ့ ဆောင်ပြီး ကူညီလိုက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ညီလင်းပစကားပြောတုန်းရှိသေးသည် ကိုဝင်းခိုင် ခါးတောင်းကို မြှောင်အောင်ကျိုက်ပြီးနေပြီး. . .

ထို့နောက်သုံးယောက်သား သူခိုးကို မနိုင့်တနိုင် တရွတ်တိုက်မတင်လာပြီး အိမ်အပြင်ကို ထုတ်ပေးလိုက်ကြလေသည်။

သူခိုးအိမ်အပြင်ရောက်သည်နှင့် ပလက်ဖောင်းပေါ်မှာ ချပေးလိုက်သည်။

သုံးယောက်သား မောလိုက်ပုံများ ဟတ်ထိုးလဲမတတ်၊ အိမ်ပြန်ရောက်တော့ ဘီယာပင်မသောက်နိုင်ကြတော့ မောမောနှင့် တန်းပြီးအိပ်လိုက်ကြသည်။

တကယ် အိပ်မပျော်နိုင်သူက ညီလင်းပ. . .

မိန်းကလေးတစ်ယောက်ရှေ့မှာ ပြုန်းခနဲကွဲရတဲ့ ကိုယ့်အရှက် ဘယ်လို အဖတ်ပြန်ဆယ်ရမလဲ။







# အခန်း(၇)

ကိုယ့်အစီအစဉ်ပြီး၍ ကပွဲခန်းမထဲမှ ထွက်လာသော ညီလင်းပ၏ မျက်လုံးအကြည့်တွေက ဧည့်ပရိတ်သတ်များအကြား ဟိုဟိုဒီဒီ ဝေ့နေသည်။

"ကိုညီ ဘယ်သူ့ကိုရှာနေတာလဲ"

ဘယ်အချိန်ကတည်းက နောက်မှာကပ်ပါလာသည် မသိသော ယုန်လေးအမေးကြောင့် သူခိုးလူမိသလို ရှက်အမ်းအမ်းဖြစ်ကာ ဆံပေါ့ပေါ့ပင် ခေါင်းခါပြလိုက်သည်။

"ဘယ်သူ့ကိုမှ မရှာပါဘူး ဒီနေ့ပွဲကိုလာကြည့်တဲ့ ပရိသတ်တွေ တော်တော်များလို့ အံ့သြနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုညီကြောင့်ပေါ့၊ ဒီပရိသတ်တွေထဲက သုံးပုံနှစ်ပုံက ကိုညီ့ပရိသတ်တွေလေ ကွန်ကရက်ကျူလေးရှင်းပါ ကိုညီ"

ကမ်းပေးလာသော ခရမ်းရောင် သစ်ခွပန်းစည်းကိုကြည့်ပြီး ညီလင်းပ ဟတ်ခနဲရယ်လိုက်ပြီး. . .

"ဟော့. . ဒါ နင့်ပရိသတ်တွေပေးထားတဲ့ ပန်းစည်းထဲက တစ်စည်းမဟုတ်လား"

"အယ်. . အဟင်းဟင်း. . ကိုညီက ပါးနပ်သားပဲ၊ ဟုတ်တယ် ဒီပန်းစည်းလေးကို အကြိုက်ဆုံးမို့ ယုန်လေးက ကိုညီ့ကိုပြန်ပေးတာ"

"ကိုညီလင်းပ"

ယုန်လေးပေးသော ပန်းစည်းကို သဘောမကျပေမယ့် အားနာစွာလှမ်းယူမည်အပြု မျှော်နေသူ၏အသံကို ကြားလိုက်ရ၍ ပန်းစည်းလှမ်းယူနေသည့်လက်တွေ သူ့အလိုလိုရပ်ကာ နောက်ကို လှည့်ကြည့်လိုက်သည်။

"ဟင်. . မင်းမလာဘူးလို့ ထင်နေတာ ပွဲစကတည်းက မင်းကို ရှာနေတာလေ"

"ကိုညီလင်းပရယ် ဒီကပွဲကို မလာပဲနေမလားရှင် ကျွန်မက ရှင့်ကို ခရေဇီဖြစ်နေတဲ့ သူတစ်ယောက်ပဲ"

ကြာရိုးဖြူစကားကြောင့် ယုန်လေး၏ ပန်းနုရောင်ဆေးသား တင်ထားသော နှုတ်ခမ်းအစုံမဲ့လိုက်သည်။

"ရော့ ဒါရှင့်အတွက်လက်ဆောင်"

ကြာရိုးဖြူလက်ထဲမှာ အပြာရောင် နက်ကတိုင်လေးတစ်ခု. .

"ဝါး. . မိုက်တယ်၊ အရောင်တွေထဲမှာ ကိုယ်က အပြာရောင်ကိုအနှစ်သက်ဆုံးပဲ သင့်ခယူပါ"

အပြာရောင် နက်ကတိုင်ကို မြတ်နိုးစွာလှမ်းယူလိုက်သည်။





ထိုတဒင်္ဂသည် ဘေးမှာရှိနေသော ယုန်လေးကိုမေ့နေသည်မို့ ယုန်လေးခြေဆောင့်ကာ မကျေမနပ်ဖြစ်ပြီး နှုတ်ခမ်းကို ထော်လန်နေအောင် ဆူပစ်လိုက်သည်။

သူ့လောက်တောင် ဆွဲဆောင်မှုမရှိဘူးဟု ထင်သောကြောင့် ကြာရိုးဖြူထံသို့ မနာလိုသော မျက်စောင်းကို ဒိုင်းခနဲထိုးပြီး ချာခနဲ လှည့်ထွက်သွား၏။

ယုန်လေး လှည့်ထွက်ရာလမ်းမှ ရက်ပါကုလားတစ်ကောင် ချောက်တစ်ကောင်လို ခုန်ဆွခုန်ဆွလုပ်ကာ. . .

"ဟဲလို မင်္ဂလာပါယုန်လေး. . အော်တိုလေး ထိုးပေးပါ"

စိတ်တိုနေရသည့်အထဲ တုံးကျွမ်းနေသော ကုလားတစ်ကောင်ခံ မိတ်ဆက်ခြင်းခံလိုက်ရ၍ ဖီးလ်ငုပ်သွားသော ယုန်လေးမှာ. . .

"ရော့ ဒီပန်းစည်းယူသွား"

ရက်ပါကုလားလက်ထဲသို့ ယုန်လေးလက်ထဲမှ နက်မှောင်သော ခရမ်းရောင်ရင့်ရင့် သစ်ခွပန်းစည်းကို ခပ်ဆောင့်ဆောင့်ထိုးပေးလိုက်ခဲ့သည်။

ယုန်လေးပေးသွားသော ပန်းစည်းကြောင့် ကုလားမှာ အူးခနဲအသံပေးကာ ဝမ်းသာအားရ ထခုန်လိုက်သည်။

ခပ်လှမ်းလှမ်းမှ ရပ်စောင့်နေသော ကုလားအုပ်စုပါ ဝေးခနဲအသံပေးကာ ပြိုင်တူအော်လိုက်ကြသည်။

ကုလားအုပ်ထအော်တော့မှ ညီလင်းပ လှည့်ကြည့်လိုက်သည်။

ယုန်လေးသူ့ကို ပေးသည့်ပန်းစည်းက မဲမှောင်နေအောင် အသားမည်းသော ကုလားတစ်ကောင်လက်ထဲ ရောက်နေပြီ။

သေချာပြီ ယုန်လေးသူ့ကို စိတ်ဆိုးသွားသည်ဆိုတာ. . ရှိစေ



www.burmeseclassic.com

www.burmeseclassic.com



တော့ အမှုန်ဆို ယုန်လေးပေးသော သစ်ခွပန်းစည်းသည် ညီလင်းပ အတွက် ရင်ခုန်စရာ လုံးဝမကောင်းအောင် ခံစားမှုမဲ့စေ၏။

နောက်မှပဲ ဆောရီးဆိုတာကို မက်ဆေ့ပို့လိုက်တော့မည်ဟု ခပ်လွယ်လွယ်တွေးကာ ကြာရိုးဖြူဆီသို့သာ အာရုံစိုက်ထားလိုက်သည်။

ကြာရိုးဖြူပုံစံက အရမ်းကိုတက်ကြွပျော်ရွှင်နေပုံရ၏။ ညီလင်းပလို အကပရော်ဖက်ရှင်နယ်တစ်ယောက်က သူမကို အရေးတယူ ဆက်ဆံမှတော့ သူမလောက် စိတ်ကျေနပ်ပျော်ရွှင်မည့်သူ ရှိပါဦးတော့မလား။

ညီလင်းပကရော တကယ်လေးလေးနက်နက် နှစ်နှစ်ကာကာ ရင်ခုန်နေပြီလားဆိုတာ. . .

အင်း. . ဘယ်လိုပြောရမလဲ ဒါကကိုယ့်နှလုံးသားကို ကိုယ် အသေအချာ ပြန်မေးရဦးမှာ။

ခုတော့ စိတ်လှုပ်ရှားရုံသက်သက်ပါပဲ။









# အခန်း(၈)



မနေ့ညက သူခိုးဖမ်းလို့ မအိပ်ရတာနှင့် ဒီနေ့ကျတော့ ရှိုးပွဲကြောင့် ပင်ပန်းတာနှင့်မို့ ဒီညတော့ စောစောအနားယူမည်ဟု စိတ်ကူးကာ ညစာကိုစောစောစားဖို့ သိုးပုကို ပြင်ခိုင်းလိုက်သည်။

"ကိုညီ ထမင်းပွဲ ပြင်ပြီးသွားပြီ"

အခန်းဝမှာရပ်ပြီး သိုးပုအသံလှမ်းပေးသဖြင့် ရှိုးပွဲမှာရခဲ့သော ပန်းစည်းတွေကို စာပွဲပေါ်တင်နေရင်းမှ ထမင်းစားခန်းဆီသို့ ထွက်လာခဲ့လိုက်သည်။

အခန်းထဲဝင်သည်နှင့် ဟင်းနံ့တွေက မွှေးကြိုင်ကာ အငွေ့တထောင်းထောင်းထနေသော ထမင်းဖြူဖြူစင်းစင်းလေးကို မြင်တော့

www.burmeseclassic.com



ဗိုက်ပို၍ဆာသွားသည်။

စားပွဲမှာဝင်ထိုင်လိုက်သည်နှင့် သိုးပုပန်းကန်ထဲသို့ ဆိတ်သားနှပ်အတုံးကြီးတစ်တုံး ခပ်ထည့်ပေး၏။

"ဒီနေ့ဆိတ်သားနှပ်မိုက်တယ် ကိုညီ့ရော့စား၊ ဒါက ကြံမဆိုင်ရဲ့ ကြက်သားကို အရည်သောက်လုပ်ပေးထားတာ၊ ဒါက ငါးခူဆီပြန်၊ ဒီဘက်က ပုဇွန်တုပ်၊ ဒါလေးက မုန်လာဥနီသုပ်ထင်တယ်၊ ဒါက ငံပြာရည်ကျော်နဲ့ တွဲစားဖို့ ချောက်ရှက်နုနုလေးတွေနဲ့ သခွားသီး"

ရှည်လျားစွာဖြင့် စားပွဲပေါ်မှ ဟင်းတွေကို လက်ညှိုးထိုးပြီး ရှင်းပြနေသော သိုးပု၏ တာဝန်ကျေပုံကို ထမင်းဝါးရင်းမှ. . .

"သိုးပုရာ စားစရာရှိတာစားပါ၊ အဲဒါတွေက ဘာဟင်းတွေလဲဆိုတာ ငါအကုန်မြင်ရတယ်၊ ငါ့ကို မျက်မမြင်တစ်ယောက်များ ထင်နေလားမသိပါဘူး"

"ဒါဆို. . အိုကေ ကျွန်တော်တီးပြီနော်"

သိုးပုပါ စာပွဲဝိုင်းဘေးထိုင်ခုံမှာ ဝင်ထိုင်ပြီး ဆာဆာနှင့်စားရန် ထမင်းပန်းကန်ထဲ ထမင်းခပ်ထည့်လိုက်သည်။

ထမင်းကို အားရပါးရ ပလုတ်ပလောင်းဝါးနေရင်းမှ ဒီည အပြင်ထွက်ဖို့ ဇယားခင်းပေး၏။

"ကိုညီ. . ဒီည ကလပ်ကိုသွားမှာလား၊ ကြက်ဖတို့အုပ်စု လှမ်းမေးနေတယ်"

"ဟာကွာ ဒီနေ့တစ်နေ့လုံးလည်း ပင်ပန်း၊ ညကသူခိုးဖမ်းရလို့ အိပ်ရေးပျက်နဲ့ ဘယ်ကလပ်မှ မသွားဘူး"

ညီလင်းပ၏စကားက သိုးပုကို အစဖော်ပေးလိုက်သလိုဖြစ်ကာ သိုးပု တခိုးခိုးခစ်ခစ်ရယ်၏။

"ဟေ့ ဘာရယ်တာလဲကွ"





"ဘောင်းဘီကျွတ်တဲ့ကိစ္စ"

"ဘာ"

ဘာဆိုသော အသံကအနည်းငယ်ကျယ်သွားသည်။ သိုးပုပြုံးစိစိလုပ်ရင်း. . .

"ညက ကိုညီမသိလိုက်တာ တစ်ခုရှိတယ်"

"ဘာတုန်း ညက မင်းရောငါရော ကိုဝင်းခိုင်ရော အတူရှိနေကြတာ ငါမသိလိုက်တဲ့ကိစ္စဆိုတာ ရှိသေးလို့လား"

"ရှိတာပေါ့"

"ဘာရှိတာလဲ"

"မပြောပြဘူး သတ်ရင်သတ်ပစ်လိုက်"

မှင်သေသေနှင့်ပြောကာ ထမင်းဆက်စားနေသော သိုးပုကို ကြည့်ပြီး ညီလင်းပ ထမင်းဆက်စား၍မရတော့. .

"ဟေ့ကောင် မင်းလျှို့ဝှက်မနေနဲ့နော်. . ပြော၊ မင်း သိထားတာဘာလဲ"

"ကျွန်တော်ပြောလိုက်ရင် ကိုညီ နေမထိထိုင်မထိ ဖြစ်သွားလိမ့်မယ်၊ ကိစ္စက နည်းနည်းကြီးတယ်"

ထိုသို့ပြောတော့ ညီလင်းပ ပို၍သိချင်သွားသည်။ လက်ထဲမှ ဇွန်းခက်ရင်းကို ထမင်းပန်းကန် နှုတ်ခမ်းတစ်ဖက်ဆီမှာ ခပ်သာသာ တင်လိုက်ပြီး. . .

"သိုးပု ငါ့ကို ဟက်ကော့ကြီးလုပ်မထားနဲ့နော်၊ ငါ့ကို အဲလိုပြောစေချင်ရင် ပိုပြီးသိချင်တယ်ကွ. . ပြော ဘာလဲ"

"ကျွန်တော်ပြောရင် ကိုညီ ထမခုန်နဲ့နော်၊ ကိုညီစိတ်ခိုင်မှပြောမှာ တတိပေးမလား"

"အေး. . ပေးတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ. . ဒါဆို ထမင်းကိုပြီးအောင် အရင်စားလိုက်ဦး. . ထမင်း စားပြီးရင် အချိုတည်းရင်း ပြောကြမယ်"

ပြောပြမယ်ဆိုမှတော့ ဖွတ်အတင်းမမေးနေတော့ စားလ စထမင်းကို ခပ်မြန်မြန် စားလိုက်သည်။

ထမင်းစားပြီး ရေကိုသောက်ပြီးသည်နှင့်. . .

"ကဲ. . ပြောပြတော့ ဘာလဲ"

"ကိုညီ ဘောင်းဘီကျွတ်တဲ့ကိစ္စပြောမလို့"

"လာပြန်ပြီ ဒီဘောင်းဘီကျွတ်တဲ့ကိစ္စ"

"ကိုညီပဲသိချင်လို့ ဖွတ်အတင်းမေးနေပြီးတော့၊ ရတယ် မ ချင်ရင်လည်း မပြောတော့ဘူး ထမင်းစားရတာ ဇိမ်ပျက်တယ်"

သိုးပု ဆက်မပြောတော့ပဲ သူ့ထမင်းသူဆက်စားနေ၏။

ဒီလိုဆိုတော့ ညီလင်းပ ဂနာမငြိမ်. .

သိုးပု ဘာအကြောင်းအရာကို ပြောမလဲဆိုတာ သိချင်စိတ် လူကို မရိုးမရွ ဖြစ်စေ၏။

သူ့ထမင်းသူငုံ့စားနေသော သိုးပုကို သံသယမျက်လုံးနှ ကြည့်လိုက်ပြီး. . .

"သိုးပု မနေ့က သူခိုးလုပ်လို့ ငါဘောင်းဘီကျွတ်သွားတဲ့အချိ မှာ မင်းငါ့ကို စိတ်နဲ့ပြစ်မှားလိုက်မိလို့လား၊ ငါ့မှာအတွင်းခံဘောင်းဘီ တစ်ထပ် ပါပါသေးတယ်ကွာ"

"အာ. . ကျွန်တော်က ယောကျ်ားအချင်းချင်းဘာကို ပစ်မှ ရမှာလဲ ရာရာစစ၊ ကိုညီ့နေရာမှာ ယုန်လေးသာ အဲလိုကျွတ်ကျကြည် ကျိန်းသေတယ် စိတ်နဲ့ပစ်မှားမိမှာ"

"အေး. . ဒါဆိုဘာလဲ ငါမသိတာ ဘာလဲ၊ မင်းနော် ငါ့စိတ် ခိုးလိုခုလုဖြစ်အောင် လုပ်နေတယ်၊ မပြောပဲ မူနေရင် ငါ့လက်သီး





တ်နှာခွက်ဝင်သွားအောင် လုပ်နိုင်တယ်"

"အောင်မလေး ကြိမ်းလိုက်တာ အကြီးကြီး"

သိုးပု ကြံမစိုင်ဟင်းရည်ကို တရှုးရှုးသောက်ရင်း ဇက်ပုသွား သည်။

ပြီးနောက်. . . ထမင်းစားခြင်းကို လက်စသတ်လိုက်သည်။

"ဒီလို ကိုညီရ. . မနေ့က သူခိုးကို ရဲစခန်းပို့ဖို့ ဖုန်းဆက်မယ့် အချိန်ကို မှတ်မိတယ်မဟုတ်လား"

"ဟာ အချိန်တော့ ဘယ်မှတ်မိမလဲကွ"

"အယ်. . ဒါကိုပြောတာမဟုတ်ဘူး ဖုန်းဆက်ဖို့ပြောတာ. .၊ ယ်. . ဘယ်သူ ကြာစေဖြူ ဟုတ်လား"

"မဟုတ်ပါဘူးကွာ ကြာရိုးဖြူပါ၊ ဘယ်နှယ့်ရိုးကနေ စေ့ခိုင်း တာလဲ"

"ထားပါတော့ သူ့လက်ထဲမှာ ဖုန်းရှိတယ်လေ"

"အေးပါ. . ဟုတ်ပါတယ် သိုးပုရယ်၊ သူဖုန်းကိုင်ထားတာ ငါ ည်းသိတယ်လေ"

"အင်း. . အဲဒါပဲ၊ အဲဒါကိုပြောချင်တာ၊ သူ့ဖုန်းထဲက ကင်မရာ တ်ကို တမင်နှိပ်လိုက်တာလား မတော်တဆနှိပ်လိုက်မိတာလား တော့ မသိဘူး၊ ကိုညီ ဘောင်းဘီကျွတ်တဲ့ပုံကြီး သူ့ဖုန်းထဲမှာ ရိုက်မိသွား တယ်"

"ဘာ"

ထိုင်ခုံမှာ ဆတ်ခနဲထကာ နောက်တစ်ကြိမ် ဘာလိုက်ပြန် သည်။

"မင်း. . မင်းတကယ်ပြောနေတာလား"

"ဩော်. . ကိုညီရာ သိုးပုဘယ်နှစ်ခါ လိမ်ဖူးလို့လဲ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ . . ၊ တျွန်တော်လဲ ဖျတ်ခနဲမြင်လိုက်တာ"

"မင်း. . မင်းကွာ. . အဲဒါများငါ့ကို အဲဒီတုန်းကတည်းကပြော ပါလား၊ အောင်မလေး ခုတော့ ဒီသူခိုးကြောင့် တစ်ရှက်ကနှစ်ရှက်ဖြစ် ရပြီ၊ ဒင်းလေးကရော သူများ ရုပ်ပျက်ဆင်းပျက် အရှက်ကွဲနေတဲ့ပုံကို ရိုက်ထားစရာလား၊ မတော် ဖေ့ဘုတ်ပေါ် တင်လိုက်ရင်တော့ သွားပြီ"

"မသွားပါဘူး ကိုညီဒီထက်တောင်ပိုပြီး နာမည်ကြီးသွားဦးမယ် ခုခေတ်မော်ဒယ်လ်တွေလိုပေ့ါ သူတို့နာမည်ကြီးချင်ရင် အဖော်အချွတ် ပုံတွေ များများရိုက်တယ်၊ ရှိုးပွဲတွေမှာ သားအဖချင်း သားအမိချင်း မျက်နှာပူလောက်စရာ ဝတ်စားဆင်ယင်မှုတွေနဲ့ စင်ပေါ်တက် လမ်း လျှောက်ပြကြတယ်၊ တချို့ဆို လေတိုက်ရင်တောင် ခန္ဓာကိုယ်နှစ်ပိုင်း ကျိုးမယ့် ပုံစံမျိုးတွေနဲ့ စင်ပေါ်တက် ရှိုးပြကြသေး"

"ကဲ. . တော်. . တော်ပါတော့ကွာ၊ စကားတွေ အဲလောက် အရှည်ကြီး မပြောနဲ့. . ငါစိတ်တိုနေတယ်"

"ဒါဆို ကိုညီသွားပြီး ပြဿနာရှာလိုက်"

"ပြဿနာရှာရင် ပို့ရှုပ်ကုန်မှာပေ့ါ. . ဒီကိစ္စက အကြမ်းကိုင် လို့မရဘူး"

အဲဒါဆိုရင်လည်း ကော်ပတ်စားပြီးမှကိုင် ဒါဆိုရင် ချောမွတ် နေမှာ"

အရေးထဲနောက်နေသေး၍ စားပွဲပေါ်မှာရှိသော ပန်းသီးတစ် လုံးယူပြီး ပိတ်ပေါက်ပစ်လိုက်သည်။

သိုးပု ဖျတ်လတ်စွာ ကိုယ်ကိုရှောင်ရင်း လှမ်းဖမ်းကာ ဂွပ်ခနဲ ကိုက်စားလိုက်သည်။

"ဟဲဟဲဟဲ. . ခုလို ဦးဦးဖျားဖျား အချိုပွဲတည်ခင်းပေးတဲ့အ တွက် ကျေးဇူးပါ"





သိုးပုကို အရေးစိုက်မနေတော့. . ညီလင်းပ ကြာရိုးဖြူဆီသို့ ထွက်လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

"အိုဟတ်. . ခစ်. . ခစ်. . ခစ်. . ဟား. . ဟ. . ဟား"

ပေါ်တီကိုအောက်ရှိ ဒန်းပေါ်တွင် ကြာရိုးဖြူ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေ၏။ တစ်ဖန် ကင်မရာဖိုင်ထဲမှ ညီလင်းပ ဘောင်းဘီကျွတ်ကျသောပုံကို ဖွင့်ကြည့်မိ၍ ရယ်ချင်စိတ်ကို မထိန်းနိုင်ပဲ တစ်ယောက်တည်းဝါးလုံးကွဲမတတ် ရယ်လိုက်သည်။

"ရုပ်ကတော့ ချောပါတယ်၊ အဟင်း. . ပေါင်ရိုးလေးတွေက ယောက်ျားဖြစ်ပြီး သေးလိုက်တာ မိန်းကလေးပေါင်ကျနေတာပဲ၊ အင်း ပေါ့လေ dancer သမားဆိုတော့လည်း သေးသေးသွယ်သွယ်ပဲ ကောင်းပါတယ်"





ကြာရိုးဖြူ ကင်မရာထဲမှ ဘောင်းဘီကျွတ်ကျ၍ ကုန်းကုန်းကွကွဖြစ်နေသော ညီလင်းပ၏ ဗရုတ်သုတ်ခပုံကိုကြည့်ပြီး. . . တစ်ယောက်တည်းဝေဖန်နေ၏။

"ကျွီ. . ကျွီ. . ကျွီ. . "

အိမ်ရှေ့တံခါးက လေမတိုက်ပဲ လှုပ်ရမ်းကာ တကျွီကျွီမြည်သံဖြင့် အာရုံက ဓါတ်ပုံဆီမှခွာကာ၊ လှုပ်ရမ်းနေသော တံခါးမကြီးကို မျက်လုံးလေးနှစ်ဖက် စုကျုံ့ကာ ကြည့်လိုက်သည်။

တစ်ချက်တစ်ချက် အနားမှာ တစ်ယောက်ယောက် ဖြတ်သွားသလို လေဟတ်သွားသည့် ခံစားမှုမျိုးကိုလည်း ခံစားနေရသည်မို့. . အနားမှာ တစ်ယောက်ယောက်များ ရောက်နေသလားဟူသော သံသယအတွေးဖြင့် အနောက်ကိုလှည့်ကြည့်လိုက်သည်။

ဘယ်သူမှ ရှိမနေ။

စိတ်ထဲ မသိုးမသန့်ရှိလာ၍ ဖုန်းကိုပိတ်လိုက်ပြီး ဒန်းပေါ်မှဆင်းလိုက်သည်။ ခြံထဲကို ဝေ့ကြည့်လိုက်သည်။ အုံ့မှိုင်းနေသော သစ်ပင်တွေသည် ညအမှောင်သို့ ကူးစအချိန်မို့ ငြိမ်သက်တိတ်ဆိတ်နေ၏။

"ဘုန်း"

"အမေ့"

အိမ်ထဲမှ ဘောလုံးတစ်လုံး ခပ်ပြင်းပြင်းကန်လိုက်သကဲ့သို့ အနီရောင်ဘောလုံးလေးသည် အရှိန်ဖြင့် ပေါ်တီကိုအောက်ကို လှိမ့်လာသည်။

"ဟင်. . ဘောလုံး ဘောလုံးလေး၊ ဒါ မောင်လေးရဲ့ ဘောလုံးလေးပဲ၊ ဘုရားရေ ငါ့အိမ်မက်ထဲကလို မောင်လေး ဒီအိမ်မှာရှိနေသေးတယ်ဆိုတာ အမှန်ပဲလား"

ဘောလုံးကိုပြေးကောက်ပြီး အိမ်ထဲကိုလှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးအလင်းရောင်အောက်မှာ ဧည့်ခန်းသည် ငြိမ်သက်နေသည်။

ဧည့်ခန်းဘေးရှိ လူသွားစင်္ကြံ၏ အတွင်းဘက်အခန်းဝမှာ အရိပ်တစ်ခု လှစ်ခနဲ ဖြတ်ပြေးသွား၏။ ကြာရိုးဖြူ ကြက်သီးတွေ ဖြန်းခနဲ ထသွားသည်။ သို့သော် ကြောက်စိတ်ထက် စူးစမ်းချင်စိတ်က ပိုနေ၍ ဘောလုံးလေးကိုပိုက်ပြီး စင်္ကြံလမ်းတစ်လျှောက် ခပ်ဖြည်းဖြည်း လျှောက်လာခဲ့လိုက်၏။

အိမ်ထဲကို တစ်ယောက်ယောက် ရောက်နေတာများလားဟူသော အတွေးဖြင့် အခန်းတံခါးတွေကို အသံလုံလုံဖြင့် ဖွင့်ကြည့်လိုက်သည်။

အားလုံးရှင်းလင်းကာ လူရိပ်ပင်မတွေ့ရ ကြာရိုးဖြူစဉ်းစားရကြပ်သွားသည်။

စောစောကမြင်လိုက်ရတဲ့ လူရိပ်က ဒီအခန်းဘက်ကဖြတ်ပြေးသွားတာပဲ ဘယ်လိုမှ မျက်စိမမှားနိုင်. .

စဉ်းစားရကြပ်ဟန်ဖြင့်. . လက်ထဲမှ မောင်လေးငြိမ်းချမ်းဆော့ခဲ့သည့် ဘောလုံးကို ငုံ့ကြည့်လိုက်သည်။

ရင်ထဲမှာ တဆစ်ဆစ်နှင့် နာကျင်ကာ မျက်ရည်တို့ ဆို့တက်လာသည်။ မျက်ဝန်းထဲမှာ မောင်လေးငြိမ်းချမ်း၏ ပုံရိပ်တွေ တိုးဝင်လာသည်။

"ဘုတ်"

"ဟင်"

တံခါးဟနေသော အခန်းတွင်းရှိ စာအုပ်စင်မှ စာအုပ်တစ်အုပ် ဘုတ်ခနဲ ပြုတ်ကျသွားသည်။

ကြာရိုးဖြူဝေ့တက်လာသော မျက်ရည်တို့ကို. . မျက်တောင်





ကော့ကော့ရှည်ရှည်တို့ဖြင့် ပုတ်ခတ်သိမ်းလိုက်ပြီး ဟနေသောတံခါးကို တွန်းဖွင့်လိုက်သည်။

အခန်းထောင့်တွင် ခပ်ကုပ်ကုပ်လေးထိုင်နေသော မောင်လေးကို ဖျတ်ခနဲမြင်လိုက်ရ၍ မျက်ဝန်းအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားသည်။

"မောင်လေး. . မောင်လေး"

နှုတ်မှတွင်တွင်ခေါ်ကာ အနားသို့ ခပ်သွက်သွက်လျှောက်သွားလိုက်သည်။

"ဟင်. . ဘယ်ရောက်သွားလဲ၊ စောစောက ဒီနားမှာ ထိုင်နေတာပါ"

"တစ်ယောက်ထဲ တူတူပုန်းတမ်းကစားနေတာလား၊ ညဘက်ကြီး နတ်ဝှက်တတ်တယ်လေ"

ပြန်းခနဲပေါ်လာသော နောက်ကျောမှအသံကြောင့် ကြာရိုးဖြူ ဆတ်ခနဲ တုန်တက်ကာ လန့်သွားသည်။

နောက်လှည့်ကြည့်တော့မှ ညီလင်းပဆိုတာ သိသွားတော့မှ ကြောက်စိတ်တို့ပြေကာ အားရှိသလိုလို ဖြစ်သွားသည်။

"ရှင် ဘယ်အချိန်ကတည်းက ဒီအိမ်ထဲရောက်နေတာလဲ"

"ခုလေးတင်ပဲလေ. . ခြံတံခါး သော့မခတ်ထားတာနဲ့ ဝင်လာတာ မင်းအိမ်ထဲဝင်သွားတာနဲ့ ကိုယ်လဲ လှမ်းမခေါ်ပဲ အိမ်ထဲလိုက်ဝင်ခဲ့လိုက်တာ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

စိတ်ထဲမှ သံသယနှင့် ကြောက်စိတ်ကို ပြောပြမနေတော့ပဲ ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါးပုံစံမျိုးဖြင့် ခေါင်းခါပြလိုက်၏။

"ဒါနဲ့ ကျွန်မဆီကို ကိစ္စရှိလို့လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ဟုတ်တယ်"

"ဒါဆိုလာလေ ဧည့်ခန်းထဲသွားရအောင်"

သူမ ဦးဆောင်ခေါ်ရာ ဧည့်ခန်းဆီသို့ ညီလင်းပ အနောက်မှ လိုက်ခဲ့လိုက်သည်။

ကိုယ်ပြောမည့် အကြောင်းအရာကို ဘယ်ကစပြောရမလဲ. . စကားလုံးစီရင်း ဟောင်းနွမ်းစုတ်ပြဲနေသည့် ဆိုဖာဆက်တီခုံပေါ် ဝင်ထိုင်လိုက်သည်။

"ပြောလေ ဘာကိစ္စရှိလို့လဲ"

ညီလင်းပ အကြည့်တွေက ကြာရိုးဖြူကိုင်ထားသော လက်ကိုင်ဖုန်းဆီသို့ ရောက်နေ၍ ကြာရိုးဖြူပြောတာကို မကြားလိုက်. . .

"ကိုညီလင်းပ ပြောလေ"

"ဪ. . ဟို ဘာမှထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ စာအုပ်လေးဘာလေး ငှားဖတ်မလားလို့ပါ"

"ဒါလား. . . အင်း. . ခုလောလောဆယ်တော့ ကျွန်မဆီမှာ စာအုပ်များများစားစား မရှိပါဘူး၊ အရမ်းစိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်တွေက အိမ်မှာကျန်ခဲ့တယ်"

"ဟင်. . ဒီအိမ်က မင်းအိမ်မဟုတ်လား၊ အခြားအိမ်ရှိသေးလို့လား"

"ရှိတယ်. . အမှန်တော့ ဒီအိမ်ကို ကျွန်မတို့က လွန်ခဲ့တဲ့နှစ်နှစ်လောက်ကပဲ ပိုင်ခဲ့တာပါ၊ ခုချိန်မှာ ဒီအိမ်ကြီးကို ကျွန်မတို့မပိုင်တော့ဘူး၊ ကျွန်မက အေးအေးဆေးဆေး စာရေးချင်လို့ ခဏလာနေတာ"

သူမပြောတာကို ညီလင်းပနားထဲ အနည်းငယ်ရှုပ်သွားသည်။

"ဒါဆို ဒီအိမ်ကြီးရဲ့ ပိုင်ရှင်က မင်းမဟုတ်ဘူးဆိုတဲ့ သဘောပေါ့"





"ဟုတ်တယ် ဒီအိမ်ကြီးရဲ့ပိုင်ရှင်က ကျွန်မဦးလေးဖြစ်သွားပြီလေ"

"အင်း. . ကိုယ်တို့အိမ်ကြီးကို စပြီးဝယ်တဲ့အချိန်တုန်းက. . ခုအိမ်မှာတလူမနေဘူး"

"ပြောရမယ်ဆိုရင် အမွေဆိုင်အိမ်ကြီးပေါ့၊ ဦးလေးက ကျွန်မအမေနဲ့ တခြားသူတွေကို ရသင့်ရထိုက်တာ ခွဲပေးလိုက်လို့ ဒီအိမ်ကနေ ပြောင်းပြီး တခြားနေရာမှာ အခြေသွားချနေကြတာလေ"

"ဒါဆို မင်းတစ်ယောက်ထဲ ဘာလို့ဒီမှာလာနေတာလဲ"

"စိတ်ရှုပ်လို့၊ မိသားစုများတယ်လေ. . အစ်ကိုတွေက အိမ်မှာပဲ စီးပွားရေးလုပ်တယ်၊ အမေတို့ရဲ့ အိမ်လုပ်ငန်းနဲ့ တစ်နေ့တခြား ဧည့်သည်တွေများလာတယ်၊ အိမ်မှာ လူတွေများတယ် ကျွန်မကစိတ်ရှုပ်တာကို မခံနိုင်ဘူး၊ ဒါကြောင့် ဒီအိမ်ကြီးမှာ လာပြန်နေတာ၊ စာလည်း အေးအေးဆေးဆေး ရေးလို့ရတယ်"

မိသားစုအတွင်းရေးတွေကို ရင်ဖွင့်ပြောပြနေသော ကြာရိုးဖြူ မျက်နှာပေါ်မှာ ရှုပ်ထွေးခြင်းတွေ ရုတ်ခြည်းပေါ်လာ၏။

"ခဏနေဦးနော် ကျွန်မ ကိုညီလင်းပ ဖတ်ဖို့စာအုပ်တွေ သွားယူလိုက်ဦးမယ်"

ကြာရိုးဖြူထိုသို့ပြောပြီး ဧည့်ခန်းထဲမှ ထွက်သွားသဖြင့် ညီလင်းပအတွက် အခွင့်အရေးတစ်ခု ထပ်ရသွားသည်။

ဆက်တီစားပွဲပေါ်တွင် ကျန်ခဲ့သော ဖုန်းကိုလှမ်းယူဖို့ လက်လှမ်းလိုက်သည်။ တကယ်တမ်း ညီလင်းပဖုန်းကို လှမ်းယူဖို့လက်တွန့်နေ၏။

ပိုင်ရှင်မသိအောင် ခိုးကြောင်ခိုးဝှက် လုပ်ရမည့်ကိစ္စမို့ ငါ့အထဲမှာမရဲ လှမ်းရွယ်နေသော လက်တွေမသိမသာ တုန်ရင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တွန့်ဆုတ်နေ၍မရဟု ကိုယ့်ကိုယ်ကိုယ် တွန်းအား ပေးကာ ဖုန်းကိုဆတ်ခနဲလှမ်းယူလိုက်သည်။

ကိုယ်ကိုင်နေကျဖုန်းမဟုတ်၍ အရင်ဆုံး ဖုန်းပါဝါခလုပ် နှိပ်ပြီး ကင်မရာဖိုင်ကို အရင်ရှာရ၏။

“ဟေ့. . သူများဖုန်းကို ဘာလုပ်နေတာလဲ”

ဧည့်ခန်းထဲ ခပ်သွက်သွက်ပြန်ဝင်လာသော ကြာရိုးဖြူ၏ အ သံကြောင့် ညီလင်းပတုန်တက်သွား၏။

“ဟို. . ဘာ. . ဘာမှမလုပ်ပါဘူး၊ ဖုန်း. . ဖုန်းလေးကလှ ကိုင်ကြည့်တာပါ”

ရှက်ကိုးရှက်ကန်းဖြေကာ လက်ထဲမှဖုန်းကို စာပွဲပေါ်ပြန်တ ပေးလိုက်သည်။

“ရော့. . ရှင်ဖတ်ဖို့ စာအုပ်တွေ၊ စာရေးဆရာမ ဂျူးစာအု တွေ သုံးလေးအုပ် ညီလင်းပရှေ့မှာ ချပေးသည်။ ဖတ်ဖို့စာအုပ်တွေ ချပေးပြီးပြီဆိုမှတော့ ညီလင်းပ ထပြန်ရုံပေါ့။ သို့သော် လာရင်းကိစ္စ စာအုပ်ငှားဖို့မှ မဟုတ်တာ. .

ဒါဟာ အကြောင်းပြချက်သက်သက်. .

“ဟို. . ဟိုလေ. . ပြောစရာရှိတယ်”

“ဟင်. . ပြောစရာရှိတယ် ဟုတ်လား၊ ဘာလဲ ဘာပြောမလို့ ပြောလေ. . ရှင့်လိုအကမော်ဒယ်လ်တစ်ယောက်ဆီမှာ ကျွန်မကို ပြော စရာစကားတွေ ရှိသေးလို့လား၊ အဟင်း. . ထူးတော့ထူးဆန်းနေပြီ ရင်တုန်လိုက်တာ. . ဟင်း. . ဟင်း. . ဟင်း”

ရင်ဘတ်ကို လက်နှစ်ဖက်ယှက်ကာ ဖိပြီး စိတ်လှုပ်ရှားပုံဟ ပြလိုက်သော ကြာရိုးဖြူကိုကြည့်ပြီး ညီလင်းပ စိတ်လေသွားသည်။

ဒီမိန်းကလေးကတော့ခက်ပြီး သူ့ကို ရည်းစားစကား ပြောမယ်





များ ထင်နေလားမသိ။

သူမ စိတ်ဝင်စားစရာကောင်းသော မိန်းကလေးဖြစ်ပေမယ့် လောက်ထိ မြန်မြန်ဆန်ဆန် ရည်းစားစကားပြောဖို့ဆိုတာ ဖြစ်မှ နိုင်တာ. . .

“ပြောလေ ဘာပြောမှာလဲလို့”

“ဘောင်း. . ဘောင်းဘီကျွတ်တဲ့ကိစ္စ ပြောမလို့”

“ဟယ်တော့. . ရှင်နော် ဘောင်တွေကျော်ကုန်ပြီလေ၊ လူကို ယ်အစားထဲကများ မှတ်နေလဲ”

မျက်စောင်းခပ်လက်လက်ထိုးကာ မကျေမနပ် နှုတ်ခမ်းဆူ တ်သည်။

“ဟာ. . မဟုတ်ဘူး လွဲကုန်ပြီ၊ ကိုယ်ပြောတာ မနေ့ညက နိုးလုပ်လိုက်လို့ ကိုယ့်ဘောင်းဘီကျွတ်ကျတဲ့ကိစ္စကို ပြောတာ”

ပြောမယ့်ပြောတော့လည်း ဒဲ့ပင်ပြောချလိုက်သည်။ ကြာရိုး တစ်ခစ်ခစ်ရယ်ပြန်သည်။

ကြာရိုးဖြူရယ်လေ ညီလင်းပ ပို၍အရှက်သည်းကာ အနေရ လေနှင့် ဆက်ပြောမည့်စကားတောင် ဘယ်လိုပြောရမှန်းမသိ တော့။

“ဟုတ်ပါပြီ၊ ပြောပါ ဘာပြောမှာလဲ”

“မင်းဖုန်းထဲက ကင်မရာမှာ အဲဒီပုံကို ရိုက်ထားတယ်ဆို. . ဘာရည်ရွယ်ချက်နဲ့ ရိုက်လိုက်တာလဲ ကိုယ့်ကိုအပုပ်ချမလို့လား၊ အရှက် ခွဲမလို့လား၊ ဒါမှမဟုတ် ဝေပေါ်လို့ ထင်သွားအောင်လို့လား”

“တစ်ခုမှမဟုတ်ဘူး ကျွန်မများပြီး နှိပ်မိသွားတာ ဘာရည်ရွယ် ချက်မှ မပါဘူး၊ အဲဒါကိုတော့ယုံ”

“ဒါဆိုရင် ဖျက်ပေးပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မဖျက်နိုင်ပါဘူး"

"ဟာ. . အဲ. . အဲလိုတော့ မညစ်ပါနဲ့၊ မင်းမှာ ဘာအကြံမှမရှိ ဘူးဆိုရင် ဖျက်ပစ်လိုက်ပါ"

"အို. . မဖျက်ပါဘူးဆိုမှ၊ အဲဒီပုံက ရယ်စရာကောင်းလို့ ဖုန်း ထဲမှာ အမှတ်တရထားတာ"

"ဒါပေမဲ့ ကိုယ်ဟာ သာမန်လူမဟုတ်ဘူးလေ"

"ကျွန်မကလည်း သာမန်မိန်းကလေး မဟုတ်ပါဘူးနော်၊ စာ ရေးဆရာမပါ"

ပြောရခက်သော ကြာရိုးဖြူကို ညီလင်းပ စိတ်ရှုပ်စွာကြည့် လိုက်သည်။

"ဒါဆို ကိုယ်တို့အပေးအယူတစ်ခုခု လုပ်ကြရင်ကောင်းမယ်"

ကြာရိုးဖြူ၏ သွယ်တန်းလှပသော မျက်ခုံးလေးနှစ်ဖက် ခ ပြေပြေလေး မြင့်တက်သွား၏။

"အပေးအယူဟုတ်လား. . ဘယ်လိုအပေးအယူလဲ"

"ဒီပုံကို ဖျက်ပေးဖို့အတွက် မင်းကိုယ့်ဆီမှာ လိုချင်တဲ့အရာ တစ်ခုတောင်း၊ အဲဒီအရာဟာ ဘယ်လောက်ပဲ တန်ဖိုးမြင့်နေပါစေ ကိုယ်ပေးမယ်"

"အလဲ့. . ဘယ်ဆိုးလို့လဲ စိတ်ဝင်စားစရာတော့ ကောင်းလာ ပြီ"

"ဒါဆိုရင် တောင်းလေ. . ဘာလိုချင်လဲ"

ကြာရိုးဖြူ မျက်ဝန်းလေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ စဉ်းစား ဟန်ပြုသည်။ ပြီးမှ သူလိုချင်တာ စဉ်းစားမိသွားဟန်ဖြင့် လက်ခုံ ခပ်ဖွဖွ တစ်ချက်တီးကာ. . .

"အိုကေ ဟုတ်ပြီ၊ ကျွန်မလိုချင်တာ စဉ်းစားမိသွားပြီ"





"ပြော. . ဘာလိုချင်လဲ"

"ရှင် ကျွန်မကို အကသင်ပေးရမယ်"

"ဟင်"

"ဟုတ်တယ် မအံ့သြနဲ့၊ ရှင့်မှာရှိတဲ့အကပညာ တချို့ကို ကျွန်မ share ချင်တယ်"

"ဒါပေမဲ့ ကိုယ့်မှာ အချိန်မှမရှိတာ၊ နောက်ပြီးမင်းမှာ talent ရှိဦးမှ"

"ဒါဆို ကျွန်မလည်း အဲဒီပုံကိုဖျက်ဖို့ အချိန်မပေးနိုင်ဘူး"

"ဟာ. . အဲလိုတော့ မညစ်နဲ့လေ၊ မင်းသင်ချင်တဲ့ အကကို မသင်ပေးဘူးလို့ ယတိပြတ်ငြင်းတာမဟုတ်ဘူး၊ ကိုယ်အချိန်ရရင် သင် ပေးမှာပေါ့"

"ကျွန်မလည်း အရှင်းမဖျက်ပေးဘူးလို့ ယတိပြတ်မငြင်းပါဘူး အချိန်ရရင် ဖျက်ပေးမှာပါ"

ကိုယ့်အတိုင်း လိုက်ပြောနေသဖြင့် ညီလင်းပဆက်ပြီး မငြင်း ချင်တော့။ သူ့ကိုအချိန်နည်းနည်းဖဲ့ပေးလိုက်လို့ ဘာမှဖြစ်မသွား. . ဒီ ဓါတ်ပုံ သူ့ဆီမှာရှိနေတာက ညီလင်းပအတွက် တစ်ချိန်ချိန်မှာ တိုင်းသိ ပြည်သိ အရှက်ကွဲသွားနိုင်သည်။

"ကောင်းပြီလေ ကိုယ်မင်းအတွက် တစ်နေ့ကိုတစ်နာရီ အချိန် ပေးမယ် မင်း အကတတ်တဲ့အထိပေါ့"

"အိုကေ. . ကောင်းပြီ၊ ကျွန်မရှင့်ပုံကို အကတတ်သွားတာနဲ့ delete လုပ်ပေးမယ်"

"ဟာ. . . အဲလိုမဟုတ်ဘူးလေ ကိုယ်မင်းကို သင်ပေးမယ်လို့ ကတိပေးပြီးပြီပဲ၊ ခုဖျက်ပေးလေ"

"လူ့စိတ်က မျောက်စိတ်နဲ့အတူတူပဲတဲ့၊ ရှင်လည်း မျောက်စိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုမျိုး ကျွန်မကို အကမသင်ပေးချင်တော့ရင် ဘယ်လိုလုပ်မလဲ၊ ဒီတော့. . ရှင်ကျေနပ်ချင်ကျေနပ် မကျေနပ်ချင်ရင်လည်း ဒီအပေးအယူကို ဖျက်သိမ်းလို့ရတယ်"




"အဲ. . အဲလိုတော့ မဟုတ်ဘူးလေ၊ ကဲ. . ကောင်းပြီကွာ မင်းကို ငါမြန်မြန်တတ်အောင် သင်ပေးမယ်၊ တတ်သွားရင်သာ မင်း ကတိတည်ပါစေ"

"အိုး. . ရက်စ်. . လုံးဝကို ကတိပေးတယ်၊ ဒီခေတ်က ဟုတ်ဟုတ်မဟုတ်ဟုတ် အလုပ်ဖြစ်တဲ့ခေတ်မို့ ကျွန်မလည်း နောက်ကျရင် ရှင်တို့အကအဖွဲ့ထဲ ဝင်နိုင်အောင် ကြိုးစားမယ်သိလား"

တကယ်လား အပျော်သဘောနှင့် လျှောက်ပြောနေသလား





မသိသည့် ဝေခွဲရခက်သည့် ကြာရိုးဖြူ၏ မြူးကြွနေသော ဟန်ပန်တို့ကြည့်ပြီး ညီလင်းပ သက်ပြင်းမောတစ်ချက်ကို ဟင်းခနဲမသိမသာချလိုက်သည်။

"ဒါဆို ဒီညကစပြီး အကသင်ပေးရတော့မယ်နော်"

"အမ်. . မနက်ဖြန်မှစမယ် ကိုယ်ဒီနေ့ အရမ်းပင်ပန်းနေပြီ၊ စောစောအနားယူမှ ချာချင်ပြည့်ပြီး မနက်ဖြန် အလုပ်လုပ်နိုင်မှာ"

ဒီတစ်ခါလည်း ရလိုရငြား ထပ်ငြင်းလိုက်သည်။

ဒီကောင်မလေး စိတ်သိပ်မပုပ်ဘူးဆိုလျှင် လိုက်လျောမှာပါ။

"အင်းလေ ရှင်မနေ့ညက သူခိုးဖမ်းပေးထားရလို့ အိပ်ရေးပျက်နေတာဆိုတော့. . ကောင်းပြီ မနက်ဖြန်မှ သင်တန်းစမယ်၊ ဂွတ်နိုက်ပါဆရာ ကျွန်မလည်း မျက်လုံးတွေအရမ်းစင်းနေပြီ၊ ဒီည စာမ ရေးနိုင်တော့ဘူး အသေလေးကျင့်ပြီး အိပ်လိုက်ဦးမယ်"

ထူးဆန်းသောစကားကြောင့် ထဖို့ဟန်ပြင်လိုက်သော ညီလင်းပ ကြာရိုးဖြူကို အထူးအဆန်း ပြန်ငဲ့ကြည့်ကာ. . .

"ဘယ်လို. . အသေလေးကျင့်မယ် ဟုတ်လား၊ ဘာကိုပြောတာလဲ"

"ဩော်. . . ရှင်ကလည်း. . လူတိုင်းတစ်နေ့မှာ သေကြရတာပဲ မဟုတ်လား"

"အင်းလေ. . အဲဒါဘာဖြစ်လဲ"

"အဲဒီလို လောကကြီးထဲက အပြီးထွက်သွားကြတာကို တရားသဘောအမြင်နဲ့ကြည့်ပြီး အသေကြီးလို့ခေါ်တယ်၊ အဲဒီလို အသေကြီးနဲ့ ကြုံကြိုက်လာရင် လူတွေသေခြင်းတရားကို ကျေကျေနပ်နပ် လက်ခံနိုင်ဖို့အတွက် ခုကတည်းက အသေလေးနဲ့ ကြိုပြီးကျင့်ထားရမယ်၊ ဒါမှ အသေကြီးနဲ့ကြုံတဲ့အခါမှာ သွေးရူးသွေးတန်းနဲ့ ရင်မခုန်ကြရမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် . . လူတွေ နေ့စဉ်အနားယူ အိပ်စက်ကြတဲ့ အချိန်လေးကို အကျိုးရှိရှိအသုံးချတဲ့အနေနဲ့ တစ်ညတာအိပ်စက်ခြင်းကို . . . ငါဟာ လောကကြီးထဲက အပြီးအပိုင် သေဆုံးသွားတော့မှာပါလားဆိုတဲ့ စိတ်ကို နှလုံးသွင်းပြီးအိပ်လိုက်၊ အဲဒီလို အမြဲတမ်း နေ့စဉ်နှင့်အမျှ နှလုံးသွင်းပြီး အိပ်တဲ့လူဟာ တကယ့်သေခြင်းတရားကို အပြုံးမပျက် ရင်ဆိုင်သွားရဲပြီ"

"ဩော် . . ဟုတ်လား၊ မင်းက စာရေးဆရာအပြင် တရားဟောခမ္မကထိကပါ လုပ်လို့ရသေးတာပဲ . . ၊ ဟုတ်ကဲ့ . . . ကျွန်တော်လည်း အသေလေးနဲ့ ပြန်ပြီးအိပ်လိုက်ပါဦးမယ်"






ထိုသို့ ခပ်ရွှတ်ရွှတ်ပြောပြီး ညီလင်းပ အိမ်ထဲမှထွက်လာခဲ့လိုက်သည်။ ကြာရိုးဖြူ ခပ်သွဲ့သွဲ့လေး ရယ်လိုက်သည်။

ညသည် ထုံးစံအတိုင်း အမှောင်ဘက်သို့ လုံးလုံးလျားလျား ထူးဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"ဒါက ဘာကြီးလဲ ယုန်လေး"

ပလတ်စတစ် ပါကင်အိတ်ကြီးကိုကြည့်ပြီး ယုန်လေးကို မသိမသာမေးလိုက်သည်။

"ပျော်ပွဲစားတွေဘာတွေ ထွက်ရင်. . သုံးတဲ့ရွက်ဖျင်တဲလေ"

"အဟတ်. . အချိန်လုနေရတဲ့ကိုယ်က ဘယ်လိုလုပ် ပျော်ပွဲစားထွက်မလဲ"

"ဪ. . ကိုညီကလည်း ခရီးဝေးထွက်မှ ပျော်ပွဲစားလား. . ကိုယ်ခြံထဲက မြက်ခင်းစိမ်းစိမ်းလေးမှာလည်း ဒီရွက်ဖျင်တဲလေးနဲ့ ထွက်အိပ်ရင် ဘယ်လောက်ရှိမန့်တစ်ဖြစ်လိမ့်မလဲ၊ ယုန်လေးဆို တစ်ခါ





ဘာလေ ညီမလေးနဲ့အတူ ထွက်အိပ်ဖြစ်တယ်၊ ခုလို နွေဦးရာသီဆို ပိုတောင်မိုက်သေးတယ်"

ဟုတ်တာမဟုတ်တာအပထား ယုန်လေးပြောသလို ထွက်အိပ်ခင်တော့ လေတဖြူးဖြူးနှင့် အိပ်လို့ကောင်းမှာ သေချာသည်။

"အင်း. . မဆိုးပါဘူး တစ်ရက်လောက်တော့ ယုန်လေးပြောသလို ထွက်အိပ်လိုက်ဦးမယ်"

"ဟယ် ယုန်လေးအကြံတစ်ခုရပြီ သိလား"

"အင်း ပြောပါဦး"

"ယုန်လေးတို့ အဖွဲ့တွေ ကိုညီ့အိမ်မှာ ညဘက်ပါတီပွဲလေးလုပ်ပြီး ခြံထဲမှာ ရွက်ဖျင်တဲလေးတွေနဲ့ အိပ်ကြမလား၊ ယုန်လေးမှာ အဲဒီရွက်ဖျင်တဲ သုံးလေးခုလောက်ရှိသေးတယ်. . "

မဖြစ်နိုင်ဘူးလို့ ငြင်းလိုက်ပြန်ရင်လည်း အားနာစရာ ကောင်းနေသည်မို့ ညီလင်းပ အီလည်လည်ကြီး ခေါင်းညိတ်ကာ. . .

"စတိတ်ပါတီလုပ်တာတော့ ဟုတ်ပါတယ်၊ အစားအသောက်တွေစီမံဖို့ကျတော့. . ကိုယ်ကဒါမျိုးတွေ မကျွမ်းဘူးနော် သိုးပုကလည်း အဲလောက်အားကိုးလို့မရဘူး၊ ခုတောင်ချိုင့်ဆွဲစားနေရတာ"

"အဲဒီအတွက် မပူပါနဲ့ ကိုညီရယ်၊ အဟင်းဟင်း. . ယုန်လေးတို့ အားကိုးလိုက်၊ အဲဒီညကျရင် ပွဲတော်အုပ်ကြီးလို အစားအသောက်အစုံအလင် ရောက်ရှိလာစေရမယ်. . အိုကေ"

"အင်းလေ ဒါဆိုရင်တော့ အားလုံးကို မက်ဆေ့ပို့လိုက်ပေါ့"

"ဟေ့. . နှစ်ယောက်သားဘာတွေ တိုးတိုးတိတ်တိတ်ကြံနေကြတာလဲ၊ ငါ့ကိုလည်း ပြောကြပါဦး၊ ပွဲကောင်းဆိုရင် ငါပါဝင်ကဲရအောင်"

ကိုဝင်းခိုင် အနားရောက်လာပြီး ညီလင်းပဘေး ကပ်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ညီလင်းပ တိုတိုတုတ်တုတ်ပြောပြလိုက်သဖြင့် အပျော်အပါး မက်သူ ကိုဝင်းခိုင် အားတက်သရော ထောက်ခံသည်။

"အေး.. အဲဒီအစီအစဉ်လည်း ကောင်းတာပဲ၊ ခုတလော ပွဲ… ဆက်တွေကများတော့ ငါတို့ရဲ့စိတ်တွေကို အနားပေးဖို့လိုတယ်ကွ"

"ဟုတ်တယ် စတိတ်ဒီဇိုင်နာကြီးရဲ့ ယုန်လေးလဲ အဲဒါကို ပြော… နေတာလေ"

"ဟုတ်ပါပြီ ဘယ်နေ့လုပ်မှာလဲ ကြိုပြောဦး"

"မနက်ဖြန်လေ"

"ဟာ.. မြန်းစားကြီး"

"ဘာလဲ မအားလို့လား"

"ညရှစ်နာရီ သင်တန်းရှိတယ်"

"ဟင်.. ဘာသင်တန်းလဲ"

"ဘာမှတော့ အရေးမကြီးပါဘူး၊ ကောင်းပြီလေ မနက်ဖြန် အိမ်မှာ ဆုံကြတာပေါ့"

ကြာရိုးဖြူအား အကသင်ပေးနေရသည်ကို ယုန်လေးတို့အား မပြောပြချင်၍ တမင်ပင် စကားလမ်းကြောင်းလွှဲလိုက်သည်။

မနက်ဖြန်ညတော့ တစ်ရက်ဖျက်ရမှာမို့ ဒီညကတည်းက… ပြီး ပြောထားမှဟုတွေးကာ ဖုန်းဆက်ဖို့ သတိရသွား၏။

အကြောင်းကိစ္စ ထွေထွေထူးထူးမရှိပေမယ့် တစ်ခါတလေ ဖုန်းဆက်ချင်စိတ်ပေါ်လာလျှင် ကြာရိုးဖြူဆီ ဖုန်းခေါ်နေကျ...။

ဒီအချိန် သူမလေး ဘာလုပ်နေလဲ၊ နေ့ခင်းနေ့လယ် အပျင်းကြီးပြီး အိပ်နေသလား၊ ဒါမှမဟုတ် သရဲဝတ္ထုတွေပဲ ထိုင်ရေးနေသလား။





အတွေးနှင့်အတူ ဖုန်းခေါ်လိုက်ပြီး.. တစ်ဖက်မှ ဖုန်းပြန်ထူးသံကို ကြားရသည်။ ကြာရိုးဖြူအသံတော့မဟုတ်...

"ဟဲလို ဘယ်သူပါလဲ ကြာရိုးဖြူရော"

"မမ ပဲဟင်းတွေအစားများပြီး သန့်စင်ခန်းထဲမှာ ပန်းနေပါတယ်"

ထူးဆန်းသော ကလေးတစ်ယောက်၏အသံနှင့် ထူးဆန်းသောစကားကြောင့် ညီလင်းပ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဟော့.. မင်းဘယ်သူလဲ"

တစ်ဖက်မှ တခစ်ခစ်ရယ်သံကလွဲပြီး ဘာမှထပ်မကြားရတော့။

"ဟော့.. အဲ.. ဟဲလို.. ဟဲလို.. ဟဲလို"

ရယ်သံတွေနှင့်အတူ တဝုန်းဝုန်းနှင့် ဘောလုံးကန်နေသော အသံလိုလို ဘာလိုလိုနှင့် ဂိုးဆိုသော ထအော်လိုက်သံကြောင့် ညီလင်းပ ဇဝေဇဝါဖြစ်သွားသည်။

ဖုန်းများမှားနေတာလား၊ ဒါမှမဟုတ် ကြာရိုးဖြူအိမ်ကို ဧည့်သည်ကလေးများ ရောက်နေတာလား။

မနက်က အိမ်ကထွက်လာတော့ ကားပေါ်က လှမ်းကြည့်ခဲ့သေးသည်၊ ကြာရိုးဖြူ၏ အိမ်ကြီးသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ရှင်းလင်းစွာ အိပ်မောကျနေဆဲဖြစ်သည်။

ညီလင်းပ ဖုန်းပြန်ပိတ်လိုက်သည်။ ဒါ ဖုန်းမှားတာဖြစ်မှာပါဟုပဲ ပြီးစလွယ်တွေးလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"လွှတ် . . . လွှတ်နော် မလိုက်ဘူး"

"မလိုက်လို့မရဘူး လိုက်ရမယ်"

ညကြီးအချိန်မတော် ကြာရိုးဖြူ၏အိမ်ရှေ့တွင် ရုန်းရင်းဆ[illegible]ခတ်ဖြစ်နေသော အသံပလံတွေကြောင့် ရှိုးပွဲမှပြန်လာသော ညီလင်း[illegible]ကားကိုအရှိန်လျှော့ကာ စူးစမ်းလိုက်သည်။

"ဟင် . . ကြာရိုးဖြူပဲ"

ယောကျ်ားနှစ်ယောက်က တစ်ဖက်တစ်ချက်စီ အတင်းဆွဲခေါ်နေပြီး ကြာရိုးဖြူက အားရှိသလောက် ရုန်းကန်နေပုံကို ဒီအတိုင်း ထိုင်





ကြည့်၍မှမရတော့။ ဒီတော့ ကားပေါ်မှ အမြန်ဆင်းလိုက်သည်။

"ဟေ့ . . ဟေ့လူတွေ၊ ခင်ဗျားတို့ ဒါဘာလုပ်တာလဲ လွှတ်လိုက်စမ်း"

ဝင်ပြီး ဟီးရိုးလုပ်လိုက်သံကြောင့် ကြာရိုးဖြူကို အတင်းဆွဲခေါ်နေသောလူနှစ်ယောက် လှည့်ကြည့်ကြသည်။

"ဟေ့ကောင် ကိုယ့်လမ်းကိုယ်လျှောက် ကိုယ့်တံတားကိုယ်ဆောက်၊ သွား . . မင်းနဲ့မဆိုင်ဘူး၊ ဒါ ငါတို့ကိုယ်ရေးကိုယ်တာကိစ္စတွေ"

"ကိုညီလင်းပ ကြာရိုးကို သူတို့အတင်းဆွဲခေါ်နေကြတယ် လုပ်ပါဦး။ ကြာရိုး သူတို့နဲ့ မလိုက်နိုင်ဘူး"

နှစ်ယောက်တစ်ယောက် ချရဲသော သတ္တိမရှိသည့် ညီလင်းပသာ ကြာရိုးဖြူအားကိုးတကြီး အကူအညီတောင်းလာတော့ ရှောင်လွှဲသွား၍မဖြစ်နိုင်။ ထို့ကြောင့် ရှေ့သို့ မရဲတရဲခြေလှမ်းတွေဖြင့် တိုးသွားရင်း . . .

"ခင်ဗျားတို့ သူ့ကို မနှောင့်ယှက်နဲ့နော်"

"အောင်မယ် . . မင်းက ဘာမို့လို့ ငါတို့ကို အမိန့်ပေးတာလဲ၊ မင်းတို့က ဂျယ်လိုလို မတ်လိုလိုနဲ့ . . ဘေထည့်လိုက်လို့ တစ်လလောက်ဆန်ပြုတ်နဲ့ နှစ်ပါးသွားနေရမယ်"

"ကျုပ်ကလည်း ခင်ဗျားတို့လောက်ကို စာမဖွဲ့ပါဘူး၊ ကျုပ်ထက်ခေါက်တစ်ချက် မှုတ်လိုက်တာနဲ့ ကျုပ်တပည့်တွေ ချက်ချင်းရောက်လာပြီး ဖွတ်ထည့်လိုက်လို့ အရင်းကနေ ပြုတ်ထွက်သွားမယ့်ဘက်မောင်းရင်းကိုပြောပါတယ် . . ဟွန်း"

ညီလင်းပ ကိုယ့်ကိုယ်ကိုယ် ဆရာကြီးစတိုင်လုပ်ကာ အမိုက်ခြောက်လိုက်၏။ ကြောက်လိုကြောက်ငြားပေါ့ . . .

"မင်းက ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က တိုင်းသိပြည်သိ အကျော်အမော်တစ်ယောက်"

"ပုံစံကပျော့တီပျော့ဖပ်နဲ့ မင်းသားရုပ်ပေါက်ပေမယ့် ဇာတ်
မကသေးဘူးနော်. ."

"မယုံရင်စမ်းကြည့်လိုက်. . လာလေ. . လာပါ"

အင်္ကျီလက်နှစ်ဖက်မတင်ကာ ဖိုက်တင်ပေးတော့မည့် ပုံစံဖြင့်
ခပ်မိုက်မိုက်စိန်ခေါ်လိုက်သည်။ ထိုလူနှစ်ယောက်ရှေ့ကို တိုးလာ
သည်။

ညီလင်းပ ဖြန်းခနဲ ထိတ်လန့်သွားကာ ပွဲမဆူခင်မှာ. . .

"ဒီတော့ ကျုပ်ရှင်းရှင်းပဲပြောမယ် ကျုပ်တပည့်တွေကို ခေါ်
လိုက်ရမလား ဒီနေရာကနေ ကျုပ်ပေးတဲ့ငွေကိုယူပြီး အေးအေးဆေး
ဆေး လစ်မလား၊ ဟာဟ. . ဒါကညာတာတဲ့သဘောနော် ကျုပ် တပည့်
တွေရဲ့လက်ချက်ကြောင့် ခင်ဗျားတို့ကို အရေးပေါ်ခန်း မရောက်စေ
ချင်လို့ အခွင့်အရေးပေးတာ"

ထိုလူတွေရှေ့မတိုးလာခင် ညီလင်းပ ဘောင်းဘီအိတ်ထဲ
ငါးထောင်တန် ခုနစ်ရွက် ရှစ်ရွက်လောက် ဆွဲထုတ်လိုက်သည်။ ညီလင်း
ပအတွက် အသားနာတာထက်စာလျှင် ဒီငွေလောက်က အသေးအဖွဲ

ကားမီးရောင်အောက်မှာ ညီလင်းပထုတ်လိုက်သော ငါး
ထောင်တန်တွေကို ထိုလူနှစ်ယောက်မြင်သွားသည်။ သူတို့နှစ်ယောက်
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အဖော်ညှိလိုက်ကြပြီး. . .

"ငါတို့ကလည်း ဘယ်သူနဲ့မှ ပြဿနာမဖြစ်ချင်ပါဘူး၊ ကောင်း
ပြီလေ မင်းဘက်က ဒီလိုပြေပြေလည်လည်ညှိနှိုင်းလာမှတော့ ငါ
မင်းပေးတဲ့ငွေကိုယူပြီး ပြန်တော့မယ်"

ဗလတောင့်တောင့်နှင့် လူတစ်ယောက် ညီလင်းပလက်ထဲ
ငါးထောင်တန်တွေကို အငမ်းမရနှင့် ဆတ်ခနဲ ဆွဲယူလိုက်သည်။





"ကဲ. . ကျော်စွာ လာ လစ်မယ်၊ အချိန်မရှိဘူး"

"အေးလေ. . ဒီကောင်မ ငါတို့ခေါ်တာ မလိုက်ဘဲ ငြင်းနေတဲ့
အကြောင်းအရင်းကပါ ဘာလဲဆိုတာ သိသွားပြီ၊ ထားလိုက်တော့. . ဟဲ့
နင်ကောင်းကောင်းနေနော် ဘာသံညာသံမကြားချင်ဘူး၊ မိသားစုရဲ့
ဂုဏ်သိက္ခာကိုထိန်း. . နင့်ကြောင့် အမေဘယ်လောက် စိတ်ဆင်းရဲနေ
ရလဲသိလား"

ကြာ်ရိုးဖြူ မျက်လုံးလေးကလယ်ကလယ်နှင့် ဘာမှမပြောပဲ
ငြောင်စိစိလေး ရပ်နေ၏။

"ညီလေး အစ်ကိုတို့ ခုလိုဒါနပြုတာ ကျေးဇူးတင်ပါတယ်၊ ကိုယ်
တို့ညီမလေးကို ခုလိုစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးလည်းတင်
တယ်"

ကျေးဇူးစကားတွေ ရှန်းရှန်းဝေအောင်ပြောပြီး ရပ်ထားသော
ကားတစ်စီးဘက်သို့ ခပ်သွက်သွက်လျှောက်သွားသော လူနှစ်ယောက်
ကို ကြည့်ပြီး ပါးစပ်အဟောင်းသား ကျန်ခဲ့သူက ညီလင်းပ။

ဒီတော့ သူမ ဘက်လှည့်ကာ. . .

"ဟေ့. . ဟေ့. . နေပါဦး အဲဒီလူတွေက မင်းကိုနှောင့်ယှက်
နေတဲ့ လူရမ်းကားတွေ မဟုတ်ဘူးလား"

"မဟုတ်ဘူး. . အဲဒါ ကျွန်မအစ်ကိုတွေလေ"

"ဟမ်း. . အဲ. . အဲဒါ စောစောကပြောပါတော့လား၊ ခုတော့
ပိုက်ဆံတွေပါသွားပြီး"

ခုမှ နှမြောရကောင်းမှန်းသိသွားကာ ညီလင်းပဆွေ့ဆွေ့ခုန်
သွားသည်။

"အမလေး. . သူတို့ကလည်း ငွေမြင်လို့ ကျွန်မကို ဆက်ပြီး
အနှောင့်အယှက်မပေးတော့တာ မဟုတ်ဘူးရှင့်၊ ကြောက်လန့်တန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရက်ရောနေတာတွေ့လို့ သက်သက်လူလည်ကျသွားတာ. . ကျေးဇူးပဲ ကြားထဲက ငထွားခါးနာပေးလို့"

"ဩော် တော်တော်ကောင်းတယ်၊ ငါကပဲ ငထွားဖြစ်ရပြန်ပြီ ဒါနဲ့ မင်းနေ့ခင်းက ဘာလို့ဖုန်းမကိုင်တာလဲ"

"ဟင်. . ရှင်ဖုန်းခေါ်သေးလို့လား၊ အဟင်း သိတောင်မသိဘူး ဖုန်းထဲမှာ ဘေလ်နည်းနေတာနဲ့ ဖွင့်တောင်မကြည့်ဖြစ်ဘူး"

"မင်းမကိုင်ပေမယ့် ကောင်လေးတစ်ယောက်ကိုင်တယ် ဒြည့် သည်တွေ ရောက်နေလို့လား"

"ဟင်. . ဘယ်လို ကောင်လေးတစ်ယောက်ကိုင်တယ် ဟုတ် လား. . မဖြစ်နိုင်တာ၊ ဒါဆိုရင် သေချာပြီ. . ရှင်ဖုန်းမှားနေတာ"

"ဟာ. . မမှားပါဘူး၊ မင်းဖုန်းနံပါတ်. . လုံးဝတစ်လုံးမလွဲဘူး နေဦး ငါပြမယ်"

ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်ယူလိုက်ပြီး ဖုန်း call တွေကို ထုတ်ပြလိုက်သည်။ ဖုန်းထဲမှ ခေါ်ဆိုထားသည့်အချိန်နှင့် နံပါတ်က ကြာရိုးဖြူ၏နံပါတ်။ တစ်ခုခုတော့လွဲနေသဖြင့် ကြာရိုးဖြူ မျက်မှောင် လေးကျုံ့ကာ စဉ်းစားလိုက်သည်။

"နေ. . နေပါဦး ကောင်လေးတစ်ယောက် ကိုင်တယ်ဆိုတော့ သူက ရှင့်ကိုဘာပြန်ဖြေလဲ"

"အစ်မ ပဲဟင်းတွေစားပြီး ပန်းနေလို့တဲ့"

"ဘုရားရေ"

ကြာရိုးဖြူ အယောင်ယောင်မှားမှားဖြင့် ဘုရားတမိသွားသည်။

"မင်းတကယ်ပဲ ပဲဟင်းစားထားလို့လား"

"ဟုတ်တယ် ဒီနေ့ပဲဟင်းချက်စားပြီး အဟဲ. . ဖုန်းထဲမှာပြော သလို ဖြစ်နေလို့ လူကမြော့မြော့ပဲ ကျန်တော့တယ်"





"ဒါဆို အဲဒီကောင်လေးကဘယ်သူလဲ၊ တော်တော်ကဲမယ့်ပုံ ပဲ ဘောလုံးတွေ တဘုန်းဘုန်းတဒိုင်းဒိုင်းနဲ့ကန်နေတာ ဖုန်းထဲမှာ နားကွဲ မတတ်. . ဘယ်သူလဲ ဘယ်က,ကလေးလဲ"

ဘောလုံးတွေ တဘုန်းဘုန်းကန်သည်ဆို၍ ကြာရိုးဖြူ မျက်လုံး မှေးသွားသည်။

သို့သော် ပျက်သွားသောမျက်နှာကို မနည်းပြန်ထိန်းကာ. . .

"အဟင်း. . အဲဒါ. . ဟို. . ဟိုလေ အိမ်ကိုခဏလာလည်တဲ့ မောင်လေးပါ၊ သူကဒီလိုပဲ ခဏခဏ ဘောလုံးဆော့နေကြလေ"

"ဩော် ဒါဆိုလည်းပြီးရော၊ ပန်းဖလားတာပြီးပြီလား. . ခါတ် ဆားရည်ရော သောက်ထားလား ခုရောဘာစားပြီးပြီလဲ"

ဂရုတစိုက်မေးလာသော ညီလင်းပအမေးကြောင့် ကြာရိုးဖြူ အရယ်မျက်နှာလေးဖြင့် ဖျော့တော့စွာ ခေါင်းညိတ်ပြလိုက်ပြီး. . .

"အင်း သက်သာသွားပါပြီ"

"ဒါဆို ဒီည အကမသင်တော့ဘူးနော်"

"ဟင့်အင်း. . သင်မှာပဲ၊ ဒီနေ့မှ သင်တန်းစတယ် ဒီနေ့ပျက်လို့ ဘယ်ဖြစ်မလဲ"

"ကဲ. . ဒါဆိုလည်းပြီးရော၊ ကိုယ်ရေချိုးပြီးရင် မင်းအိမ်ဘက် ကူးလာခဲ့မယ်"

"အင်း မျှော်နေမှာနော်"

"အင်းပါ. . ငါက ကတိကို မဖျက်တတ်ပါဘူး၊ မင်းသာ အိပ် ငိုက်မနေနဲ့၊ ကဲ. . ဝင်တော့ မှောင်နေပြီ"

"အင်းပါ. . တာ့တာ"

ကလေးငယ်တစ်ယောက်လို တာ့တာပြကာ ခြံထဲပြန်ဝင်သွား သော ကြာရိုးဖြူကို စိတ်မသက်မသာကြည့်ပြီး ကားပေါ်ပြန်တက်ကာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခြံဘက်ကို မောင်းခဲ့လိုက်သည်။

အလကားနေရင်းထိုင်ရင်း ကိုယ့်အိတ်ထဲက ပိုက်ဆံက ဘူမသိ ကိုးမသိ ခုန်ထွက်သွားရတယ်လို့. . .

ကိုယ်တုံးတာ ကိုယ်ခံပေါ့ဟု. . ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်လိုက်တော့သည်။







# အခန်း(၁၂)

"မောင်လေး မောင်လေးရယ် မမဘယ်လိုပြောရမလဲ၊ မင်း ဒီအိမ်ကြီးမှာရှိနေမှန်း မမသိတယ်. . ဒါကြောင့် လေးလေးဆီမှာခွင့် တောင်းပြီး ခဏလာပြန်နေတာပါ"

ညည့်ခန်းတစ်ခန်းလုံး ကြာရိုးဖြူ၏ရှိုက်သံက လွှမ်းမိုးနေ၏။

"မင်းကို ဒီလိုဘဝမျိုးကြီးနဲ့ မနေစေချင်ဘူး၊ မမဘယ်လို ကယ်တင်ရမလဲ ပြောပါ၊ မင်းရဲ့ဆန္ဒတွေကို မမကိုသိအောင် တုံ့ပြန်ပေးပါတွယ်"

ထိုစဉ် တိတ်ဆိတ်နေသော ညည့်ခန်းထဲသို့ ဘောလုံးလေးတစ်လုံး လိမ့်ဝင်လာကာ ကြာရိုးဖြူနားရောက်တော့ ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ငိုနေရင်းမှ ဘောလုံးဖြူဖြူလေးကို ကောက်ယူပြီး ရင်မှာအပ်ထားလိုက်သည်။ ရုတ်တရက် မီးတွေတဖျတ်ဖျတ် ကစားသွားသည်။ လင်းတစ်လှည့် မှောင်တစ်လှည့် အခန်းထဲတွင် ကြာရိုးဖြူ မောင်လေး ငြိမ်းချမ်းလေးကို တွေ့လိုတွေ့ငြား ရှာလိုက်သည်။

တွေ့ပါပြီ. . ခန်းစည်းလိုက်ကာကြားထဲမှာ တိုးထွက်လာသော မောင်လေး၏ပုံသဏ္ဍာန်. . .

မဆုံးခင်ကရုပ်ပုံအတိုင်း ပကတိအပြစ်ကင်းစင်သော မောင်လေးကို မြင်တော့ ကြာရိုးဖြူ လက်ကမ်းလိုက်သည်။

"မောင်လေး မမဆီလာပါဦး"

ငြိမ်းချမ်းလေး သူ့အစ်မဆီကို အမှောင်ထဲမှ ဝမ်းသာအားရ ပြေးဝင်လာသည်။

"မမ. . မမ"

"မောင်လေး"

မောင်နှမနှစ်ယောက် ဝမ်းသာအားရ ပြေးဖက်လိုက်ကြသည်။ နှစ်ယောက်စလုံးရဲ့ မျက်လုံးအိမ်တွေမှာ မျက်ရည်တွေနှင့်. . .

"မမ သားနဲ့အဖော်လာနေပေးတာ ကျေးဇူးတင်ပါတယ်၊ မမ အိမ်ကိုပြန်မလာခင်တုန်းက ဒီအိမ်ကြီးမှာ သားတစ်ယောက်ထဲနေရတာ အရမ်းဖေ့ပျင်းဖို့ကောင်းတယ်. . အားလဲငယ်တယ်၊ ခု မမသားနားမှာရှိတော့ ဘာကိုမှ မကြောက်တော့ဘူး"

"အေးပါ. . အေးပါ မောင်လေးရယ်၊ မမလေ မောင်လေးဒီလို ဘဝကြီးနဲ့ နေနေရတာကိုမြင်ရတော့ ရင်ထဲမှာ မချိဘူးကွယ်"

ကြာရိုးဖြူ ငြိမ်းချမ်း၏ခန္ဓာကိုယ်လေးကို လွတ်ထွက်မတတ် ခပ်တင်းတင်း ဖက်လိုက်သည်။

ငြိမ်းချမ်းကလည်း အစ်မဖြစ်သူ၏ရင်ခွင်မှာ အားကိုးတကြီး





တိုးဝင်ကာ တဟီးဟီးနှင့် ငိုရှိုက်နေ၏။

"ခုကစပြီး မမ မင်းအနားမှာ အမြဲနေပေးမယ်နော် မောင်လေး ဘာမှမကြောက်နဲ့တော့ သိလား"

ငြိမ်းချမ်း၏ဆံစတွေကို တယုတယသပ်ပြီး ချော့သိပ်ပေးနေသော ကြာရိုးဖြူ၏ရင်ထဲမှာ နာကျင်လိုက်တာမှ ရင်ထဲမှာ တဆစ်ဆစ်ပါပဲ. . .

ငယ်ငယ်ရွယ်ရွယ်နှင့် သေခြင်းတရားကို ရင်ဆိုင်သွားရသော မောင်လေးအဖြစ်က ဆိုးလွန်းပါသည်။

အဲဒီနေ့က ကြာရိုးဖြူဟာ မောင်လေးတအားဆော့၍ မျက်စိနှုပ်လွန်းသဖြင့် အပြင်မှာဘောလုံး ထွက်ကန်ချင်ကန်ဟု ပြောလိုက်မိသည်။ ထိုစကားတစ်ခွန်းကြောင့် အပြင်ထွက်ဆော့ရာမှ မောင်လေးကို သေမင်းတမန်က ရက်ရက်စက်စက် ခေါ်သွားသည်။ ကားတိုက်ခံရ၍ မောင်လေးသေရခြင်းဟာ ကိုယ့်ကြောင့်ဆိုသည့် စိတ်ကြီးက ကြာရိုးဖြူ၏ရင်ထဲမှာ ဘယ်တော့မှ ဖြေသိမ့်၍မရနိုင်မည့် ကြေကွဲဝမ်းနည်းမှုကြီးပါပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း ယခုချိန်ထိ ပြစ်တင်နေဆဲ. . .

လူရှေ့သူရှေ့မှာ ပျော်တတ်တဲ့ကြာရိုးဟာ လူမသိသူမသိ နောင်ကောင်းကောင်းမှာ မောင်လေးအတွက် ထိုင်ကြေကွဲခဲ့ရတာတွေကို ဘယ်သူသိနိုင်မလဲ. . .။

ကျန်မိသားစုအားလုံးက သေသောသူ ကြာရင်မေ့ဆိုသလို မေ့သွားနိုင်ကြပေမယ့် ကြာရိုးဖြူအနေနှင့် မောင်လေးကို ဘယ်တော့မှ မမေ့နိုင်တာ ကြီးမားတဲ့မေတ္တာတရားတစ်ခုပါ. . .။

"မမ ဒီမှာ သားနဲ့အပြီးနေမှာလားဟင်"

"အင်းပေါ့. . နေမှာပေါ့ မောင်လေးရယ်၊ မမလေ မောင်လေးကို ဒီဘဝကလွတ်မြောက်ပြီး ဒီထက်ကောင်းတဲ့ နေရာတစ်ခုကိုသွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ကူညီပေးမယ်သိလား"

"အဲဒီနေရာမှာ ဒီနေရာလို ဘောလုံးကန်လို့ ရလို့လားမမရာ၊ မောင်လေးက ဘောလုံးပဲကန်ချင်တာ၊ ဒီနေရာမှာ မမပါရှိနေမှတော့ ဒီထက်ကောင်းတဲ့နေရာကိုမရောက်လဲ နေပါစေမမရာ"

ကြေကွဲဝမ်းနည်းစရာကောင်းလိုက်သည့်စကား၊ မောင်လေး ရှေ့မှာ မငိုရက်ပေမယ့် မျက်ရည်တွေက ဝမ်းနည်းခြင်းတွေကို အဖော် ပြုထားပြီးပြီမို့ ဘယ်လိုမှ စိတ်ကိုတင်းခံ၍မရတော့၊ ဒီတော့. . ဟီးချ ပြီးသာ ငိုချလိုက်တော့၏။

"မောင်လေးရယ် မမ မင်းကိုချစ်ပါတယ်၊ မမကိုခွင့်လွှတ်ပါ"

မောင်လေးခုလို အဖြစ်ဆိုးမျိုးကြီးထဲမှာ တစ်ယောက်တည်း ကျင်လည်နေရတဲ့အကြောင်း မေမေ့ကို ဘယ်လိုပြောပြရမလဲ၊ မေမေ သိရင် အရမ်းခံစားသွားရမှာ. .။

"ဟင့်အင်း မမအနားမှာရှိနေပြီပဲ၊ မေမေ့ကို သွားမပြောနဲ့နော် မေမေသားကို ပြန်ခေါ်သွားရင် ဒီမှာလို ဘောလုံးလွတ်လွတ်လပ်လပ် ကန်ခွင့်ရမှာ မဟုတ်တော့ဘူး"

"အေးပါ. . အေးပါကွယ်၊ မမ မပြောပါဘူး၊ မမတို့မခွဲဘဲ အ တူနေကြမယ်နော်"









# အခန်း(၁၃)



"ဟော. . ဟော့. . ထ. . ထ. . အောင်မယ် အကသင်ချင်တဲ့ ...တဲ့ ခုပေါ်မှာ အိပ်နေလိုက်တာ အိပ်မက်တွေဘာတွေတောင် မက်လို့"

လက်မောင်းကို ခပ်ဆတ်ဆတ်ရိုက်ပြီး နှိုးနေသော ညီလင်းပ ...သံကြောင့် ကြာရှိုးဖြူ အသိစိတ်တို့ ဖျတ်ခနဲ တိုးဝင်လာသည်။

"ဟင်. . ကို. . ကိုညီလင်းပ"

"ပြောတော့. . မငိုက်ပါဘူးဆို၊ ခုတော့ အိပ်တောင်အိပ်နေ ...လိုက်သေးတယ်၊ အိပ်မက်ထဲမှာ ရည်းစားနဲ့တွေ့ပြီး အလွမ်းသယ်နေပုံ ...တယ်၊ ရော့. . . မျက်ရည်တွေရော နှပ်ရည်ရော သုတ်လိုက်ဦး"

ကမ်းပေးလာသော စန္ဒီးတာဝါတစ်ခုကို ရှက်အမ်းအမ်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းယူလိုက်ကာ ပါးပေါ်မှမျက်ရည်တွေကို သုတ်လိုက်ပြီး. . နှပ်ရည်တွေကို ဖျစ်ခနဲ ညှစ်လိုက်သည်။

ညီလင်းပ မျက်နှာရှုံ့မဲ့သွားသည်။ တော်တော်ညစ်ပတ်တဲ့ စာရေးဆရာမပဲဟု စိတ်ထဲမှ ကဲ့ရဲ့လိုက်သည်။

"မင်းရည်းစားကောင်လေးက မိန်းမယူပြီး ထားသွားလို့လား"

"အို. . မဟုတ်တာ"

"ဒါဆို ဘာငိုစရာအကြောင်းရှိလဲ"

"အို. . အိမ်မက်မက်ပါတယ်ဆိုမှ သူမက်ချင်တဲ့အကြောင်းအရာ မက်မှာပေါ့လို့"

"ဒါဆို. . မောင်လေးက မင်းချစ်သူမဟုတ်လား"

"ဖတ်. . ဖတ်. . ဖတ်"

ပျော်စေပျက်စေ ရှုတ်နောက်နောက်စကားတွေပြောနေတုန်း အတွင်းခန်းထဲမှ ပြေးထွက်လာသည့် ခြေသံကြောင့် ဆက်တီခုံဘေးမှာ ဝင်ထိုင်နေသော ညီလင်းပ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"အိမ်ထဲမှာ ဘယ်သူရှိလဲ"

"ဘယ်သူမှ မရှိပါဘူး"

"ခြေသံကြားလိုက်တယ်"

"စိတ်ထင်လို့ပါ"

"စောစောက မင်းအိပ်မက်ထဲက ချစ်သူတော့ မရှိပါဘူးနော်"

"ရှင်နော်. . လူကို ဘယ်လိုအစားထဲကများ မှတ်နေလဲ"

"အိပ်ပျော်ရင်းသွားရည်ကျတတ်တဲ့ အစားထဲကလေ"

"ဘာသွားရည်မှ မကျဘူး လျှောက်ပြောမနေနဲ့"

"ဟာ မယုံဘူးလား မင်းဆက်တီခုံမှာ မှီပြီး ရုပ်ပျက်ဆင်းပျက် အိပ်ပျော်နေတဲ့ပုံကို ငါဓါတ်ပုံရိုက်ထားတယ်. . ဟားဟားဟား. . ဝင်





ညည်တယ်ဆိုတာ ဒါကိုပြောတာ၊ ရယ်စရာကောင်းအောင် ငုတ်တုတ်အိပ်ပျော်နေတဲ့ပုံကို အင်တာနက်ပေါ်သာ တင်လိုက်ရင် comment တွေအများကြီး တက်လာကြမှာ မြင်ယောင်သေး"

"ရှင်နော် အဲဒီလို လုပ်ရဲလုပ်ကြည့် အခုပြန်ဖျက်ပေး"

"နိုး. . လုံးဝပဲ ဒီပုံကို အင်တာနက်ပေါ် တင်ဖြစ်အောင်ကို တင်လိုက်ဦးမယ်"

ကိုယ့်အလှည့်ကျတော့ ကြာရိုးဖြူ ဆွေ့ဆွေ့ခုန်နေသည် ထိုပုံကို အင်တာနက်ပေါ်တော့ အရောက်မခံနိုင်။

"ပေး. . ရှင့်ဖုန်း ခဏယူကြည့်ဦးမယ်"

ညီလင်းပလက်ထဲက ဖုန်းကို ဆတ်ခနဲလုယူလိုက်သည်။

သို့သော် လျှင်မြန်သောရှောင်တိမ်းမှုကြောင့် ဖုန်းက ညီလင်းပ လက်ထဲမှာပင်. . .

နှစ်ယောက်သား ဖုန်းလုကြရင်းနှင့် လုံးထွေးသွားကြသည်။

"ပေးနော် ကျွန်မပုံကြည့်ချင်လို့"

"မပေးဘူး. . . ဟားဟားဟား"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြိုင်တူရယ်လိုက်ကြသည်။

ရုတ်တရက် ညီလင်းပနောက်ရောက်လာသော ငြိမ်းချမ်းကို မြင်တော့ ကြာရိုးဖြူထိတ်လန့်သွားသည်။

ငြိမ်းချမ်း၏လက်နှစ်ဖက်က ညီလင်းပ၏လည်ပင်းအစုံကို ကိုင်ထားပြီး ညှစ်တော့မည့် အနေအထားမျိုး. . .

တဟားဟားနှင့် ရယ်နေသော ညီလင်းပမှာလည်း မျက်နှာပျက်တာ အထိတ်တလန့်ဖြင့် ကိုယ့်အနောက်ကို စိုက်ကြည့်နေသော ကြာရိုးဖြူကိုကြည့်ပြီး အရယ်ကိုရပ်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ငါ့နောက်မှာ ဘာရှိလို့ အဲလောက် မျက်လုံးကျွတ်တ
မတတ် ကြည့်နေတာပဲ"

"ဟင့်အင်း. . မလုပ်နဲ့. . မလုပ်နဲ့"

"ဟာ. . ဘာတွေပြောနေတာလဲ ငါဘာမှ မလုပ်ဘူး"

ကြာရိုးဖြူ အချိန်မီလှမ်းတားလိုက်သည်။ ငြိမ်းချမ်း၏လက်တွေသည် ညီလင်းပလည်ပင်းမှ လျောဆင်းကာ ပခုံးနှစ်ဖက်ပေါ်သို့ တင်ထား၏။

ကြာရိုးဖြူ၏ လက်အစုံက ညီလင်းပ ပခုံးနှစ်ဖက်ပေါ် တင်ထားသော ငြိမ်းချမ်း၏ လက်ပေါ်သို့ အုပ်မိုးဆုပ်ကိုင်လိုက်သည်။

ညီလင်းပ ရုတ်တရက်အပြုအမူကြောင့် ကြောင်သွားသည်။

"ကြာရိုးဖြူ မင်းဘာဖြစ်နေတာလဲ တဖြည်းဖြည်းနဲ့ ငါ့ကို ချ
နေပြီမဟုတ်လား၊ အဟတ်. . . ငါ့ကိုချစ်တဲ့မိန်းမတွေ မင်းနဲ့ပါဆိုရင်
အယောက်တစ်သိန်းနဲ့တစ်ယောက်ပဲ"

အရေးထဲ ပဏာဝင်ယူနေသော ညီလင်းပစကားကို မတုံ့ပြန်အားသေး၊ ညီလင်းပအား မောင်လေးတစ်ခုခုတုံ့ပြန်မှာကို စိုးရိမ်နေရသည့်အတွက် ငြိမ်းချမ်း၏ အေးစက်စက်လက်ကို မလွှတ်ရဲ. . .

"မောင်လေး မလုပ်နဲ့ သူကမမချစ်ရတဲ့သူ၊ သူ့ကိုဒုက္ခရောက်
အောင်မလုပ်ပါနဲ့၊ မောင်လေးဘဝမှာ မမကို လိုအပ်သလို မမလည်း
သူ့ကိုလိုအပ်တယ်၊ မမကိုချစ်သလို မင်းသူ့ကိုလည်း ချစ်ရမယ်"

ကြာရိုးဖြူ စိတ်ထဲမှ ပြောလိုက်ခြင်းဖြစ်သည်။

"မောင်လေ. သူ့ကိုချစ်ရင် သူ့အိမ်ထဲမှာရော ဝင်ဆော့လို့ရ
လား၊ မောင်လေးကိုရော အဖော်ဆော့ပေးမှာလား၊ သူတို့အိမ်တံခါး
ဘဲလ်သွားတီးရုံလောက်နဲ့တော့ ပျော်စရာမကောင်းဘူးနော်"

ငြိမ်းချမ်းပြောနေတာကို ညီလင်းပမကြားပေမယ့် ကြာရိုးဖြူ





ကြားနေရသည်။

မောင်နှမနှစ်ယောက် ညီလင်းပ၏ ပခုံးကို ပြိုင်တူကိုင်ထားရြပြီး တယ်လီပသီနည်းဖြင့် စိတ်ချင်းဆက်သွယ် စကားပြောနေကြသည်။

"အင်း. . တစ်ခါတလေ ဝင်ဆော့ပေါ့၊ ဒါပေမယ့် သူကြောက်
အောင်တော့ မခြောက်ရဘူး မမကိုကတိပေး"

"အင်း ပေးတယ်မမ"

"ဒါဆိုရင် အခုမောင်လေးရဲ့လက် လွှတ်လိုက်တော့"

ငြိမ်းချမ်း အစ်မစကားကိုနားထောင်သည့်အနေဖြင့် ညီလင်းပ ပခုံးထက်မှာ တင်ထားသော သူ့လက်ကို ရုပ်လိုက်သည်။

ကြာရိုးဖြူလည်း လက်ရုတ်လိုက်သည်။

"ဟော့. . မင်း အပမှီနေတာလား၊ ဒါမှမဟုတ် ငါ့ပခုံးကိုကိုင်ပြီး
ဖလင်တွေတက်သွားတာမဟုတ်လား. . ဟား. . ဟား. . ဟား. . စိတ်
ဓာလေးဘာလေးလည်း ထိန်းပါဦး၊ လူကိုကြည့်နေလိုက်ပုံများ မြွေမသားဆို
တစ်ကိုယ်လုံးကို မျိုချပြီးနေလောက်ပြီ"

ပြောချင်ရာကိုပြောနေသော ညီလင်းပကို ဘာဖြေရှင်းချက်မှ မပေးချင်တော့၍ ခပ်တွေတွေတစ်ချက်ကြည့်ကာ ဆက်တီခုံမှာ ခပ်ငူငူ ဝင်ထိုင်လိုက်သည်။

ညီလင်းပပါ ကြာရိုးဖြူနား ဝင်ထိုင်လိုက်သည် စောစောကလို ခပ်နောက်နောက်စကားတွေ မပြောတော့ပဲ ညှိုးကျသွားသော ကြာရိုးဖြူကို အကဲခတ်နေ၏။

"နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ဒါဆို. . ဘာဖြစ်လို့ ကျောက်ရုပ်ကြီးလို ဖြစ်သွားရတာလဲ၊
ကိုယ့်ကိုစိတ်ဆိုးသွားလို့လား. . ဆောရီးနော် ကိုယ်တစ်ခါမှ ဘယ်မိန်း

www.burmeseclassic.com



ကလေးနဲ့မှ ခုလိုတရင်းတနှီး မနေခဲ့ဖူးဘူး"

"ကျေးဇူးတင်ပါတယ်"

"လာလေ အကသင်မယ်လေ"

"ဟင့်အင်း. . . ဒီညတော့ မသင်တော့ဘူး မနက်ဖြန်မှ သင်တော့မယ်"

"မနက်ဖြန်ည ကိုယ်မအားဘူး၊ ခြံထဲမှာ သူငယ်ချင်းတွေ ပါတီပွဲလေး လုပ်မလို့. . မင်းပါလာရမယ် လာမယ်မဟုတ်လား"

"အင်း. . လာခဲ့မယ်လေ"

"ဒါဆို ကိုယ်ပြန်တော့မယ် ဂွတ်နိုက်"

"ဟုတ်"

ညီလင်းပ အိမ်ထဲမှပြန်ထွက်သွားတော့ ရင်ထဲမှာ မတင်မကျကြီးနှင့် မောလျစွာ ကျန်ရစ်ခဲ့သည်။

အံ့သြစရာကောင်းလိုက်တဲ့ ဆန်းကြယ်မှု၊ ရင်နာစရာကောင်းလိုက်တာ ငယ်ရွယ်နုနယ်ပြီး ရိုးသားဖြူစင်ခဲ့တဲ့ မောင်လေးဟာ ဘောလုံးလေးတစ်လုံးကို စွဲလမ်းမိသွား၍ ခုလို အမှောင်လောကသားအဖြစ် နေနေရတယ်တဲ့လား. . .။

မောင်လေး အဖြစ်ကဆိုးလိုက်တာ. . ။







# အခန်း(၁၄)

"ဘုန်း. . ဘုန်း. . ဘုန်း. . "

"ဟာ. . . ဘာလဲ ဘာသံလဲဟ"

အိပ်ရေးတွေပျက်နေသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မည်ကြံတာရှိသေးသည် အကခန်းမဘက်မှ တဘုန်းဘုန်းမြည်သံကြောင့် ညီလင်းပ ခေါင်းထောင်ကြည့်လိုက်သည်။

"ကိုညီ အဲဒါဘာသံလဲ"

"မသိဘူးလေ. . ငါလဲ အဲဒီအသံကြားလို့ နားစွင့်နေတာ"

နှစ်ယောက်သား ခုတင်ပေါ်မှ ပေါက်ခနဲထထိုင်ကာ အသံ



www.burmeseclassic.com

www.burmeseclassic.com



ကြားရာသို့ ထွက်လာခဲ့ကြ၏။

"အသံက ခန်းမဘက်က ထင်တယ်"

"အင်း. . . ကျွန်တော်သွားကြည့်လိုက်ဦးမယ်"

သိုးပု ခန်းမဘက်သို့ထွက်သွား၏။ ခန်းမထဲမှာ ဘာမှရှိမနေ၍ သိုးပုငေါင်သွားသည်။

ဒါဆို ဒီတဘုန်းဘုန်းအသံက ဘယ်ကအသံလဲ. . ထူးတော့ ထူးဆန်းနေပြီ။

"တွေ့လား. . . ဘာတွေပြုတ်ကျတဲ့အသံလဲ"

ညီလင်းပ အမေးကို သိုးပု ခေါင်းခါပြရင်း. . .

"ဒါ ပစ္စည်းတစ်ခုခုပြုတ်ကျတဲ့ အသံမဟုတ်ဘူး နံရံကို ဘောလုံးနဲ့ပေါက်နေတဲ့အသံမျိုး ကိုညီရ"

"အောင်မလေး ငါတို့တော့ ဒီညရော အိပ်ရပါဦးမလား သိုးပုရ ဘယ်ကောင်ကများ ခုလို အနှောင့်အယှက်တွေအမျိုးမျိုး လာပေးနေပါလိမ့်"

"ခစ်. . ခစ်. . ခစ်. . ခစ်"

"အယ်"

"ဟင်. . အောင်မလေးဗျ. . သ. . သရဲခြောက်တယ်"

တခစ်ခစ်ရယ်သံကို နှစ်ယောက်စလုံး ပြိုင်တူကြားလိုက်ရ၍ သိုးပု မျောက်တစ်ကောင်ခုန်သလို စွေ့ခနဲခုန်ကာ ညီလင်းပနား ရောက်လာသည်။

"ဟာ. . နေ. . နေပါဦးကွ၊ ဘယ်ကသရဲရှိရမှာလဲ"

"ဩော်. . ဒီလောက်ရယ်သံထွက်နေတာကို မကြားဘူးလား ကိုညီရာ"

သရဲကြောက်တတ်သော သိုးပုအသံတွေပင် ပြာနှမ်းနှမ်း ဖြစ်





လာသည်။

ညီလင်းပ ထပ်ပြီးနားစွင့်လိုက်သည်။ ရယ်သံရော တဘုန်းဘုန်းအသံရော ထပ်မကြားရတော့။

အဲဒီရယ်သံနဲ့ တဘုန်းဘုန်းအသံက ဘယ်ကထွက်ပေါ်နေတာလဲ၊ ဟိုဘက် ကြာရိုးဖြူတို့ အိမ်ကများလား၊ အဲဒီအိမ်က ကြာရိုးဖြူ အောင်လေး ဆော့နေတာများလားဟူသောအတွေးနှင့် အခန်းထောင့်သို့ အကြည့်ရောက်သွားသည်။

"အောင်မလေးဗျာ. . ပန်းအိုးကြီးကွဲနေပါလား၊ ကုန်ပါပြီ. . ဆုန်ပါပြီ. . "





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

ယုန်လေး၏ အိုင်ဒီယာဖြင့် ခြံထဲတွင် ရွက်ဖျင်တဲလေးတွေ ဖွင့်ကာ မြက်ခင်းပြင်တွင် ဘာဘီကျူးလုပ်စားကြ၏။ ဂျပန်ဆိုင်မှအကင် သမားကိုခေါ်ပြီး ကိုရီးယားအသားလုံးများနှင့် အသားငါးများကို ခေါ် ကင်ခိုင်းထားသဖြင့် ခြံတစ်ခြံလုံး အသားကင်နံ့တွေ လှိုင်နေအောင် မွှေးကြိုင်နေ၏။

"ကိုညီ ကျွန်တော်တို့ ကကြရအောင်ဗျာ"

ဘီယာမော့ထား၍ ခပ်ထွေထွေဖြစ်နေသော. . မော်ဒယ်လ် ကျော်မင်းမောင် မြောက်ကြွမြောက်ကြွလျှောက်လာပြီး ကရန် အဖော် ညှိ၏။





"ဟုတ်တယ် ကိုညီ. . ပရိသတ်တွေရှေ့မှာပဲ ကပြရတာ စိတ် တွေအရမ်းမွန်းကြပ်နေပြီ၊ အခုပရိသတ်တွေ တစ်ယောက်မှမရှိတဲ့ ခုလို ညချမ်းကို အကတွေနဲ့ မြူးလိုက်ကြရအောင်၊ ယုန်လေး စိတ်လွတ်ကိုယ် လွတ်ကို ကချင်လာပြီ. . လာပါ ကရအောင်"

ကိုဝင်းခိုင်တို့ သိုးပုတို့ကတော့ တခြားအဖွဲ့သားတွေနှင့် ဘီ ယာဝိုင်းကမထ ခေါင်းတောင်သိပ်မဖော်နိုင်ကြတော့. .

"အင်း. . ကတာပေါ့၊ ဒါပေမဲ့ ဒီပွဲမှာ ပရိသတ်အရှင်းမရှိ ဘာမဟုတ်ဘူး. . . တစ်ယောက်တော့ရှိတယ်"

"ဟင်. . အဟုတ် ဘယ်သူလဲ ကိုညီ"

မျက်လုံးလေးဝင့်ကာ လှမ်းမေးသောယုန်လေးကို ကြည့်ပြီး မြေရမှာ အားနာသွားသည်။

ကြာရိုးဖြူကို ဖိတ်ထားသည်ဟုဆိုလျှင် ယုန်လေးမျက်နှာပေါ် မှ အပျော်တွေ သွေးပေါင်ကျသွားနိုင်သည်။

ထိုစဉ် ခြံထဲသို့ ကြာရိုးဖြူဝင်လာတာမြင်တော့ ညီလင်းပ၏ အကြည့်တွေ ခြံဝကိုရောက်သွားသည်။ ကျော်မင်းမောင်နှင့် ယုန်လေးပါ ခြံဝကို လှည့်ကြည့်လိုက်ကြသည်။

ကြာရိုးဖြူကိုမြင်တော့ ကျော်မင်းမောင်အဖို့ ဘာမှမထူးခြား သော်လည်း ယုန်လေးအတွက်တော့ ဂျေတွေအလိပ်လိုက်တိုးဝင်လာပြီး မျက်နှာမှာ မသိမသာမဲ့ပြီး ညိုမှောင်သွားသည်။

"သူက ကိုညီပြောတဲ့ ပရိသတ်လား"

"အင်း. . ဟုတ်တယ်"

"ဟွန်း. . သွားပြီ အပျော်တွေ အတောင်ပံပေါက်ကုန်ပါပြီ. . ဘာတယ်ပဲဟယ်. . ကိုညီတို့ လုံးဝမမိုက်ဘူးသိလား"

ထိုသို့ပြောပြီး ယုန်လေးမကျေမနပ်ဖြင့် ကြာရိုးဖြူကို ဝေပ



www.burmeseclassic.com

www.burmeseclassic.com



စောင်းပေစောင်းကြည့်ကာ ကိုဝင်းခိုင်တို့ ဘီယာဝိုင်းသို့ လျှောက်သွားသည်။

"ဟေ့ယုန်လေး. . ငါတို့မိန်းကလေးဝိုင်းကိုလာလေဟာ၊ နင်က လည်း ဘယ်ထဲသွားထိုင်မလို့လဲ"

"လာမယ်. . လာမယ်. . ဘီယာကုန်သွားလို့ ထပ်ငှဲ့မလို့၊ ဒီည မပျော်တော့ဘူး အားလုံးကို ဘာမှမသိအောင် အမူးကိုသောက်ပစ် မယ်"

"ဟိုင်း. . လာ ကြာရိုးဖြူ ခုမှဘာလို့လာတာလဲ တော်တော် ညဉ့်နက်နေပြီ"

ညီလင်းပ အရေးတယူ ကြိုဆိုလိုက်သည်။

ကြာရိုးဖြူနောက်နားမှာ ကပ်ပါလာသော ငြိမ်းချမ်းလေးကို ဘယ်သူမှမမြင်ကြ။

ညီလင်းပ ကြာရိုးဖြူအတွက် သီးသန့်စီစဉ်ထားသော စားပွဲ ဝိုင်းသို့ခေါ်လာသည်။ ကျော်မင်းမောင်ပါ ဟိုလိုလိုဒီလိုလိုနှင့် လိုက် လာပြီး ကြာရိုးဖြူနှင့် ညီလင်းပအနားမှာ ဝင်ထိုင်လိုက်သည်။

သိုးပုံ အလိုက်သိစွာဖြင့် အကင်တွေလာချပေး၏။ စားပွဲပေါ်မှ အချိုရည်ဘူး အစုံနှင့် ဝိုင်ပုလင်းကို မေးဆတ်ပြပြီး. . .

"ဆရာမ အချိုရည်သောက်လဲရတယ်၊ အဟဲ. . မူးချင်ရင် တော့ ဝိုင်လေးသောက်၊ ထူးချင်ရင်တော့ ဘီယာသောက်. . ဟဲ. . ဟဲ ဟဲ"

"နေပါစေ ကျွန်မ အချိုရည်ပဲသောက်မယ် ဝိုင်နဲ့မတည့်ဘူး ဝိုင်အနံ့နဲ့အရည်ကိုထိရင် အလှဲ့ဂျစ်ထွက်လို့လေ"

တစ်ဖက်မှ အကဲခတ်နေသောယုန်လေး မသိမသာ နှုတ်ခမ်း တွန့်ကွေးကာ မဲ့လိုက်သည်။





ငြိမ်းချမ်းလေး စာပွဲခုံဘေးမှာ ခြေဖျားလေးထောက်ရပ်ပြီး. . စားပွဲပေါ်မှ စားစရာတွေကိုမျှော်ကြည့်ရင်း. . နှုတ်ခမ်းကို လျှာဖြင့်သိမ်း လိုက်ပြီး ကြာရိုးဖြူရှေ့မှ အကင်တစ်ခုကို ဖတ်ခနဲ လှမ်းဆွဲယူလိုက် သည်။

ကြက်ကင်တစ်ချောင်း သူ့အလိုလိုရွေ့နေသည်ကို ကြာရိုးဖြူ မြင်လိုက်၍ အခြေအနေကို ဘယ်သူမှမရိပ်မိစေရန် သူမပါတစ်ချောင်း လှမ်းယူပြီး မတော်တဆအောက်ပြုတ်ကျသလိုလိုနှင့် စားပွဲဘေးကို လွှတ်ချလိုက်သည်။

"ဟယ်တော် ပြုတ်ကျသွားပြီ အားနာလိုက်တာ"

အားနာဟန်ဖြင့် ခပ်ရွှံ့ရွှံ့ပြောလိုက်သော ကြာရိုးဖြူ၏အကြံ ကို ဘယ်သူမှ မရိပ်မိ။

"နေ. . နေ. . ပြန်မကောက်နေနဲ့ ဒီမှာအများကြီးရှိသေးတာ ပဲ"

"ပေါ်ပြူလာတစ်ယောက်နဲ့ အခုလို တစ်ဝိုင်းထဲထိုင်ပြီး ဂရုစိုက် ခံရလို့ စိတ်လှုပ်ရှားသွားတယ်ထင်တယ်နော်. . အဟင်း. . ဟင်းဟင်း"

ယုန်လေးအနားရောက်လာသည်။ သူမကိုင်ထားသော ဖန် ခွက်ထဲတွင် ဝိုင်နီနီတွေ ထည့်လာသည်။

ယုန်လေး ဘာတွေကြံစည်ပြီး အနားရောက်လာသည်ဆိုတာ ကို ဘယ်သူမှမသိနိုင်။ ငြိမ်းချမ်းကတော့ အန္တရာယ်ကို ကြိုမြင်နေသည့် အလား ယုန်လေးကို ခပ်စူးစူးစိုက်ကြည့်၏။

"အို. . ဆောရီး ဖိတ်ကျပြီ"

"ဟင်း. . ယုန်လေး"

ညီလင်းပ ယုန်လေး၏အပြုအမူကို နားမလည်နိုင် ကြာရိုးဖြူ၏ ထက်ပေါ်ကို ဝိုင်တွေတမင်ဖိတ်ကျလိုက်တာလား ဒါမှမဟုတ် တကယ်



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆပဲလား. . .

ဝိုင်ထိလျှင် အလာ့ဂျစ်ထွက်တတ်သော ကြာရိုးဖြူမှာ လက်ပေါ်ကို ဝိုင်နီတွေကျလာတော့ အထိတ်တလန့်ဖြစ်ပြီး တစ်ရှူးနှင့် ကမျာကယာသုတ်လိုက်သည်။

"ယုန်လေးရာ နမော်နမဲ့နဲ့ ကြာရိုးဖြူက ဝိုင်အရည်ထိလို့မရဘူး၊ သူ့မှာ အလာ့ဂျစ်ရှိတယ်"

အားနာစွာဝင်ပြောလိုက်သော ညီလင်းပစကားကြောင့် ယုန်လေးစိတ်ထဲမှာ ပို၍အမုန်းပွားသွားကာ မျက်နှာကိုမဲ့ပစ်လိုက်ပြီး. . .

"ဒီလောက်လဲ အဖြစ်သည်းမနေပါနဲ့ ကိုညီရယ်၊ တကယ်ပဲ ယုန်လေးကရော တမင်လုပ်လို့လား မတော်တဆ ဖြစ်သွားတဲ့ဟာကို"

"ရ. . ရပါတယ် ကိုညီလင်းပ၊ ကြာရိုး ဘာမှမဖြစ်ပါဘူး"

ဘာမှမဖြစ်ဘူးသာဆိုသည် ကြာရိုး၏ လက်တစ်ဖက်က ဝိုင်မှောက်ခံထားရသည့် လက်တစ်ဖက်ကို ပွတ်သပ်နေ၏။

ငြိမ်းချမ်းမနေသာတော့ သူ့အစ်မကို ရန်စသည့်ယုန်လေးကို လက်တုံ့ပြန်ရန် ယုန်လေးနားကို တိုးကပ်သွားလိုက်သည်။

ယုန်လေး၏ရန်လိုမှုတွေက ကြာရိုးဖြူဆီမှာပဲ ပုံထပ်နေသည်မို့ ရင်ဆိုင်ရမည့် အန္တရာယ်ကို ကြိုမမြင်နိုင်. . .။

ငြိမ်းချမ်းလက်တစ်ဖက်က ယုန်လေး၏ ခါးသိမ်သိမ် ကျဉ်းကျဉ်းလေးကို ဖျတ်ခနဲ တို့ထိလိုက်သည်။

"ဟင်. . သိုးပု နင် ဒါဘာလုပ်တာလ"

"ဟမ်. . ဘာလုပ်လို့လဲ"

သိုးပု ကြောင်စိစိဖြင့် ပြန်မေး၏။

"နင်အရူးကွက်လာမနင်းနဲ့နော် ငါ့ခါးကိုနင်တို့လိုက်တာ ငါမသိဘူးများ မှတ်နေလား"





ဘလိုင်းကြီးစွပ်စွဲခံရသဖြင့် သိုးပုခေါင်းတွေတဖျင်းဖျင်း ကုတ်တာ မျက်နှာငယ်လေးဖြင့် ယုန်လေးကိုကြည့်ပြီး. . .

"တကယ်ပါဟာ ငါနင့်ကို ဟိုတို့ဒီတို့လုပ်ဖို့ နေနေသာသာ အခုဒီအချိန်လေးအတွင်းမှာ စိတ်နဲ့တောင်မပစ်မှားမိပါဘူး"

မျက်လုံးလေး ပေကလတ်ပေကလတ်နှင့် တောင်းပန်နေသော သိုးပုကိုကြည့်ပြီး ငြိမ်းချမ်းခုန်ဆွခုန်ဆွလုပ်ကာ ပျော်နေသည်။ သူက လူတွေကို အဲသလိုစရတာ အလွန်အရသာတွေ့တဲ့သူ. . .။

ထို့ကြောင့် နောက်တစ်ဖန် ကျော်မင်းမောင်ရှိသောနေရာတွင် ပြောင်းရပ်လိုက်ပြီး ယုန်လေးခါးကို ထပ်ပြီးတို့လိုက်ပြန်သည်။ ယုန်လေး တွန့်ခနဲဖြစ်သွားပြီး သူမဒေါသက ကျော်မင်းမောင် ဘက်လှည့်သွားပြန်သည်။

"ကြည့်. . နင်တို့ ဘယ်လိုဖြစ်နေကြတာလဲ ကျော်မင်းမောင်၊ သိုးပုကိုတောင် ပြောလို့မပြီးသေးဘူး နင်ကပါ ငါ့ကိုထပ်တို့ပြန်ပြီလား"

"ဟာ. . ဘာလဲ ဘလိုင်းကြီးနော်၊ နင်နဲ့ငါနဲ့အဝေးကြီး နင့်ခါးတိုငါတို့လို့ ဒေါ်လာတစ်သိန်းရမယ်ဆိုရင် စဉ်းစားလိုက်မယ်၊ ခုတော့ လုံးဝပဲ စိတ်မဝင်စားဘူး အလကားသောက်ရတာ ဇိမ်ပျက်တယ်"

ကျော်မင်းမောင် ခပ်တည်တည်နှင့် ပိတ်ဟောက်တော့ ယုန်လေးဇဝေဇဝါဟန်ဖြင့် နောက်လှည့်ကြည့်ပြီ ကျော်မင်းမောင်ဘေး တွင်ထိုင်နေသော ညီလင်းပကို စစ်ကူတောင်းနေသလို ကြည့်လိုက်သည်။

သိုးပု ယုန်လေးအနားမှာ မရပ်ရဲတော့. .

ငြိမ်းချမ်းတစ်ဖန် ယုန်လေး၏ဂါဝန်စကို ဆတ်ခနဲဆောင့်ဆွဲလိုက်ပြန်သည်။

"အမေ့. . ဟင်. . ဘယ်. . ဘယ်သူဆွဲတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ ဆောင့်ဆွဲခြင်းခံလိုက်ရသဖြင့်. . ယုန်လေး အနောက်ကိုလှည့်ကြည့်လိုက်သည်။ ဘယ်သူမှရှိမနေ၊ ဒီတစ်ခါတော့ ဘယ်သူ့ကိုမှ စွပ်စွဲ၍မရ။

"ကိုညီ ယုန်လေးကို ဘယ်သူဂါဝန်စဆွဲလိုက်တာလဲ၊ ကိုညီ တွေ့လား. . . ဒီကကြာရိုးတော့ မဟုတ်လောက်ပါဘူးနော်"

"ဝုန်း. . အမလေး အေးလိုက်တာ"

စကားပင်မဆုံးသေး ယုန်လေး၏ခန္ဓာကိုယ်သည် အရှေ့စားပွဲပေါ်သို့ ဝမ်းလျားထိုးမှောက်ကျကာ မျက်နှာနှင့် ရေခဲတုံးလေးတွေထည့်ထားသော ဖန်ပုဂံလုံးကြီးနှင့် အပ်မိသွားသည်။

ယုန်လေးအတင်းကုန်းထပြီး ကြာရိုးဖြူကို ဒေါသတကြီး ကြည့်ကာ. . .

"နင်. . နင်လုပ်တာ ငါသိတယ်. . အဟင့်. . ဟင့်. . ဟင့်"

"အို. . မဟုတ်တာယုန်လေးရယ် တို့ကဘာလို့ လုပ်ရမှာလဲ"

"ဟုတ်တယ်ယုန်လေး၊ နင့်ကို ဘယ်သူမှ ဘာမှမလုပ်ဘူး. . နင့်ဟာနင် ဖြစ်နေတာ"

ယုန်လေး ရှက်လွန်း၍ တအင့်အင့်ငိုရှိုက်တော့၏။ ကျော်မင်းမောင်က ကောင်းတယ်ဟူသော အမူအရာနှင့် မချိမချဉ်ပြုံးကာ ကြာရိုးဖြူဘက်က လိုက်ပေးသည်။

"ဟား. . ရေခဲတုံးနဲ့ မိတ်ကပ်တွေနဲ့ ရောကုန်ပြီ၊ သုံးလို့မရတော့ဘူး နှမြောစရာကွာ"

သိုးပုရေခဲတုံးတွေကို နှမြောစွာကြည့်ပြီး ညည်းတွားလိုက်၏ ဒီဘက်ဝိုင်းမှာ ရုန်းစုရုန်းစုနှင့် ဆူဆူညံညံဖြစ်နေသဖြင့် ကိုဝင်းခိုင်တို့ဝိုင်းကလူတွေ ထလာကြသည်။

"ဟေ့ ဘာဖြစ်တာလဲ"





ကိုဝင်းခိုင်အမေးကို ဘယ်သူမှ မဖြေနိုင်အား. . .

ယုန်လေးမှာ တစခန်းထပြန်သည်။ ငြိမ်းချမ်းမှာ သစ်ကိုင်းတစ်ခုနှင့် ယုန်လေး၏ မျက်နှာကို မထိတထိတို့ထိနေ၏။

သစ်ရွက်တွေနှင့် မျက်နှာကို ဟိုတို့ဒီတို့မှတော့ ယုန်လေးမျက်နှာပေါ်ကို အကောင်တွေတက်သလို ယားကျလိယားကျလိဖြစ်လာသည်မို့ လက်တွေနှင့် ဟိုကုတ်ဒီဖွဲ့ လုပ်နေရ၏။

"အား. . ယားတယ်. . ယားတယ်. . ဘာကောင်တွေများ ငါ့ပေါ်တက်လာတာလဲ"

"ဘာကောင်မှမရှိဘူး အိုင်းလိုင်နာတွေ စီးကျနေတာပဲရှိတယ်"

မျက်နှာတစ်ပြင်လုံး ရေတွေနှင့် ကုတ်ဖွဲ့နေကာ မျက်ခွံမှအိုင်းလိုင်နာတွေမှာ ရေနှင့်ထိပြီး အမည်းတွေ ပါးပေါ်သို့ စီးကျနေသဖြင့် ယုန်လေးပုံမှာ တော်တော်လေး ရုပ်ပျက်ဆင်းပျက်ဖြစ်နေ၏။ တခြားမော်ဒယ်လ်မလေးအချို့ပါ ဒီဘက်လာစုကုန်ကြသည်။

ဒါတင်မကသေး ကလီပါထပ်ပြီး အထိုးခံရသဖြင့်. . .

"ဟား. . ဟား. . ဟား. . ခစ်. . ခစ်. . ခစ်. . ခစ်. . ခိ ခိ. . ခိ. . ခိ. . ခိ"

ကိုယ်ကို ဟိုဘက်ဒီဘက်စောင်းကာ ခွက်ထိုးခွက်မှောက် ရယ်နေတော့. . .

တစ်ဖက်ဝိုင်းမှ မော်ဒယ်လ်မလေးအချို့ပင် ရုတ်တရက် တက်မတက်ချက်မတတ် ထရယ်နေသော ယုန်လေးကိုကြည့်ပြီး အံ့သြကုန်ကြသည်။

"ဟယ်. . ရွှေယုန်၊ ဒါ. . ဒါဘယ်လိုဖြစ်တာလဲ"

"ဝက်ရူးပြန်တာလားမသိဘူး"

"အပမီတာလဲ ဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . နာမည်ကြီးမော်ဒယ်လ်တစ်ယောက်မှာ ဒီလိုရောဂါကြီးရှိနေတာ အံ့ဩစရာပဲ"

"အဟင့်ဟင့်. . ယား. . ယားတယ် ကလိမထိုးနဲ့ ယားတယ် ခစ်. . ခစ်. . ခစ်. . ခစ်"

ရယ်ခြင်းကို အတောမသတ်နိုင်သလို ခန္ဓာကိုယ်မှာလဲ မြွေဟောက်တစ်ကောင် ကနေသလို တွန့်လိမ်ကွေးကောက်နေ၏။ ကြာတော့ ယုန်လေးရယ်ရလွန်း၍ မောဟိုက်လာသည်။ အသိစိတ်တွေလည်း လွတ်ချင်သလိုဖြစ်လာ၏။

အခြေအနေကို ရိပ်မိလိုက်သူက ကြာရိုးဖြူ။

ဒါ မောင်လေးလက်ချက်ပဲဖြစ်ရမယ်။

ထို့အတူ ညီလင်းပသည်လည်း အရင်တစ်ခါ သူခိုးကလိအထိုးခံရသည့် မြင်ကွင်းကို ဖျတ်ခနဲ သတိရသွားပြီး ယုန်လေးအဖြစ်နှင့် တိုက်ဆိုင်နေ၍ ဒါကိုသွေးရိုးသားရိုးဟု မထင်တော့. . .

ကိုဝင်းခိုင်နှင့် သိုးပု တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးစိစိ ဖြစ်သွားသည်။

ယုန်လေးမှာတော့ ခြေအစုံပင် မရပ်နိုင်သဖြင့် မြက်ခင်းပြင်မှာထိုင်ချကာ တဟားဟားဖြင့် ရယ်နေ၏။

ကြာရိုးဖြူ ဒီအတိုင်းရပ်ကြည့်နေ၍မရတော့ စိတ်ထဲမှ မောင်ဖြစ်သူကို ထိုသို့မလုပ်ဖို့ပြောရန် အတွေးဝင်သွားသည်။

"မောင်လေး မလုပ်ပါနဲ့. . မင်းအခုလို လျှောက်လုပ်နေရင် မမမင်းအနားမှာ မနေတော့ဘူးနော်"

အစ်မဖြစ်သူထံမှ ထိုသို့သော စကားကြားရတော့ ခုန်ပေါက်ပျော်ရွှင်နေသော ငြိမ်းချမ်းမှာ တုန့်ခနဲရပ်သွားပြီး ကလိထိုးခြင်းလည်း ဆက်မလုပ်တော့။ မောင်နှမနှစ်ယောက် စိတ်ချင်းဆက် စကားပြော





နေကြသည်။

"မမ သားကိုထားမသွားပါနဲ့၊ မလုပ်နဲ့ဆို မလုပ်တော့ပါဘူး ဒီမမက သားမမကို မနာလိုနေတာ သားသိတယ်. . ဒါကြောင့် ဆုံးမနေတာ"

"သိတယ် မမသိပါတယ်၊ ဒါပေမဲ့. . ဒီနည်းနဲ့ ဖြေရှင်းတာ မကောင်းပါဘူး မောင်လေးရယ်. . လိမ္မာပါတယ်၊ မောင်လေးကို မမ ထားမသွားတော့ဘူး. . သူ့ကို ဘာမှထပ်မလုပ်နဲ့တော့နော်"

"ဟုတ်"

ငြိမ်းချမ်းလေးမှာ အစ်မစကားကို မျက်နှာငယ်လေးဖြင့် ခေါင်းညိတ်ကာ ခပ်လှမ်းလှမ်းရှိ ပန်းချုံဘေးမှာ သွားရပ်နေ၏။

အရယ်ရပ်သွားသော ယုန်လေးမှာ ဖရိုဖရဲသူ့ပုံစံကို မယုံနိုင်သလို ငုံ့ကြည့်ပြီး ရှက်သွားသည်။ သူ့ကိုဝိုင်းပြီး ငုံ့မိုးကြည့်နေသော သူအားလုံးကို ရန်လိုစွာကြည့်ပြီး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ အနီးဆုံး၌ရှိနေသော သိုးပုအား. . .

"ဖြန်း. . . ဖြန်း"

သိုးပု ပါးနှစ်ဖက် လည်ထွက်သွားသည်။

"အား. . ဘာ. . ဘာဆိုင်လဲလို့. . ငါနဲ့ နင့်ဟာနင် ဝက်ရူးပြန်ရောဂါဖြစ်ပြီး. . အီး. . ဟီး. . ဟီး"

ယုန်လေး စကတ်နှစ်ဖက်ကို စွန်တောင်ဆွဲကာ ဒေါသတကြီး ခြေလှမ်းတွေဖြင့်. . . သူ၏ရွက်ဖျင်တဲရှိရာသို့ ဝေါက်တောက်ဝေါက်တောက်နှင့် ဝင်သွားသည်။

အားလုံး ယုန်လေးအဖြစ်ကိုကြည့်ပြီး ရယ်ရမလို ငိုရမလို မဲ့ရမလိုနှင့် ရုတ်တရက်ကြီး ဘာဖြစ်သွားတာလဲပေါ့. . . ။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက ပွဲဆူသွားသဖြင့် အရမ်းညဥ့်နက်တဲ့အထိ မနေကြတော့ပဲ ရွက်ဖျင်တဲထဲ အလျှိုလျှိုဝင်ပြီး အိပ်လိုက်ကြတော့သည်။

မနက်မိုးလင်းတော့ ရွက်ဖျင်တဲတွေကို သစ်ပင်တွေမှာ ချိတ်လျက်မြင်ရပြီး သူတို့အားလုံးကတော့ အတုံးအရုံး အိပ်ပျော်နေကြဆဲ။

ထိုမြင်ကွင်းကို ထိုင်ကြည့်ပြီး တခစ်ခစ်ရယ်နေသူက ငြိမ်းချမ်းလေးပဲဖြစ်သည်။







## အခန်း(၁၆)

"ဟင်... ဒါ... ဒါက ဘယ်လိုဖြစ်တာလဲ"

အရင်ဆုံးနိုးလာသူက ညီလင်းပ။ နေရောင်ခြည်တောက်တောက်တွေ ဖြာဆင်းကျနေသော မြက်ခင်းပြင်ကြီးပေါ်တွင် အားလုံး ဇိမ်နဲ့အိပ်နေကြသည်။

ညီလင်းပ မြက်ခင်းပေါ်မှ ကုန်းရုန်းထပြီး သိုးပုတို့ အိပ်နေသောနေရာသို့ အပြေးတစ်ပိုင်း ရောက်သွားပြီး...

"ဟေ့... သိုးပု.. သိုးပု.. ကိုဝင်းခိုင်၊ ဟောဗျာ မျက်နှာပေါ်မှာ မိတ်ကပ်တွေနဲ့"

တစ်ယောက်တည်း ခပ်တိုးတိုးပြောပြီး ယုန်လေးတို့မိန်းကို



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို မျှော်ကြည့်လိုက်တော့ ခွေခွေလေးတွေ အိပ်ပျော်နေကြ တုန်း၊ မြင်ကွင်းက တော်တော်လေး အံ့သြတုန်လှုပ်စရာ မြင်ကွင်းမို့

"ဘာတွေဖြစ်ကုန်တာလဲ၊ ရွက်ဖျင်တဲတွေက အပင်ပေါ် ဘာ လို့ တက်ချိတ်နေရတာတုန်း"

"သိုးပုံ. . ကိုဝင်းခိုင် ထပါဦး၊ ဟော့လူတွေ မြန်မြန်ထကြ အရေး ကြီးနေပြီ"

ညီလင်းပ၏ ဝရုန်းသုန်းကားနိုးသံကြောင့် ကိုဝင်းခိုင်၊ သိုးပုံ နှင့်ကျော်မင်းမောင်တို့ တအင်းအင်းတအဲအဲနှင့် အကြောဆန့်ပြီး နိုး လာကြသည်။

"ဟာ. . အောင်မလေး. . ဘာ. . ဘာကြီးလဲ"

သိုးပုံမှာ ကိုဝင်းခိုင်မျက်နှာမြင်တော့ လန့်သွားသည်။ ကိုဝင်း ခိုင်လည်း လန့်သွားကာ သိုးပုံမျက်နှာကို လက်ညှိုးကြီးထိုးကာ. . တဟားဟား အော်ရယ်၏။ ကျော်မင်းမောင်က ကြောင်စီစီဖြစ်နေ၏။

ဘာတွေဖြစ်ကုန်ပြီလဲ. . .။

"ဟားဟား. . ဟားဟား. . သိုးပုံ မင်းကွာ ယောက်ျားဖြစ်ပြီး မိတ်ကပ်တွေပြာနှမ်းနေအောင် လိမ်းပြီး နှုတ်ခမ်းနီတွေ ဆိုးထားလိုက် တာ. . ပဥ္စပါပီကျနေတာပဲ. . ဟီး. . ဟီးဟီး. . ခွီးခွီးခွီး"

"ကိုဝင်းခိုင်ကရော ဘာထူးလဲ၊ တရုတ်သရဲကားထဲက သရဲကျ နေတာပဲ၊ မျက်နှာတစ်ခုလုံး ထုံးတွေလုပ်ထားသလားမှတ်တယ်. . ခွီး ခွီး. . ခွီး"

သိုးပုံနှင့် ကိုဝင်းခိုင် တခွီးခွီးနှင့်ရယ်နေကြသည်။

"ဟော့လူတွေ ရယ်မနေကြနဲ့၊ ဒါ တစ်ယောက်ယောက် လက် ချက်ဗျ ဘယ်သူလုပ်သွားတယ်ဆိုတာ စုံစမ်းရမယ်"

ညီလင်းပ ထိုသို့ပြောပြီး. . . မိန်းကလေးတွေ ရှိရာဘက်သို့





လျှောက်လာပြီး နိုးလိုက်သည်။

အားလုံးနိုးလာကြပြီး မြက်ခင်းပြင်ပေါ် ရောက်နေသော သူတို့ အဖြစ်ကြောင့်. . .

"ယုန်. . ယုန်လေး. . ငါတို့ ဘယ်ရောက်နေတာလဲ"

"ဟယ်. . တို့ ရွက်ဖျင်တဲတွေ ဟိုပေါ်မှာတော့"

"ဟဲ့. . ငါတို့တွေ အကောင်းအတိုင်းရော ရှိသေးရဲ့လား လုပ် ပါဦး ဒီအပြင်ကို ဘယ်လိုရောက်နေကြတာလဲ"

"ကို. . ကိုညီ. . မီးတို့ကို ဘယ်သူတွေ ဘာလုပ်လိုက်ကြပြီလဲ၊ ညက မူးပြီးအိပ်ပျော်သွားတာ ဘာမှမသိတော့ဘူး"

"ငါလည်း ဘယ်သိမလဲ၊ ငါနိုးတော့ အားလုံးအပြင်မှာ ရောက် နေကြတာပဲ၊ မြန်မြန်ထကြ ငါတို့အဖွဲ့ ဒီလိုပုံစံဖြစ်နေတာကို မီဒီယာ သမားတွေသာ သိသွားလို့ကတော့ မတွေးရဲစရာပဲ"

အားလုံးခုမှပင် ဝရုန်းသုန်းကားနှင့်ဖြစ်ကာ ကြောက်အားလန့် အားဖြစ်ကုန်ကြသည်။

ညီလင်းပ စိတ်ထဲမှာတော့. .

သေချာပြီ ဒါဟာ သရဲခြောက်ခံရတာပဲဖြစ်မည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

"ရှင် . . ညက ယုန်လေးဖြစ်တဲ့ကိစ္စက သွေးရိုးသားရိုးကို
မဟုတ်ဘူး. . ဟုတ်လား"

"ဟုတ်တယ်. . ကြာရိုး၊ ဟိုတစ်နေ့ညက သူခိုးဖြစ်တဲ့အဖြစ်
ယုန်လေးဖြစ်တဲ့အဖြစ်က တူနေတယ်၊ ဒါတင်ဘယ်ကဦးမလဲ မနက်
ဖြစ်တဲ့ကိစ္စကိုလည်း ကြာရိုးသိပြီးပြီမဟုတ်လား"

ကြာရိုးဖြူ ခေါင်းကို ခပ်လေးလေးတစ်ချက် ညိတ်ပြလိုက်
သည်။ တရားခံဟာ ဘယ်သူလဲဆိုတာကို သိပေမယ့် ရေငုံ့နှုတ်ပိတ်
မှာပင်၊ မောင်လေး အနောက်သန်ပုံက လူတစ်ဖက်သားကို ကသိ





အောက်ဖြစ်စေ၏။

"ကိုယ်တော့ သရဲခြောက်တယ်လို့ထင်တယ်"

"ရှင်"

အကင်းပါးတွေးခေါ်တတ်သော ညီလင်းပ၏ မှန်ကန်သော ထင်ကြေးကြောင့် ကြာရိုးဖြူမျက်နှာ ပျက်သွားသည်။

"အို. . မဟုတ်တာ. . သရဲမရှိနိုင်ပါဘူး"

"ရှိလို့ ညကယုန်လေးကို ဝင်နှောင့်သွားတာပေါ့၊ မနက်ကဆို လည်း ကိုယ်တို့အဖွဲ့တွေ တော်တော်လေး ကြွေပျက်သွားကြတယ်"

ယုန်လေးအကြောင်းကို ပြောနေကြစဉ် အတွင်းခန်းထဲမှ ရိပ် ခနဲမြင်လိုက်ရသော အရိပ်ကြောင့် ညီလင်းပ စကားပြောခြင်းကိုရပ် ထား အတွင်းခန်းထဲသို့ စူးစိုက်ကြည့်လိုက်သည်။

ကြာရိုးဖြူပါ ညီလင်းပကြည့်ရာသို့ လိုက်ကြည့်လိုက်ပြီး. . .

"ဘာကြည့်တာလဲဟင်"

"ဒီအိမ်ထဲမှာ ရှိနေတာကွ၊ ကိုယ်တွေ့လိုက်တယ်"

"ဘာကိုလဲ"

"သရဲကို"

"အို. . မဟုတ်တာ"

"ဟုတ်တယ်"

ကြာရိုးဖြူ မယုံရဲသဖြင့်ငြင်းသည်။ ညီလင်းပ ထိုင်ရာမှ ခပ် ဖြည်းဖြည်းထလိုက်ပြီး အတွင်းခန်းထဲသို့ ခြေသံဖွဖွနင်းပြီး ဝင်ခဲ့လိုက် သည်။ ကြာရိုးဖြူပါ လိုက်လာခဲ့လိုက်သည်။

ငြိမ်းချမ်း ညီလင်းပအနောက်ကိုရောက်နေတာ မသိ။

ကြာရိုးဖြူ လည်းမမြင်ရ. . .

နှစ်ယောက်သား အတွင်းခန်းထဲရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်း ညီလင်းပ၏ကိုယ်ထဲကို ဖျတ်ခနဲ တိုးဝင်လိုက်သည်။

ညီလင်းပစိတ်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ ဘာဖြစ်သွားသည်ဆိုတာကို ရေရေရာရာမသိ။ နောက်မှပါလာသော ကြာရိုးဖြူနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး မျက်ဝန်းဝိုင်းလေးဖြင့် မော့ကြည့်လာသော ကြာရိုးဖြူကို စူးစိုက်ကြည့်လိုက်သည်။

လက်အစုံက ကြာရိုးဖြူ၏ သိမ်ကျဉ်းသောခါးကို သိုင်းဖက်လိုက်သည်။ ထင်မှတ်မထားသော အပြုအမူကြောင့် ကြာရိုးဖြူ မျက်ဝန်းအဝိုင်းသားဖြစ်ကာ. . .

"အို. . ကိုညီလင်းပ ဘာလုပ်တာလဲ လွှတ်ပါ"

"ချစ်တယ် အရမ်းချစ်တယ်"

"အို. . . ပြုန်းစားကြီးပါလား ရှက်စရာကြီး"

ကြာရိုးဖြူ ထိုသို့မူနွဲ့နွဲ့ပြောနေတုန်း ငြိမ်းချမ်းညီလင်းပ ကိုယ်ထဲမှ ဖျတ်ခနဲ ခုန်ထွက်လိုက်သည်။

"ရှင်ကျွန်မကို တကယ်ချစ်လို့လား၊ ရှင့်နားမှာ ကျွန်မထက်သာတဲ့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ဟာကို"

အသိစိတ်ပုံမှန်ပြန်ဖြစ်သွားသော ညီလင်းပမှာ သူ့လက်အစုံက ကြာရိုးဖြူကို တင်းကျပ်စွာ ဖက်ထားသည့်အပြင် ကြာရိုးဖြူ၏ ရှက်နွဲ့နွဲ့စကားကြောင့် အခြေအနေတွေကို မသုံးသပ်တတ်လောက်အောင် အံ့သြသွားသည်။

"ဟာ. . ဆော. . ဆောရီးဗျာ၊ ကိုယ်မင်းကို ဘယ်လိုအပြုအမူမျိုး ပြုမူလိုက်မိပြီလည်း မသိဘူး၊ ကိုယ့်စိတ်တွေ လွတ်ထွက်သွားတယ်ထင်တယ်"

စကားကို လှအောင်ပြောကာ ကြာရိုးဖြူကို ဖက်ထားသော လက်အစုံကို ရုပ်လိုက်သည်။ ကြာရိုးဖြူ ရှက်အမ်းအမ်းဖြစ်ကာ လက်





ညိုးထိပ်လေးကို အရှက်ပြေမနာအောင် ခပ်ဖွဖွကိုက်လိုက်ပြီး ညီလင်းပအား မျက်ဝန်းလေးဝင့်ကာ ကြည့်လိုက်သည်။

"ဟင့်အင်း. . တောင်းပန်စရာမလိုပါဘူး၊ ရှင့်အနမ်းတွေက နွေးပါတယ် ကျွန်မနှစ်သက်တယ်"

"ဗျာ"

"ကြည့်. . လူကိုဘာလို့ပြူးကြည့်ပြီး ဗျာနေရတာလဲလို့၊ စောစောကတော့ ရှင်ပဲ ကျွန်မကို ချစ်တယ်ချစ်တယ်လို့ အကြိမ်ကြိမ်ပြောပြီး နမ်းနေပြီးတော့"

"ဟမ်"

"ဝုဒ္ဓေါ"

စိတ်ထဲမှ ဘုရားတမိသည့်အဖြစ် ခုမှ ငြင်းလိုက်ပြန်ရင်လည်း မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာကို ခေါင်းဖော်မရအောင် စော်ကားသလို ဖြစ်တော့မည်။

"ကိုယ် တောင်းပန်ပါတယ် ကိုယ့်အပြုအမူ ရိုင်းသွားရင် ခွင့်လွှတ်ပါ"

"ကြည့် တောင်းပန်စရာမလိုပါဘူးဆို ကျွန်မမေးတာကိုပဲ ဖြေပါရှင်၊ ကျွန်မကို တကယ်ချစ်တာလား"

"ဗျာ"

ခုမှပင် တကယ်မြွေခြောက်ကိုက်ခံရပြီမို့ ညီလင်းပ ဘယ်လိုဖြေရမှန်းမသိတော့ ကိုယ့်နှလုံးသားကို အသေအချာမမေးရသေးပဲနှင့်တော့ ပြီးစလွယ်မဖြေချင်ပါ။

ညီလင်းပ တွေဝေနေသည့် ထိုအချိန်တွင် ငြိမ်းချမ်းလေးက ညီလင်းပနောက်မှာရပ်နေပြီး သူ၏ကိုယ်ခန္ဓာလေးမှာ အရောင်သို့ တဖြည်းဖြည်း မြင့်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ထွေထွေရပ်နေသော ညီလင်းပ၏ ဦးခေါင်းကို နောက်မှ နေ၍လက်ဖြင့် နှစ်ခါသုံးခါမက ခပ်ဆတ်ဆတ် ပုတ်လိုက်သည်။ ညီလင်းပ၏ ခေါင်းမှာ ရှေ့သို့သုံးလေးချက်ဆင့်ပြီး ငိုက်သွားသည်။

သို့သော် ကြာရိုးဖြူအမြင်မှာတော့ ဒါဟာ ခေါင်းညိတ်လိုက်ခြင်းပဲမို့။

ရင်ထဲမှာ အပျော်တွေစုကာ ညီလင်းပကို ရွှန်းရွှန်းစားစား ပြန်ကြည့်ပြီး. . .

"ဒါဆိုရင်တော့ ကျွန်မရှင့်အချစ်ကို လက်ခံပါတယ်"

ကြာရိုးဖြူ ညီလင်းပ၏ရင်ခွင်ထဲ တိုးဝင်လိုက်သည်။

ညီလင်းပ ခပ်တောင့်တောင့်ကြီးရပ်ကာ ထိုအခြေအနေကို ကြည်ကြည်ဖြူဖြူပဲ လက်ခံလိုက်ရတော့မှာပေါ့. . .။

ရင်ခုန်သံတွေ ကဗျာမဆန်သေးတာတော့ ဘယ်နှယ်မှမတတ်နိုင်ပါ။







# အခန်း(၁၈)

"ဟား. . ဟား. . ဟား. . ကိုညီတို့ အကသွားသင်ပေးတာ တော့ ချစ်သူတွေ ဖြစ်သွားကြပြီပေါ့ လက်သွက်ပါ့ဗျာ"

သိုးပုက သဘောတကျဖြင့် ရယ်နေသလောက် ညီလင်းပကတော့ မသေချာသော ဇာတ်မျောကြီးထဲ ဝင်ကနေရသလို အီလည်လည်ကြီး ဖြစ်နေသည်။

"ငါ. . ဘာကြောင့် ကြာရိုးဖြူကို ချစ်တယ်လို့ ပြောမိသွားလဲဆိုတာ ငါ့ကိုယ်ငါမသိလိုက်ဘူး၊ ငါ သတိမေ့တဲ့လူတစ်ယောက်လို အသိစိတ်ဝင်လာတော့ ကြာရိုးဖြူကို ငါကဖက်ထားပြီး ကြာရိုးဖြူက ငါ့ရင်ခွင်ထဲရောက်နေပြီ သူပြောတာတော့ ငါက သူ့ကိုနမ်းတယ်တဲ့"

www.burmeseclassic.com



ကြုံခဲ့ရသမျှကို ပြန်ပြောပြပြီး ငှငိုကြီးဖြစ်နေသော ညီလင်းပ စကားကို သိုးပု ဘယ်လိုမှ မယုံသည့်ပုံစံ။

ဒါဟာ တမင်အကြောင်းပြချက်ပေးတာဟုထင်ကာ ခပ်လှောင်လှောင်ရယ်၍နေ၏။ ညီလင်းပ သက်မမောကို ခပ်လေးလေးချရုံမှအပ ဘာမှ ပြန်မချေပနေတော့။

သူ့နေရာမှာ ကိုယ်သာဆိုလျှင်လည်း ဒီလိုပဲ လှောင်ပြောင်မိမှာလားပဲ. . .

"ဒါနဲ့ ဒီအိမ်မှာအရင်က သရဲရှိသလားလို့ မေးခဲ့သေးလား"

"အင်း. . မေးခဲ့တယ်"

"မရှိပါဘူးတဲ့"

"မဖြစ်နိုင်ဘူး ဒါလုံးဝမဖြစ်နိုင်ဘူး၊ မနေ့ညက ယုန်လေး ကြုံခဲ့တာတွေ မနက်မိုးလင်းတော့ ကျွန်တော်တို့ ဗရုတ်သုတ်ခဖြစ်ခဲ့တာတွေဟာ မကောင်းဆိုးဝါးလက်ချက် မဟုတ်ရင်ဘယ်သူဖြစ်မလဲ ကျွန်တော်တော့ ဒီမှာနေရတာ ကျောစိမ့်လာပြီဗျာ"

"မင်းကလည်းကွာ ကြောက်စရာမရှိ ကြံဖန်ကြောက်နေပြန်ပြီ၊ သရဲဆိုတာ သူတို့ကို ကြောက်ရင်ပိုပြီး ဖြဲခြောက်တတ်တဲ့ အမျိုးတွေ အကယ်၍ သရဲဖြစ်နေတယ်ပဲထားဦး ငါတို့ကို ကြောက်အောင်ခြောက်နေတဲ့ပုံမပေါက်ပဲ ရယ်စရာဖြစ်အောင် နောက်ပြောင်နေတဲ့ပုံ ပေါက်နေတယ်ကွာ အဲဒါမထူးဆန်းဘူးလား. . ."

"အင်း. . ဒါလဲ ဟုတ်တယ်နော်၊ ရယ်တော့ရယ်စရာကောင်းတယ် ဒီသရဲတော်တော်ဆော့တဲ့သရဲ"

ဒီလိုကျတော့လည်း သိုးပုမျက်နှာပေါ်မှာ ကြောက်ရိပ်တွေ သိပ်မထင်ပဲ ဟာသတစ်ပုဒ်ထိုင်ကြည့်နေရသလို စပ်ဖြီးဖြီးမျက်နှာနှင့် ဖြစ်သွားသည်။





"ကဲ. . ဒီညတော့ စောစောအိပ်မယ်ကွာ"

ညီလင်းပ ထိုသို့ပြောပြီး ခုတင်ပေါ် လှဲအိပ်လိုက်သည်။ သိုးပုသည်း အခန်းမီးပိတ်ပြီး ပြာလဲ့လဲ့ညအိပ်မီးသီးလေးပြောင်း ထွန်းကာ သူ့ခုတင်မှာ ဆန့်ဆန့်ကြီး လှဲအိပ်လိုက်သည်။

သိပ်မကြာလိုက် နှစ်ယောက်စလုံးထံမှ ဟောက်သံတွေ ပြိုင်တူ ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၉)

"ယောက်ဖ. . . ယောက်ဖကြီး. . ."

ကလေးအသံဖြင့် ယောက်ဖကြီးဟု တကြော်ကြော်ခေါ်နေသော အသံကြောင့်. . ဖက်လုံးကြီးခွကာ အိပ်ပျော်နေသောညီလင်းပ မျက်လုံး ဖျတ်ခနဲ ပွင့်လာသည်။

"ဟင်. . ဘယ်. . ဘယ်သူလဲ ယောက်ဖကြီးလို့ခေါ်တာ"

အိပ်ချင်မူးတူးအသံဖြင့် ခေါင်းထောင်ကာ မေးလိုက်သည်။

"ဘုတ်. . ဘုတ်. . ဘုတ်. . ဘုတ်"

ဘောလုံးကို ကြမ်းပြင်နှင့် တဘုန်းဘုန်းပုတ်ကာ ခုတင်ဘေး တွင်ရပ်နေသော ဆယ့်နှစ်နှစ်အရွယ် ကလေးတစ်ယောက်ကို မြင်တော့





ညီလင်းပ လန့်ကာ ဝေါက်ခနဲ ထထိုင်လိုက်သည်။

"ဟေ့ကောင်လေး. . မင်းဘယ်သူလဲ၊ ငါ့အိမ်ထဲ ဘယ်လို ရောက်နေတာလဲ၊ မင်း ဖောက်ထွင်းဝိဇ္ဇာလား၊ ငါ ရဲခေါ်လိုက်မှာနော်"

မေးခွန်းပေါင်းများစွာမေးကာ ကမူးရှူးထိုးဖြစ်နေသော ညီလင်းပကို ငြိမ်းချမ်းပြုံးပြုံးကြီးကြည့်သည်။ လက်ထဲမှ ဘောလုံးက အပုတ်မပျက် သိုးပုကတော့ အိပ်မွေ့ချခံထားရသူလို အသေကောင်ကြီးအလား အိပ်ပျော်နေ၏။ သိုးပုကိုနှိုးဖို့လည်း သတိမရ။

"ယောက်ဖမေးခွန်းတွေက များလိုက်တာ၊ သား ဘယ်ကစဖြေရမလဲ၊ အဟတ် ရဲခေါ်မယ်ဟုတ်လား. . ခေါ်လိုက်လေ၊ သားကို. . ရဲပြောနဲ့ နိုင်ငံတော်သမ္မတကြီးတောင် ဖမ်းလို့မရဘူး. . ဟဲ. . ဟဲ"

"ဘာ မင်းကဘာမို့လို့လဲ"

"ကိုယ် ပျောက်ဝိဇ္ဇာလေ၊ ယောက်ဖအိမ်ထဲကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ရတယ်"

ညီလင်းပကျောထဲ စိမ့်ခနဲ ဖြစ်သွားသည်အထိ ကြက်သီးတွေ ထသွားသည်။ ခေါင်းမွေးတွေ ထောင်ထလာသည်။

"မင်း. . မင်း. . သ. . သရဲလား"

"ဟာ. . ယောက်ဖကြီးကလည်း သရဲလို့ မခေါ်စမ်းပါနဲ့ဗျာ ရွံလိုက်တာ၊ သားက သရဲမဟုတ်ဘူးဗျ၊ သားကိုနတ်ဝှက်ထားလို့ သားကို ဘယ်သူမှ သိပ်မမြင်ကြရတာ"

"အယ်. . အယ်. . ဘယ်လို နတ်ဝှက်တယ်ဟုတ်လား. . . အဓိပ္ပါယ်မရှိ၊ ဒါနဲ့ မင်းကဘာလို့ ငါ့ကို ယောက်ဖကြီးလို့ခေါ်တာလဲ"

"ယောက်ဖကြီး သိဖို့မလိုပါဘူး၊ ယောက်ဖကြီးကို သားသိဖို့ပဲ လိုတာပါ"

"ဟေ့ကောင်လေး မင်းငါ့ကို ယောက်ဖကြီးလို့ မခေါ်နဲ့ကွ. ."



www.burmeseclassic.com

www.burmeseclassic.com



ငါ မိန်းမရသေးတာ မဟုတ်ဘူး"

"ဒါပေမယ့် ကျွန်တော့်အစ်မနဲ့တော့ အိုကေသွားပြီးမဟုတ်လား၊ ညက အာဘွားရှုလူးနေတာ ကျွန်တော်တွေ့သားပဲ"

"အယ်. . မင်း. . မင်းမြင်တယ် ဟုတ်လား၊ ဒါဆိုမင်းက ကြာရိုးဖြူရဲ့မောင် ဘောလုံးဝိဇ္ဇာလေးလား၊ နားကွဲအောင် တဘုန်းဘုန်းကန်တာ"

"ဟုတ်တယ်. . မဆိုးဘူး ယောက်ဖကြီးက အကင်းပါးသား၊ ကျွန်တော်ရက်ရောတာ ယောက်ဖကြီး သိတယ်နော်. . အဟဲ"

"အား. . မင်းကလည်း ဘာတွေလာပြောနေတာလဲ"

ထိုစဉ်. . .

"ပူ. . ဖွတ်. . ဖွတ်. . ဖွတ်"

ထိုအသံသည် တစ်ဖက်ခုတင်မှ တခွီးခွီးဟောက်နေသော သိုးပု၏အီးပေါက်သံဖြစ်သည်။ ငြိမ်းချမ်းလက်တစ်ဖက်ဖြင့် သူ့နှာခေါင်းကို ကမန်းကတန်း ပိတ်လိုက်ပြီး. . .

"ဖူး. . ဟူး. . နံလိုက်တာ၊ မသေခင်ကတည်းက အပုပ်နံ့ထွက်တယ်ဆိုတာ ဒါကိုပြောတာ၊ ယောက်ဖနှာခေါင်းပိတ်ထား ဒီအခန်းထဲမှာ လေထုညစ်ညမ်းနေပြီ"

သူတင်မဟုတ် ညီလင်းပကိုပါ နှာခေါင်းပိတ်ဖို့ လှမ်းပြောနေသဖြင့် ညီလင်းပ ယောင်ယမ်းပြီး သူ့နှာခေါင်းကို ပိတ်လိုက်သည်။

မပိတ်၍လည်းမရ သိုးပုအီးနံ့က လယ်ကွင်းထဲက ဖုန်လုံးကြီးတွေလို. . . ထောင်းခနဲ. . . ထောင်းခနဲ. . .

"ဟာ. . မရဘူး. . သားတို့ ဒီအနံ့ဆိုးကြီးထဲ ပိတ်မိနေပြီလား. . ယောက်ဖကြီး သားတို့အပြင်ထွက်မှဖြစ်မယ်"

ပြောပြောဆိုဆိုဖြင့် ညီလင်းပ ငြင်းချိန်မရလိုက်ခင်မှာပင်





ငြိမ်းချမ်း၏ အတင်းဆွဲခေါ် ရာနောက်သို့ တရွတ်တိုက်မတတ် ပါသွားသည်။ မြန်လိုက်ပုံများ လူက အိပ်ချင်စိတ်တွေတောင် ပျောက်သွားသည်။

ညဉ့်လေတဖြူးဖြူးနှင့် မိုးကောင်းကင်ကြီးကို မော့ကြည့်တော့ ကြယ်စင်တွေတိတ်ဆိတ်စွာ စောင့်ကြည့်နေကြသည်။

"ယောက်ဖ ဘောလုံးကန်မလား"

"ဟာ. . ညကြီးအချိန်မတော်ကွာ"

"အဲဒါ ပိုတောင်ကောင်းသေးတယ်၊ သား ယောက်ဖကို သုံးဂိုးအကြောပေးဆော့မယ် သွေးကြောင်ရင်တော့ လှန်လိုက်လို့ရတယ်နော်"

"အံမယ် မင်းက မလောက်လေး မလောက်စားနဲ့ ငါ့ကိုလာနေခေါ်တယ်၊ ဒါဆို မင်းနဲ့ငါနဲ့ ပြိုင်ကမလား"

ကလေးနှင့်အပြိုင် ညီလင်းပကပါ ပြန်၍စိန်ခေါ်လိုက်သည်။

ငြိမ်းချမ်းဟာတ်ခနဲ ရယ်လိုက်ပြီး. . .

"ရတယ်. . . ကုလားအကလား၊ ဗမာအကလား၊ တရုတ်၊ ကိုရီးယား၊ အမေရိကန် အကုန်ရတယ်"

"အံမယ် လေကကျယ်သေးတယ်"

"လေကျယ်ရမယ်လေ ယောက်ဖနဲ့တူလို့"

"ဟော့. . ငါ့ကို ယောက်ဖလို့မခေါ်နဲ့၊ မင်းအစ်မနဲ့ငါ လက်ထပ်ရသေးတာ မဟုတ်ဘူး"

"မရဘူး သားအဲလိုခေါ် ရတာ ခံတွင်းတွေ့လို့"

"မင်းအစ်မက မင်းခုလို ညကြီးသန်းခေါင်သူများအိမ် လျှောက်သည်တာ မသိဘူးလား"

"သိလိမ့်မယ် အားကြီးကြီး. . အစ်မက အိပ်ရင် ဘာမှမသိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး"

"ဩော်. . မိန်းကလေးပီသတယ်ပေါ့"

"ဟာ. . ဒါပေါ့. . ပီသ,သလားမမေးနဲ့ သားအစ်မကအရမ်း တော်တယ်၊ ကဗျာစပ်လည်း အရမ်းတော်တယ်၊ စာရေးလည်း အရမ်း ကောင်းတယ်၊ သားကတော့ ဘောကန်ကောင်းတယ်၊ လာပါ ကန်ပြ ရအောင်"

ငြင်းပြစ်ဖို့ စိတ်ကူးရှိပေမယ့် တကယ်တမ်း ငြင်းဖို့စကားလုံး တွေ ထွက်မလာခဲ့။ ထို့ကြောင့် ညကြီးသန်းခေါင် ကလေးတစ်ယောက် နှင့် ဘောလုံးကန်နေသည့်အဖြစ် ကိုယ့်လုပ်ရပ်ဘယ်လောက်ကြောင် သလဲဆိုတာ ပြောဖွယ်ရာမရှိတော့. .

"ဂိုး. . ဂိုး. . ဂိုး. . ."

ထိုအသံဖြင့် လန့်နိုးလာသူက သိုးပု. . .

"ဘာသံလဲဟ ဒီအချိန်ဘောလုံးပွဲမရှိပါဘူး၊ ဟင် ကိုညီရော"

ခုတင်ပေါ်မှာ ညီလင်းပကို မတွေ့၍ သိုးပု သန့်စင်ခန်းတံခါး ဖွင့်ကြည့်သည် မရှိ. . .။

"ဟာ. . ဒီလူ ညကြီးအချိန်မတော် ဘယ်တွေလျှောက်သွားနေ တာပါလိမ့်"

အတွေးနှင့်အတူ နွေဦးလေတဖျတ်ဖျတ် တိုးဝင်နေသော ပြ တင်းပေါက်သို့ လျှောက်လာလိုက်သည်။

"ဟင်. . ပြတင်းတံခါးလည်း မပိတ်ရသေးပါလား"

တံခါးပိတ်ရန်လက်လှမ်းအရွယ် ခြံထဲတွင် ညီလင်းပတစ် ယောက်ထဲ ဘောလုံးကန်နေ၏။

"ဗုဒ္ဓေါ. . ဒါ. . ဒါဘယ်လိုဖြစ်တာလဲ၊ ကိုညီနဲ့ ဘယ်သူနဲ့ ဘောလုံးကန်နေတာလဲ ဘောလုံးက ကိုညီအနားမှာ သူ့အလိုလိုရွေ့



နေပါလား"

သိုးပု ခေါင်းနားပန်းကြီးသွားသည်။

"သ. . သရဲ. . သရဲနဲ့ ဘောလုံးကန်နေတာများလား"

ထိုမြင်ကွင်းကိုကြည့်ပြီး သိုးပု သွေးပျက်နေသည်။ ဇောချွေး တွေစို့တက်လာကာ ဖုန်းရှိရာသို့ပြေးပြီး ကြာရိုးဖြူဆီကို ဆက်လိုက် သည်။ ဖုန်းက တော်တော်နှင့်ခေါ်မရ အိပ်ပုပ်ကြီးလိုက်ပုံများ. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

ကြာရိုးဖြူ ဖုန်းသံကြောင့် လေးလံသော မျက်ခွံတွေ ပွင့်လာပြီး စားပွဲပေါ်မှ ဖုန်းကိုလှမ်းယူလိုက်သည်။ အိပ်ချင်မူးတူး အသံဖြင့်. .

"ဟဲလို"

"ဆ. . ဆ. . ဆရာမ၊ ကျွန်. . ကျွန်တော် သိုး. . သိုး. . သိုးပုပါ"

အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသော သိုးပုအသံကြောင့် ကြာရိုးဖြူ စိတ်ပူသွားသည်။

"သိုးပု ဘာဖြစ်လို့လဲ"

"ကို. . ကိုညီကို သရဲဝင်ပူးနေလားမသိဘူး၊ တစ်ယောက်ထဲ





ခြံထဲမှာ ဘောလုံးတွေကန်နေတယ် တစ်ယောက်ထဲအော်ရယ်နေတယ်"

"ဟင်"

ကြာရိုးဖြူကိုယ်ပေါ်မှစောင်ကို ဆွဲဖယ်လျက် ခုတင်ပေါ်မှဆင်းကာ ပြတင်းပေါက်ဆီသို့ လျှောက်လာလိုက်သည်။

တံခါးချက်ဖွင့်ပြီး ညီလင်းပခြံထဲကို မျှော်ကြည့်လိုက်တော့ ခေါင်လေးနှင့် ညီလင်းပ ဘောလုံးကန်နေကြသည်။

"ဘုရားရေ"

စိတ်ထဲမှ ထိတ်လန့်စွာဘုရားတလိုက်သည်။ ငြိမ်းချမ်းကို သူမတစ်ယောက်ထဲမြင်သည်ဟု ထင်ထားခဲ့တာ ခုတော့ ညီလင်းပပါမြင်ရပြီပေါ့. . .။

အခန်းထဲမှ ထွက်ကာ ခြံထဲသို့ဆင်းလာခဲ့လိုက်သည်။ ခြံတံခါးပိတ်ထား၍လူခေါ် ဘဲလ်အရင်တီးရ၏။ ညီလင်းပခြံရှေ့ ရောက်တော့ သိုးပုတုန်တုန်ချိချိဖြင့် ခြံဝသို့လျှောက်လာပြီး ခြံတံခါး လာဖွင့်ပေးသည်။

"လုပ်ပါဦး. . သရဲကအရင်တုန်းက ခြောက်ရုံခြောက်တာ. . ခုသူ့ကိုယ်မှာ ဝင်ပူးပြီထင်တယ်၊ မဖြစ်ဘူး. . မဖြစ်ဘူး. . မနက်ဖြန် ကိုဝင်းခိုင်နဲ့ တိုင်ပင်ပြီး သရဲနှင်တဲ့ နတ်ဆရာခေါ်မှ ရတော့မယ်"

သွေးရူးသွေးတန်းပြောနေသော သိုးပုစကားကြောင့် ကြာရိုးဖြူ လန့်သွားသည်။ ထိုသို့လုပ်၍ ဘယ်လိုမှမဖြစ်။

"အို. . နေပါဦးသိုးပုရယ် အခြေအနေကိုကြည့်ပါဦး၊ လာ. . လာ. . သူ့ဆီသွားမယ်"

"ဟမ်. . အမလေးဗျာ မဖြစ်ဘူး မဖြစ်ဘူး. . လုံးဝမလိုက်ဘူး အဲဒီနားကိုသွားရင် ကျွန်တော် အရှင်လတ်လတ် အသက်ထွက်သွားနိုင်တယ် မလိုက်ဘူး. . ဟူး. . ဟူး. . ဟူး"

သွက်သွက်ခါအောင်ငြင်းနေသော သိုးပုကိုလိုက်မခေါ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကန်ရင်း စကားတွေပြောပြီး တဟားဟား အော်ရယ်နေသော ညီလင်းပအနားသို့ အပြေးတစ်ပိုင်း လျှောက်လာလိုက်သည်။

"ကိုညီလင်းပ ဘာလုပ်နေတာလဲ ဒီအချိန်ကြီးမှ ဆူညံနေတာပဲ"

"ဟင်. . ကြာရိုး မအိပ်သေးဘူးလား၊ ဒီမှာကွာ မင်းရဲ့မောင် ကိုယ့်ကိုလာပွေးနေလို့ အိပ်ချင်စိတ်ပျောက်သွားတာနဲ့ အပျင်းပြေ ဘောလုံးဆင်းကန်နေတာတာလေ၊ ဝါသနာပါရင် ဝင်ကန်လို့ရတယ်"

"အို မဟုတ်တာ. . တစ်ခြံလုံးကို ဆူညံနေတာပဲ၊ သိုးပု ဖုန်းဆက်နှိုးလို့ ကျွန်မဆင်းလာတာ၊ ငြိမ်းချမ်း သူများကို မနှောင့်ယှက်ရဘူးလေ၊ သွား. . ပြန်တော့"

"ဟုတ်ကဲ့ မမ"

ငြိမ်းချမ်း မျက်နှာငယ်လေးနှင့် ခေါင်းညိတ်ကာ ကြာရိုးဖြူတို့ခြံနှင့် ကာထားသော အုတ်တံတိုင်းကို ထွင်းဖောက်၍ တစ်ဖက်ခြံသို့ လှစ်ခနဲ ကူးသွား၏။

"ဟင်. . ဗုဒ္ဓေါ"

ညီလင်းပ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်ကာ ပါးစပ်အဟောင်းသားနှင့် ကြာရိုးဖြူကို ကြည့်ကာ. . .

"ကြာရိုး. . ဒါ. . ဒါဘယ်လိုဖြစ်တာလဲ၊ သ. . သရဲလား. . အဲ မင်း. . မင်းရဲ့မောင်က. . လူ. . လူမဟုတ်ဘူးလား"

ခုမှပင် ညီလင်းပ သွေးပျက်ရကောင်းမှန်းသိကာ သွေးရူးသွေးတန်းမေး၏။

"ဟုတ်တယ် ကိုညီ၊ မောင်လေးက လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ဆုံးသွားခဲ့ပါပြီ၊ ခြံထဲမှာ ဘောလုံးကန်ရင်း ခြံအပြင် ရောက်သွားတဲ့ ဘောလုံးကို ထွက်ကောက်ရာက ကားတိုက်ခံရပြီး နေရာမှာ





ချင် ပွဲချင်းပြီး ဆုံးသွားတယ်လေ"

"ဟင်. . ဒါဆို အခု ကိုယ်နဲ့ဘောလုံးကန်နေတဲ့ ကလေးက ဝိညာဉ်ပေါ့ ဟုတ်လား၊ ဟား. . ကြည့်စမ်း ကိုယ်စိတ်ထဲမှာ မင်းရဲ့မောင်က ကိုယ့်အိမ်ထဲခိုးဝင်လာပြီး ကိုယ်နဲ့ ဘောလုံးကစားဖို့ အဖော်လာခေါ်တယ်လို့ပဲ သမာရိုးကျတွေးလိုက်တာ၊ သူပြောတာတွေမှန်သမျှကို သတ်ရှိထင်ရှား လူတစ်ယောက်က နောက်ပြောင်ပြောနေတယ်လို့ပဲ ထင်တာ"

ထိုသို့ပြောတော့ ကြာရိုးဖြူ တသိမ့်သိမ့်ရှိုက်ငိုသည်။ ညဉ့်အချိန် မီးလွန်မီးတိုင်အောက်မှာ တသိမ့်သိမ့်ရှိုက်ငိုနေသော ချစ်သူလက်သစ်လေးကို ညီလင်းပ ဘယ်လိုချော့သိပ်ရမလဲ၊ သူ့ကိုချော့သိပ်ဖို့ နေနေသာသာ ကိုယ်တောင် လိပ်ပြာလွင့်မတတ်သွေးပျက်ကာ. . သရဲ. . အဲ ဝိညာဉ်နှင့်အတူ ညသန်းခေါင် ဘောလုံးကန်ခဲ့မိသည့် ကိုယ့်အဖြစ်။

ဝိညာဉ်မှန်းလူမှန်းတောင် မခွဲခြားတတ်တဲ့ကိုယ် တော်တော်ညံ့တာပဲဟု ကိုယ့်ကိုယ်ကိုယ်သာ မညှာတမ်း ခပ်တိတ်တိတ် ကျိန်ဆဲလိုက်သည်။

"ဒါဆို ညည ဘောလုံးကန်သံတွေကြားနေရတာ၊ ညအချိန်တော် အိမ်ရှေ့လူခေါ်ဘဲလ်ကို လာလာနှိပ်တာတွေက မင်းရဲ့မောင် ဝိညာဉ်လက်ချက်ပေါ့ ဟုတ်လား"

"ဟုတ်တယ်. . မောင်လေးက အရမ်းအဆော့သန်သလို အနောက်လဲသန်တယ်၊ သူမဆုံးခင်တုန်းကဆို အခုကိုညီတို့အိမ်မှာ အရင်နေသွားခဲ့ဖူးတဲ့ မိသားစုတွေနဲ့ အရမ်းရင်းနှီးတယ်လေ၊ အဲဒီအိမ်က ကလေးလေးနဲ့ ဆော့ဖော်ဆော့ဖက်ပေါ့၊ အမြဲတမ်း အဲလိုဘဲလ် တီးတီးပြီး သွားနောက်တတ်တယ်"

ဝိညာဉ်ဆိုသော ကြောက်စိတ်ကြောင့် စိတ်ထဲမှာ မသိုးမသန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမိပေမယ့်၊ သွက်လက်ချက်ချာပြီး အပြစ်ကင်းစင်သော ငြိမ်းချမ်းလေးအတွက် စိတ်မကောင်း ဖြစ်မိသည်။

ဒီလိုဖြူစင်တဲ့ကလေးမျိုးဟာ အစွဲအလမ်းတစ်ခုကြောင့်. . ဒီလောကထဲမှာ ဘယ်လိုမှရှိမနေသင့်၊ ဒီတော့ အကြံတစ်ခုတော့ ပေးရဖြစ်တော့မည်။

"ကြာရိုး မင်းမောင်ကို ဒီလိုဘုံဘဝထဲမှာ ကျင်လည်နေတာတို့ မင်းကြည့်နေရက်လား"

ကိုအမေးကြောင့် ကြာရိုးမျက်နှာ ညှိုးကျသွားသည်။

"သူ့အတွက် ကောင်းမှုကုသိုလ်လေးလုပ် အမျှအတန်းပေးဝေလိုက်ရင် သူဒီထက်ကောင်းတဲ့ ဘုံဘဝကို ရောက်နိုင်တာပေါ့. . ဥပမာကွာ မင်းအိမ်ထောင်ပြုလိုက်ရင် မင်းဆီမှာ ပြန်ဝင်စားတာတို့ နောက်ပြီး တခြားလူတွေဆီမှာ ဝင်စားတာတို့ပေါ့၊ ဒါမှမဟုတ်လဲ နတ်ပြည်တွေဘာတွေလဲ ရောက်သွားနိုင်တာပဲ"

ကြာရိုးဖြူမျက်နှာ တစ်ဖန်ပြန်၍လက်လာပြီး. .

"အင်း. . ဟုတ်တယ်နော်၊ မောင်လေးကို ဒီလိုဘဝမျိုးကြီးထဲမှာ ပိတ်လှောင်ခံထားရပြီး ဘေးမှာစောင့်ရှောက်နေရတာထက်စာရင် လူပြန်ဖြစ်ပြီး ကိုယ့်ရင်သွေးလေးအဖြစ်နဲ့ စောင့်ရှောက်မယ်ဆိုရင် အရမ်းကို အဆင်ပြေမှာ"

"ဒါပေါ့. . ဒါကြောင့် မင်းမိဘတွေဆီမှာ သဘောတူတဲ့လူတွေဘာတွေ မရှိဘူးလား၊ ရှိရင်လက်ခံလိုက်"

ညီလင်းပ အကောင်းဆုံးအကြံဉာဏ်ပေးလိုက်ခြင်း ဖြစ်သည်။

"ဘာ"

ကြာရိုးဖြူ မျက်လုံးပြူးကြီးဖြင့် ခပ်စောင့်စောင့်ကြည့်ကာ ဘာလိုက်ခြင်းဖြစ်သည်။





"ကိုညီဘာဖြစ်လို့ ဒီလိုစကားမျိုးပြောရတာလဲ. . . အမှန်ဆို ကြာရိုးက ကိုညီ့ချစ်သူလေ၊ လက်ထပ်ချင်တယ်ဆိုလည်း ကိုညီ့ပဲထပ်ရမယ့်ဟာကို၊ ကိုညီသိပ်သွေးအေးတာပဲ၊ သူပဲချစ်တယ်ပြောပြီး အာဘွားပေးတုန်းကပေးပြီး. . "

အသံခပ်စူးစူးလေးဖြင့် မကျေမနပ်ဆိုတော့ ညီလင်းပ ကိုယ့်အတက်ကိုယ်စူးပြီ. . .

"အဲ. . အဲဒီလို မဟုတ်ပါဘူး၊ ကိုယ်က သဘောကိုပြောတာပါ"

"သဘောမပြောနဲ့. . မနောနဲ့ပြော၊ ကြာရိုးကရော ကိုယ့်ချစ်သူတာလွဲပြီး ဘယ်သူ့ကို လက်ထပ်ရမှာလဲ"

"ဒါပေါ့. . ဒါအမှန်ပဲ. . ဟဲဟဲဟဲ"

ညီလင်းပ ကြာရိုးဖြူစိတ်ဆိုးပြေစေရန် ဖော်လိုလိုက်ပြောလိုက်သည်၊ သိပ်မကြာခင်မြားဦးက ကိုယ့်ဘက်လှည့်လာတော့မည့်ဘယ်လိုရှောင်ပြေးလို့မှ မရတော့. .

ကြာရိုးဖြူ ခပ်စိမ့်စိမ့်လေးပြုံးကာ မော့ကြည့်ပြီး. . .

"ကျွန်မနဲ့ကိုညီ လက်ထပ်ကြမလားဟင်"

ဒိန်းခနဲ ဆောင့်ခုန်လိုက်သော နှလုံးခုန်သံက လက်ထပ်ဖို့ မညှိနှိုင်းရသေးသော ကိုယ့်စိတ်တွေကို လှောင်ပြောင်သရော်လိုက်သလို. . .။

"အဲ. . ဒါကလေ. . ဟို ဘယ်လိုပြောရမလဲ. . ဒီ. . ဒီလိုရှိတယ်"

"အို. . ဘယ်လိုတွေ ဒီလိုတွေရှိမနေနဲ့. . ကြာရိုးဘက်ကစပြီး လက်ထပ်ခွင့်ကို တောင်းခံပါ့မယ်၊ ကျေးဇူးပြုပြီး ကြာရိုးနဲ့ လက်ထပ်ပေးပါ မောင်လေးအတွက် ဘဝအသစ်တစ်ခု ဖန်တီးပေးချင်လို့ပါ"

မရေမရာအကြံကို ပေးလိုက်မိသော ကိုယ့်ဖြေသိမ့်မှုတို့. . တ



www.burmeseclassic.com

www.burmeseclassic.com



ကယ်အပုတ်ထင်ကာ တောင်းဆိုနေသော ကြာရိုးဖြူကို စိတ်မသက်မ
သာစွာကြည့်လိုက်သည်။

ကြာရိုးဖြူထံမှ ညီလင်းပ၏ အကြောင်းပြချက်တွေကို နားမ
ထောင်လိုဟန်ဖြင့် ခြေဖျားလေးထောက်ကာ မရေရာသော အရိပ်တွေ
ဖုံးလွှမ်းနေသော မျက်နှာပေါ်သို့ အနမ်းတို့ တရစပ် ခြွေချလိုက်သည်။

"မနက်ဖြန် ကျွန်မအိမ်ခဏပြန်မယ် မောင်လေးအကြောင်းနဲ့
ရှင်နဲ့ကျွန်မအကြောင်းကို ဖွင့်ပြောပြီး စီစဥ်စရာရှိတာ စီစဥ်လိုက်တော့
မယ်နော်"

ညီလင်းပမှာ အနမ်းတွေထဲမျောမိရင်း အင်းဟုသာ ဖြေလိုက်
သည်။







# အခန်း(၂၁)

ဆိုင်းမဆင့် ဘုံမဆင့်ရောက်ချလာသော မိဘနှစ်ပါးကိုကြည့်
ပြီး ညီလင်းပအံ့ဩနေသည်။

"ဒယ်ဒီနဲ့မာမီ သားကိုလည်း အကြောင်းမကြား ဘာမကြားနဲ့
ရောက်လာတယ်"

"ကိုယ့်သားသမီးဆီလာတာ အကြောင်းကြားစရာလိုလို့လား
ငါ့သားရယ်"

"အဲလိုလည်း မဟုတ်ပါဘူး၊ မာမီတို့က သားဆီကို အကြောင်း
မရှိရင် မလာတတ်လို့ သားကအံ့ဩပြီး မေးရုံလေးတင်ပါ"

မိဘတွေ စိတ်မကောင်းဖြစ်သွားမည်စိုး၍ ညီလင်းပ ကပျာကာ



www.burmeseclassic.com

www.burmeseclassic.com



ယာ ဖြေရှင်းချက်ပေးလိုက်သည်။ ဒီတော့မှ မိဘနှစ်ပါးစလုံး မျက်နှာပြုံးခနဲဖြစ်သွားသည်။

“မင်းကလည်း သားကိုစွတ်ပြီး အပြစ်တင်ချင်နေတာကိုးကွ”

“အမေကြီးသိပါတယ် အဖေကြီးရယ်”

သိုးပု ကော်ဖီနှင့်မုန့်တွေ ယူလာပြီး ဆက်တီစားပွဲပေါ် လာချပေးသည်။ သူပါ ညီလင်းပနား ဝင်ထိုင်လိုက်သည်။

“အခု မင်းမှာ ချစ်သူရှိနေပြီဆို ဟုတ်လား”

“ဗျာ. . ဘယ်သူပြောလဲ”

“အဟဲ. . ကျွန်. . ကျွန်တော် ပြောလိုက်တာကိုညီ”

ညီလင်းပ သိုးပုကို လှမ်းကြည့်ပြီး ခပ်တိတ်တိတ် ဆဲလိုက်သည်။

“ကောင်မလေးက စာရေးဆရာမလေးဆို”

“အယ်. . ဘယ်လိုပြောရမလဲတောင် မသိပါဘူး မာမီရယ် ဟို. . မထင်မှတ်ပဲနဲ့ ချစ်သူဖြစ်သွားတာပါ”

“ဒါဆို သားကသူ့ကို လက်ထပ်ဖို့အထိ မရည်ရွယ်ထားသေးဘူးဆိုတဲ့ သဘောလား”

ဒယ်ဒီ့အမေးကို ခပ်လေးလေး ခေါင်းညိတ်ပြလိုက်သည်။

“သူ့ကို ချစ်ရောချစ်ရဲ့လား”

“ဗျာ”

“ကဲပါ အဖေကြီးရယ် ဒီအဆင့်ထိမေးဖို့မလိုပါဘူး၊ ခင်တို့ စီစဉ်ထားတဲ့ကိစ္စကို ပြောပြလိုက်ပါတော့”

“မာမီတို့က ဘာစီစဉ်ထားလို့လဲ”

ညီလင်းပ အလောတကြီး မေးလိုက်သည်။

“မင်းကို သင့်တော်တဲ့သူနဲ့တွေ့တုန်း အိမ်ထောင်ချပေးချင်လို့”





“ဗျာ”

လာပြန်ပြီ ထူးဆန်းသော အကြောင်းအရာတစ်ခု ခုတလော ထင်မှတ်မထားသောကိစ္စတွေ တစ်ခုပြီးတစ်ခု ကြုံနေရသည်။

ထိုအကြောင်းအရာတွေအားလုံးဟာ အမှန်တရားဖြစ်နေရှ တ်ခံလိုက်ရပေမယ့် ရင်ထဲမှာ မတင်မကျ. . .

“ဟုတ်တယ်သား ဒယ်ဒီ့မိတ်ဆွေရဲ့ တူမလေးပါ၊ ဒယ်ဒီတို့ လည်း မနှစ်ကတစ်ခါတော့ မြင်ဖူးလိုက်တယ်၊ ကောင်မလေးက ရုပ်ချော်လေးကတော့ မဆိုးပါဘူး ငါ့သားနှစ်သက်မယ့် ရုပ်မျိုးလေးပါ ဒယ်ဒီနှစ်သက်မှတော့ ငါ့သားနှစ်သက်မယ်ဆိုတာ ဒယ်ဒီသိတယ်”

ဒယ်ဒီထိုသို့ပြောတော့ မာမီ ဒယ်ဒီကို မျက်စောင်းလှမ်းထိုးလိုက်သည်။

“ဟွန့်နော်. . အဖေကြီး စကားကို အနှောင့်အသွားမလွတ် ငယ်တုန်းကဗီဇတွေ ပြန်ပေါ်လာပြီ”

“ငါက စကားအဖြစ် ပြောတာပါကွာ”

“ကဲ. . သား မာမီတို့စီစဉ်တာ ဘယ်လိုသဘောရလဲ၊ သားက နာမည်ကျော် အကပညာရှင်တစ်ယောက် ဖြစ်နေတဲ့အတွက် သားလက်ထပ်မယ့်မိန်းကလေးက တအားကြီးထက်မြက်နေဖို့ မလိုဘူးလေ၊ မာမီတို့က သားရဲ့ဘဝရပ်တည်မှုပညာရပ်ကို ဝေဖန်ရှုံ့ချမယ့် ဇနီးမယားမျိုး မဟုတ် သားကိုအမြဲတမ်း အထင်ကြီးလေးစားပြီး ယောကျ်ားကိုတန်ဖိုးထား ပါရမီဖြည့်ပေးမယ့် မိန်းကလေးမျိုးကိုပဲ သားရဲ့ဇနီးမယားအဖြစ် ရွေးချယ်ပေးချင်တာ”

ပြောပြောဆိုဆိုဖြင့် မာမီလက်ပွေ့အိတ်ထဲမှ ပန်းရောင်စာအိတ်လေးတစ်အိတ် ထုတ်ယူလိုက်သည်။

စာပွဲပေါ် တင်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထဲမှာ သားနဲ့သဘောတူတဲ့ ကောင်မလေးပုံပါတယ်. . သူ့နာမည်က ဗေဒါပန်းတဲ့"

"ကျွတ်. . သူလည်း ရေထဲမှာ ဒိုက်ပင်လိုမျောနေတဲ့ ပန်းနာမည်"

စိတ်ထဲမှ ခပ်တိုးတိုးညည်းတွားပြီး စာအိတ်ကို လှမ်းယူကာ သိုးပုကို လှမ်းပေးလိုက်သည်။

"ရော့. . သိုးပု ငါ့အခန်းထဲက အံဆွဲထဲ သွားထည့်ထားလိုက်၊ နောက်မှ အေးအေးဆေးဆေးကြည့်မယ်၊ မာမီ ခုသားရိုက်ကွင်းသွားရဦးမယ်၊ မာမီတို့လည်း အနားယူလိုက်ပါဦး၊ ညပြန်လာမှ စကားအေးအေးဆေးဆေး ပြောကြတာပေါ့"

"အေးအေး. . သွား၊ ညကျမှ ဆက်ဆွေးနွေးကြတာပေါ့"

ဒယ်ဒီနှင့်မာမီကို ထိုသို့ချွေးသိပ်လိုက်ပြီး ရိုက်ကွင်းသွားရန် ထွက်လာလိုက်သည်။

ကြာရိုးဖြူနှင့် ဗေဒါပန်း ရေထဲကပန်းတွေနှင့် တော်တော်အကျိုးပေးသန်ပါလားဟုတွေးကာ ကားမောင်းရင်း ဟတ်ခနဲရယ်လိုက်သည်။ ဗေဒါပန်းက ကြာရိုးဖြူလောက် လှနိုင်ပါ့မလား. . ။

လက်ထပ်ဖို့တောင်းဆိုလာသည့် ကြာရိုးဖြူ၏ ကမ်းလှမ်းမှုကိုတောင် ဆုံးဖြတ်ရခက်နေတာ. . . မာမီတို့အစီအစဉ်ကို ဆုံးဖြတ်ချက်ချပေးမယ့် ဆန္ဒတစ်ခုက ဟိုးအဝေးကြီးမှာ. . . ။

ဗေဒါပန်းဆိုတဲ့ နာမည်ကိုကြားရုံနှင့်တောင် စိတ်ဝင်စားစရာမကောင်းတာ။









# အခန်း(၂၂)

"ကြာရိုးဖြူ. . . ကြာရိုး အိပ်ပြီလား"

အိမ်တံခါးဖွင့်ထား၍ ဝင်ခဲ့ပေမယ့်. . ကြာရိုးဖြူ၏ အရိပ်အယောင်လေးတောင် မတွေ့ရ၍ အသံခပ်တိုးတိုးပေးပြီး ဧည့်ခန်းထဲကနေမှာ ဝင်ထိုင်လိုက်သည်။ ဂီတသံငြိမ့်ငြိမ့်လေးက ခပ်တိုးတိုး လွှမ်းမိုးနေ၏။

အကသင်ပေးမယ် ပြောပြီးကတည်းက ညစဉ်အကြောင်းအမျိုးမျိုးပေါ်နေသဖြင့် ဒီညတော့ အသေအချာ စနစ်တကျသင်ပေးမည်ဟူသောစိတ်နှင့် ထွက်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှိန်မှိန် မီးပန်းဆိုင်းတွေသာ ထွန်းညှိထားသော ဝါကျင့်ကျင့်မီးရောင်အောက်မှာ ကြာရိုးဖြူထွက်အလာကို အေးအေးလူလူပင် ထိုင်စောင့်နေလိုက်သည်။

ခြေသံခပ်ဖွဖွကြားရသည်မို့ ဧည့်ခန်းနှင့်အတွင်းခန်း ကာထားသောလိုက်ကာဆီသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

လက်တစ်ဖက်. . လိုက်ကာကိုဆွဲဖယ်နေတာ အရင်ဆုံးမြင်ရသည်။ ညီလင်းပ ခပ်ဖန့်ဖန့် ပြုံးလိုက်သည်။

ဒီနေ့ည ခါတိုင်းညတွေလို တက်ကြွမှုမရှိသလို ငြိမ်ကုပ်ခြောက်ကပ်လွန်းနေသည်။

ညှိုးမှိန်သောမျက်နှာနှင့် ထွက်လာသော ကြာရိုးဖြူကိုမြင်တော့ စိတ်ထဲ ထင့်ခနဲပူသွားသည်။

"ကြာရိုး နေမကောင်းဘူးလား၊ ဒီနေ့ မင်းအမေအိမ် သွားမယ်ဆို"

ညီလင်းပအမေးကို မဖြေပဲ အသက်မပါသော ခြေလှမ်းတွေဖြင့်လျှောက်လာပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ညီလင်းပ ဆက်မမေးတော့. . .

"ကိုယ်တို့ ဒီညတော့ ကကွက်တွေ စရအောင်"

ညီလင်းပကို ခပ်ဖျော့ဖျော့ ခေါင်းညိတ်ပြသည်။

"ကဲ. . အိုကေ ဒါဆိုရင်ထ"

လက်ကိုကမ်းပေးပြီး ထိုင်ခုံမှထလိုက်သည်။ ကြာရိုးဖြူ ကမ်းပေးသော ညီလင်းပ၏လက်ကို အလိုက်သင့် ဆုပ်ကိုင်လိုက်သည်။

တိတ်ဆိတ်သောညတွင် ရင်ဘတ်ချင်းခဏအပ်ကာ မြူးရစ်တေးသွားအောက်မှာ ကကြိုးသင်ဖို့ အာရုံတွေ စုစည်းလိုက်သည်။

ဒီညတကယ်တမ်း ရင်ခုန်နေသည့်သူက ညီလင်းပဖြစ်နေတာ





တော့ အံ့ဩစရာကောင်းနေသည်။ သူမသည်လည်း အရင်ညတွေထက် ပိုလှနေသလို ခံစားရသည်။

"အကဆိုတာ ဂီတသံထဲကို ကိုယ့်ကိုယ်လုံးကို အပ်နှံလိုက်တာပဲ၊ ဒီအချိန်မှာ စိတ်ဖိစီးမှုတွေရှိရင်တောင် ဖယ်ထုတ်နိုင်ရမယ်၊ အခု ကိုယ်မင်းကို သင်ပေးမှာ ကျူးဘားနိုင်ငံက အာရယ်ဟန်ဒို စုံတွဲအကပဲ"

"အဲဒီအက အရမ်းစိတ်လှုပ်ရှားစရာကောင်းလား ကိုညီ"

"ဒါပေါ့ စိတ်ရောကိုယ်ပါနှစ်ပြီး ခံစားလိုက်ရင် အနည်းဆုံးအကွက်တွေရဲ့ခံစားချက်ကို နားလည်လာလိမ့်မယ်၊ အာရုံစိုက် နည်းနည်းလွဲတာနဲ့ နောက်ကကွက်တွေ လွဲသွားနိုင်တယ်"

"ဒါဆိုရင် ရှင်နဲ့ကျွန်မရဲ့ အချစ်တွေကရော အခုကကွက်တွေလို ဟန်ချက်ညီနိုင်ပါ့မလား၊ ကျွန်မရဲ့ ရင်ထဲကအချစ်တွေကို စိတ်ရောကိုယ်ပါနှစ်ပြီး ရှင်ခံစားလိုက်မယ်ဆိုရင် အနည်းဆုံး စစ်မှန်တဲ့ကျွန်မရဲ့ ရင်ခုန်သံတွေကို ရှင်ကြားနိုင်မယ် ထင်တယ်နော်"

ချောင်ပိတ် မေးခံလိုက်ရသောကြောင့် သူမလက်အစုံကို ဆုပ်ကိုင်ကာ ရင်ဘတ်ချင်းအပ်ပြီး ကနေသော ကကွက်အချို့ မလွဲချော်အောင် သတိထားနေရသည်။ သက်ပြင်းခပ်ဖျော့ဖျော့ချကာ မျှော်လင့်ဆေးမောနေသော မျက်နှာဖူးဖူးလေးကို ငုံ့မိုးကြည့်လိုက်သည်။

နီထွေးသော နှုတ်ခမ်းအစုံသည် ထိုတဒင်္ဂကို စိတ်လှုပ်ရှားမှုအစုံတစ်ရာအား ထူးဆန်းစွာပေးစွမ်းနေ၏ ရင်ထဲမှာ နွေးသလိုလိုရှိလာကာ. .

"အင်း ကိုယ်တို့ရင်ဘတ်ချင်းနီးနေမှတော့ မင်းရဲ့ရင်ခုန်သံအစစ်မစစ်ကို သိလာမှာပါ၊ မင်းရဲ့တက်ကြွနေတဲ့ မျက်လုံးတွေဟာ ငါ့ကိုခံစားနေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်မှုမဟုတ်သော ရင်ထဲက စကားတစ်ခွန်းသာဖြစ်သည်။

"တို့နှစ်ယောက်ရဲ့အကဟာ တို့နှစ်ယောက်အတွက် တစ်ခုထဲသော ထွက်ပေါက်ဖြစ်ရမယ်"

"ဟင့်အင်း. . အဲဒါထွက်ပေါက်တစ်ခု ဖြစ်နိုင်ပါ့မလား၊ ရှင့်အတွက်စိတ်ပျက်စရာတွေပဲ ဖြစ်ခဲ့တယ်မဟုတ်လား၊ ကျွန်မရော မောင်လေးငြိမ်းချမ်းရော ရှင့်ကိုတစ်ချိန်လုံး အနှောင့်အယှက်တွေ ပေးနေခဲ့တာလေ၊ ခုဆို ရှင့်အချိန်တစ်ချို့ကို ကျွန်မကို ဖဲ့ပေးနေရတာမဟုတ်လား၊ ရှင်မပျော်တာ ကျွန်မသိနေတယ်၊ ဒါပေမဲ့. . ကျွန်မတော့ ရှင်နဲ့အခုလို တွေ့နေခဲ့ကြတဲ့ အချိန်လေးကို ဘယ်တော့မှ အာရုံထဲမှာ ပျောက်ပျက်မသွားဘူး၊ ကျွန်မအချစ်တွေထဲမှာ ရှင်ဟာ ပရောဖက်ရှင်နယ် အကပညာရှင်တစ်ယောက်ဆိုတဲ့ ဂုဏ်ပုဒ်မပါဘူး၊ ကျွန်မ ရှင့်ကို ရိုးရိုးလေး ချစ်ခဲ့မိတာပါ၊ ကျွန်မရှင့်ကို ဘယ်လောက်ချစ်သလဲဆိုရင် ကျွန်မရဲ့အသွေးအသား အသက်တွေကို ပေးဆပ်ရဲတဲ့အထိ ချစ်တယ် ရှင်သာ ကျွန်မနဲ့ဝေးခဲ့ကြမယ်ဆိုရင် ကျွန်မကမ္ဘာလည်း တစ်စစီပြိုကျပျက်စီးသွားမလားပဲ"

"မင်း ဘာတွေတွေးပြီး ခံစားနေတာလဲ၊ ရင်ထဲမှာ တကယ်ချစ်ကြရင် တကယ်ပိုင်ဆိုင်နိုင်ကြမှာပါ"

ချမ်းမြေ့စရာစကားမို့ ကြာရိုးဖြူ ခပ်ဖျော့ဖျော့ပြုံးသည်။ ခံစားချက်တွေ ပြွတ်သိပ်နေပေမယ့် အသက်သိပ်မပါ။ ရင်ထဲမှာ စိုးထိတ်နေမိသည်။

ကနေရင်းနှင့် တီတိုးဆိုနေကြသော ရင်ဘတ်နှစ်ခုထဲတွင် ခံစားချက်တွေကိုယ်စီ ရှိနေကြသည်။

"တကယ်လား. . ကျွန်မရှင့်ကို တကယ်ပိုင်ဆိုင်ရမှာလား ကိုညီ၊ ရှင်ကျွန်မကို ချစ်သွားပြီလားဟင်"





"အင်း. . ချစ်မိသွားပြီ၊ ဟုတ်တယ် ကိုယ်မင်းကို တကယ်ချစ်မိသွားတာ"

ရုတ်တရက်နှုတ်မှ ထွက်သွားပေမယ့်. . ဒါဟာအမှန်တရားတစ်ခုဖြစ်လိမ့်မည်ဟု ယုံကြည်နေပါသည်။

ထို့ကြောင့် ကြာရိုး၏ကိုယ်လုံးအိအိလေးကို တင်းကျပ်စွာ ဆုပ်တွယ်ထားလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

"ဟော. . ကိုညီနိုးပြီလား"

"အေး. . ဒယ်ဒီနဲ့ မာမီရော"

"မနက်ကအစောကြီး အပြင်ထွက်သွားကြတယ်၊ ကိုညီကို နှိုး
သေးတယ် နိုးမရတာနဲ့ သူတို့ဘာသာ သွားကြတာ၊ အရေးကြီးတဲ့ဖုံး

သိုးပုစကားကြောင့် ညီလင်းပ မျက်လုံးနှစ်ဖက်စုကျုံ့သွား

"ဘာအရေးကြီးတာလဲ"

"ကျွန်တော်တော့ အသေအချာမသိဘူး ဖုန်းဝင်လာလို့ သွား
ကြတာ"

"ဟင်. . မင်းကလည်း မသိတာကြီးပဲ"





သိုးပုကို အပြစ်တင်စကားပြောပြီး စားပွဲမှာဝင်ထိုင်ကာ ပီဇာ
လေးတစ်ချပ်ယူကာ ဝါးလိုက်သည်။

"ကိုညီ ဗေဒါပန်းကချောလား၊ ကြာရိုးဖြူနဲ့ ဘယ်သူပိုလှလဲ"

"စိတ်မဝင်စားလို့ ဓါတ်ပုံတောင် မကြည့်ရသေးဘူး"

သိုးပု ဟီးခနဲ တစ်ချက်ရယ်လိုက်သည်။

"ဟော့ကောင် ဘာရယ်တာလဲ"

"ဩော်. . ဘာမှမဟုတ်ပါဘူး ကိုညီကိုအားကျလို့"

"ဘာကိုအားကျတာလဲ"

"ဝိုင်းချစ်မယ့် မိန်းကလေးတွေများလို့လေ၊ ခုတလော ယုန်
လေးတောင် ဒီအိမ်က သရဲခြောက်တယ်ဆိုပြီး အကလာမကျင့်တော့
ဘာ၊ နို့မို့ဆို ကိုညီ့ကို ကပ်ချွဲနေတာနဲ့ မျက်စိနောက်ဦးမှာ"

"အဲဒါကောင်းတယ်၊ သူမလာလေ ငါနားညည်းသက်သာလေ
ပဲ၊ သူထပ်လာလဲ ပြဿနာက ထပ်ရှာဦးမှာ"

"ဒါနဲ့ကိုညီ ဗေဒါပန်းနဲ့ကြာရိုးဖြူ ဘယ်သူ့ကိုရွေးမလဲ"

"ဗေဒါပန်းကို စိတ်မဝင်စားပါဘူးဆိုမှ ရွေးစရာလား"

"မမြင်သေးလို့ပါ ကိုညီရာ၊ မြင်သွားရင် ဗေဒါပန်းက ကြာရိုးဖြူ
ထက်တောင် ဆွဲဆောင်မှုရှိရင် ကိုညီစိတ်ပြောင်းသွားမှာပါ"

ဘေးမှ တတွတ်တွတ်လာပြောနေ၍ အစားကောင်းကောင်း
စားရပဲ လေပြန်ပေါ်နေရသဖြင့် ညီလင်းပ သိပ်စိတ်မရှည်တော့. . .

"ဟော့ကောင် အချောအလှတွေကြိုက်မှတော့ ကြာရိုးဖြူတွေ
ဗေဒါပန်းတွေကို စိတ်မဝင်စားပဲ ငါတို့အသိုင်းအဝိုင်းက အချောအလှ
တွေနဲ့ပဲ နှစ်ပါးသွားတော့မှာပေါ့ဟ၊ မင်းက မိန်းမမြင်တိုင်း ငါ့ကိုသွား
ရတဲ့ကောင်လို့ မြင်နေသလား"

"အဲလိုမထင်ပါဘူး ကိုညီရာ၊ အဟဲ. . ဗေဒါပန်းနဲ့ ကြာရိုးဖြူ

www.burmeseclassic.com



ဘယ်သူ့ကိုရွေးမလဲ မရွေးတဲ့သူ ကျွန်တော့်ကိုမှုလို့ ပြောမလို့ပါ”

သိုးပု သူ့စကားနှင့်သူ တဟားဟား သဘောကျစွာ ရယ်လိုက်သည်။

ထိုစဉ် အိမ်ရှေ့မှကားဝင်လာသည်မို့ သိုးပုအရယ်ရပ်ကာ ဧည့်ခန်းဝင်ပေါက်ဝဆီသို့ မျှော်ကြည့်လိုက်သည်။

“ဟော. . ဦးနဲ့အန်တီတို့ပြန်လာပြီး”

ကားတံခါးဖွင့်ကာ ခပ်သွက်သွက်ဆင်းလာသော ဒယ်ဒီနှင့် မာမီ မျက်နှာမကောင်းကြတာ ညီလင်းပသတိထားလိုက်မိသည်။

“ဒယ်ဒီ ဘယ်ကပြန်လာကြတာလဲ”

ညီလင်းပ စားတာကိုရပ်ပြီး ဧည့်ခန်းထဲခြေပစ်လက်ပစ် ထိုင်ချလိုက်သော ဒယ်ဒီနှင့်မာမီကိုမေးကာ ဝင်ထိုင်လိုက်သည်။

မာမီ ငိုတော့မည့်မျက်နှာနှင့် ညီလင်းပကို မျက်ရည်တဝဲဝဲ ကြည့်ကာ. . .

“ပေဒါပန်း ဆုံးပြီးသားရေ”

“ဗျာ. . ဂိမ်းက ဆော့တောင်မဆော့ရသေးဘူး အိုဗာဖြစ်သွားပြီလား”

မြင်တောင်မမြင်ဖူးလိုက်ရသည့် ပေဒါပန်းဆိုသော မိန်းကလေး ဆုံးပြီးဆို၍ စိတ်ထဲမှာ နည်းနည်းတော့ မကောင်းဖြစ်ရသည်။ ဒီထက်တော့မပို။

“ဘာရောဂါဖြစ်လို့လဲ မာမီ၊ မီးယပ်လား ကင်ဆာလား”

“မဟုတ်ဘူး ခေါင်းလျှော်ရေချိုးပြီး ဒရင်းဘတ်ပေါ် ခဏလှဲအိပ်လိုက်တာတဲ့၊ ညနေအထိမနိုးတော့ သူ့အမနှိုးတော့ အသက်မရှိတော့ဘူးလေ”

“သြော်. . စိတ်မကောင်းပါဘူး မာမီရာ”





ညီလင်းပထိုသို့သောစကားမျိုး ပြောရုံမှအပ တခြားပြောစရာ စကားမရှိ။

“ညကဆုံးတာဆိုတော့ မနက်ဖြန်အသုဘချမယ်လေ၊ မာမီတို့ သွားပို့ကြရအောင်ကွယ်”

“ဟုတ်ကဲ့မာမီ ကျွန်တော် မနက်ဖြန်ကိစ္စလေး တစ်ခုပြီးတာနဲ့ လိုက်ပေးပါ့မယ်”

မတော်လိုက်ရသော ချွေးမအတွက် စိတ်မကောင်းဖြစ်နေ၍ အလွယ် ကတိပေးလိုက်သည်။

ဒိုက်ပင်လိုမျော၍ မရနိုင်တော့သော ပေဒါပန်း၏ နောက်ဆုံးခရီးကို လိုက်ပို့ရဦးမတဲ့. . .

အသက်မရှိတော့သည့် ဖြူဆုပ်ဆုပ်မျက်နှာကြီးကို သွားမြင်ပြီး သြော်. . ဒါဟာ ငါနဲ့ လက်မထပ်လိုက်ရတဲ့ မိန်းမပါလားဆိုပြီး ရတက်မွှားချင်တော့ပါ။

တော်ကြာ. . . ညဘက် ပြန်မြင်ယောင်ပြီး ချောက်ချားနေမှ အခက်. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)



"ကဲ. . ဆင်း၊ ဒီကော်ဖီဆိုင်လေးက နိုင်ငံတကာ ကော်ဖီအစုံရတယ်"

ညီလင်းပကားတံခါးကိုဖွင့်ပြီး အရင်ဆင်းလိုက်သည်။ ကြာရှိုးဖြူပါ ရိုမန့်ဆန်သော ကော်ဖီဆိုင်လေးကိုကြည့်ပြီး ကားပေါ်မှဆင်းလိုက်သည်။

"ဆိုင်လေးက ရိုမန့်ဆန်တယ်နော် ကိုညီ"

ဒေ့ကြို့လေး မှန်တံခါးကိုဆွဲဖွင့်ပြီး ဦးညွှတ်ကြိုဆို၏။

ညီလင်းပ ဆိုင်ထဲရောက်သည်နှင့် မှန်တံခါးချပ်ကို တွန်းပိတ်လိုက်သည်။





"ဟော့. . ညီ မပိတ်နဲ့ဦးလေ နောက်မှာတစ်ယောက် ဝင်ရဦးမယ် မတွေ့ဘူးလား"

"ဗျာ"

ညီလင်းပစကားကြောင့် ဒေ့ကြို့လေး ဟိုကြည့်ဒီကြည့် ဝေ့ကြည့်ပြီး. .

"ဩော်. . ဟုတ်. . ဟုတ်ကဲ့ လာရင်ဖွင့်ပေးမှာပါ"

ဒေ့ကြို့ အူကြောင်ကြောင်ဖြင့် မှန်တံခါးကို ပြန်ဖွင့်လိုက်သည်။ ကြောင်တောင်တောင်ဖြစ်နေသော ဒေ့ကြို့ကို ကြာရှိုးဖြူ ပြုံးပြပြီး ညီလင်းပနောက် ဝင်ခဲ့လိုက်သည်။

ဘွန်ဆိုင်းပင်လေးတွေ အစီအရီစိုက်ထားသော ပန်းအိုးလေးတွေနားရှိ စားပွဲလွတ်တစ်ခုဆီသို့ ညီလင်းပ လျှောက်သွားသည်။ စားပွဲမှာ နှစ်ယောက်စလုံး ဝင်ထိုင်လိုက်သည်နှင့်. . .

"အစ်ကို ဘာမှာမလဲ"

"ဗီယက်နမ်ကော်ဖီနှစ်ခွက် ပီဇာနှစ်ပွဲ မြေအိုးနှစ်ပွဲ"

"ဗျာ. . အစ်ကိုက တစ်ပြိုင်တည်း ပီဇာနှစ်ပွဲ စားနိုင်လို့လား"

"ဟာ. . နှစ်ယောက်စားမှာလေကွာ မင်းမမြင်ဘူးလား"

"ဩော်. . ဟုတ်. . ဟုတ်လား. . ရ. . ရမယ်နော်အစ်ကို"

ဝိတ်တာလေး ခေါင်းကုတ်ကာ အနားမှ ထွက်သွားသည်။

"ဝူး. . ရုပ်ကလေးသနားကမား အကမင်းသားတစ်ယောက်စားလိုက်ပုံများ လူစားမစားဘူး"

ဝိတ်တာလေး မကြားတကြားပြောသွားသည်။

"ကိုညီ ကျွန်မကို ဘာပြောစရာရှိလို့ ဒီကိုခေါ်လာတာလဲဟင်"

တိုးသက်သော အမေးကြောင့် ညီလင်းပ ကြာရှိုးဖြူကို မြတ်နိုးစွာ ငေးကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်က ရိုမန့်အရမ်းဆန်တယ်မဟုတ်လား များသောအား
ဖြင့် ဒီဆိုင်လေးကို ချစ်သူစုံတွဲတွေပဲ လာကြတယ်၊ ဒီဆိုင်လေးဖွင့်
ခြင်း ရည်ရွယ်ချက်ကလည်း ချစ်သူစုံတွဲတွေအတွက် စိတ်အပန်းဖြေ
အနားယူနိုင်ဖို့လေ"

"ဟင်. . ကိုညီက ဆိုင်ရှင်မို့လို့ ကျွန်မကို ရှင်းပြနေတာလား"

"အဟဲ. . ဆိုင်ရှင်က ကိုယ်တော့မဟုတ်ဘူး ကိုယ့်သူငယ်ချင်း
လေ၊ ဒီဆိုင်လေးဖွင့်ဖို့ ကိုယ့်အိုင်ဒီယာတွေ အများကြီးသုံးရတယ်ကွ"

"ဒါဆို အရင်ကရော ဒီဆိုင်လေးကို ဘယ်ကောင်မလေးနဲ့
လာဖူးလဲ"

"ခဏခဏတော့ လာဖြစ်တယ် ဒါပေမဲ့ ကောင်မလေးတော့
မပါဘူး သိုးပုပဲပါတယ်၊ ကောင်မလေး. . အဲ. . ချစ်သူနဲ့လာဖူးတာ
တော့ ဒါပထမဆုံးအကြိမ်ပဲ"

"တကယ်"

"အင်း. . တကယ်ပြောတာ၊ ကိုယ်လေ ဒီနေ့ညပဲ မာမီကိုမင်းနဲ့
လက်ထပ်ဖို့ ပြောလိုက်တော့မယ်၊ မင်းရောမင်းအမေကို သွားပြောမယ်
ဆို ပြောပြီးပြီလား"

"အင်း. . ပြောပြီးသွားပြီ မေမေကမငြင်းပါဘူး၊ မောင်လေး
အတွက် ကောင်းမှုကုသိုလ်လုပ်ဖို့ပါ စီစဉ်ပြီးသွားပြီ ခက်တာက"

"ဘာလဲ ဘာခက်တာလဲ"

"ကျွန်မအမေက သဘောတူပေမယ့်. . တခြားတစ်ယောက်နဲ့
လက်ထပ်ဖို့ ကမ်းလှမ်းထားတယ်ဆိုလား"

"ဟင်. . ဘယ်လို"

ညီလင်းပ နားမလည်စွာ ပြန်မေးလိုက်သည်။ ကြာရိုးဖြူအဖို့
ခုလိုအချိန်မျိုးမှာ ချစ်သူနှစ်ဦး ကြည်နူးရုံသက်သက် ဖြတ်ကျော်ချင်





ည့်မို့ ဘာမှအရေးမကြီးသလိုပုံစံဖြင့်. . .

"အဟင်းဟင်း. . . သိပ်တော့အရေးမကြီးပါဘူး၊ ကဲပါ ဒီကိစ္စ
နောက်မှဆက်ပြောကြမယ်နော်၊ ဒီနေ့လေ ကျွန်မအရမ်းပျော်တယ်
သိလား"

ထိုစဉ် ဖုန်းမြည်လာသည်။

"ဟဲလိုမာမီ. . ဗျာ. . ဟို. . အဲ. . သားမအားလို့ လိုက်မပို့
တော့ဘူး မာမီရာ၊ နော်. . ဆောရီးပါ"

ညီလင်းပအား ဗေဒါပန်းအသုဘပို့ရန် လှမ်းခေါ်သဖြင့် ညီ
လင်းပငြင်းနေခြင်းဖြစ်သည်။ သို့သော်တစ်ဖက်မှ မာမီဇွတ်အတင်း
လာခဲ့ဖို့ ခေါ်နေသဖြင့် ဘယ်လိုမှငြင်း၍မရတော့. . .

"ကျွတ်. . . မာမီရယ် သေတဲ့သူက သေသွားပြီပဲ"

စိတ်ပျက်စွာညည်းတွားရင်း ကြာရိုးဖြူကို ကြည့်လိုက်သည်
ဆိုင်ထဲ၊ ဝိတ်တာအချို့နှင့် တခြားကာစတန်မာများ ညီလင်းပကို
အံ့တသြ ဝိုင်းကြည့်နေကြ၏။

ညီလင်းပသိပေမယ့် ကျော်ကြားသူမို့ ကြည့်သည်ဟုပဲ စိတ်
ထင်ကာ ဖုန်းကိုပြောမြဲတိုင်း ဆက်ပြောပြီး. . .

"ကဲ. . ကြာရိုး ကိုယ်ဘယ်လိုမှ ငြင်းမရတဲ့ အကြောင်းကိစ္စ
ပေါ်လာပြီကွာ"

"ဘာကိစ္စလဲဟင်"

"မိတ်ဆွေတစ်ယောက်ရဲ့ အသုဘကိစ္စလေ ခုသွားမှဖြစ်မယ်
မင်းကျန်ခဲ့မလား"

"ဟင့်အင်း ကျွန်မလည်းလိုက်မယ်လေ ရှင့်မိတ်ဆွေကလည်း
ကျွန်မမိတ်ဆွေပဲပေါ့ ဟုတ်ဘူးလား"

"အိုကေ ဒါဆိုတစ်ချက်ခုတ် နှစ်ချက်ပြတ် ရေဝေးရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



မာမီတို့နဲ့တွေ့မှာ အဲဒီကျမှ မိတ်ဆက်ပေးမယ်"

ကော်ဖီဖိုးတွေရှင်းပေးခဲ့ပြီး ကြာရိုးဖြူလက်ကိုဆွဲကာ ဆိုင်ထဲမှ ပြန်ထွက်လာခဲ့လိုက်သည်။

အားလုံးဝိုင်းကြည့်ပြီး ကျန်ခဲ့ကြသည်။







# အခန်း(၂၅)

ရေဝေးသုသာန် ပရိဝုဏ်ထဲ ကားထိုးရပ်လိုက်သည်နှင့် မာမီတို့ကားကို ခပ်လှမ်းလှမ်းမှာ ရပ်ထားတာ မြင်လိုက်သည်။

အသုဘပို့ယာဉ်များနှင့် လူများစည်ကားလိုက်ပုံများ ပွဲတော်ကြီးတမျှ မာမီ ညီလင်းပကို တွေ့သွား၍ လက်ယပ်ခေါ်သည်။

"လာ. . . ကြာရိုးဖြူဟိုမှာ ကိုယ့်ဒယ်ဒီနဲ့မာမီ"

ကြာရိုးဖြူလက်ဆွဲပြီး မာမီတို့ကားရှိရာသို့ လျှောက်သွားလိုက်သည်။

"ညီလေး. . ညီလေး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အနောက်မှ ပြေးလိုက်လာသော လူတစ်ယောက်၏ခေါ်သံ ကြောင့် ညီလင်းပ လှည့်ကြည့်လိုက်သည်။ ထိုလူကို ညီလင်းပစိတ်ထဲ မြင်ဖူးသလိုလိုရှိနေ၍ အသေအချာ ကြည့်လိုက်သည်။ ကြာရိုး အစ်ကို ပဲ. . ။

"ညီလေး. . ညီမလေးကို အသုဘလာပို့တာလား၊ ဝမ်းသာ လိုက်တာညီလေးရာ အစ်ကိုတို့လည်း ထူပူနေလို့ အကြောင်းမကြားဖြစ် တာ"

"ဗျာ. . အစ်ကို ဘယ်သူ့ကိုပြောနေတာလဲ၊ ကျွန်တော်က အ သိတစ်ယောက်ကို လာပို့တာပါ"

"ဘာပဲဖြစ်ဖြစ် ကြုံတုန်း ညီမလေးရဲ့ ရုပ်ကလပ်ကို နောက် ဆုံးနှုတ်ဆက်သွားပါကွာ၊ ညီမလေးက အရမ်းကံဆိုးလွန်းပါတယ်၊ အိမ် ခဏပြန်လာပြီး သူလက်ထပ်တော့မယ့်အကြောင်း မေမေနဲ့ပြောကြပြီး ရောက်တုန်းရောက်ခိုက် ရေချိုးခေါင်းလျှော်ပြီး အိပ်လိုက်တာ အသက် ပြန်မလည်လာတော့ဘူး. . . အီး. . ဟီးဟီ"

ကြာရိုးအစ်ကို ပြောနေတာ ဗေဒါပန်းကိုများလားဟု အံ့ဩ စွာတွေးပြီး. . .

"ဒီ. . ဒီမှာအစ်ကို၊ အစ်ကိုဘယ်သူ့ကိုပြောနေတာလဲ၊ ဟို. . ဗေဒါပန်းကို ပြောနေတာလား"

"ဟုတ်တယ်လေ"

"ဒါဆို. . ဗေဒါပန်းနဲ့ ကြာရိုးဖြူက"

"အယ်. . ဘယ်. . ဘယ်လို တစ်ယောက်"

သူကပင် ငိုရင်းစက်လက်နှင့် နားမလည်စွာပြန်မေး၏။

မာမီ အနားရောက်လာသည်။

"သားလာလေ. . မောင်ကျော်စွာ ဒါ အန်တီ့သားလေ"





"ဗျာ"

ညီလင်းပ၏ မျက်နှာပေါ်မှာ ရှုပ်ထွေးသော အရိပ်တွေလို ပဲ ကြာရိုးဖြူအစ်ကိုဆီမှာပါ ထင်ဟပ်သွားသည်။ ခုချိန်ထိ လိုရင်းကို ရောက်နိုင်သေး ကြာရိုးဖြူကိုလှည့်ကြည့်တော့ ဘေးမှာမရှိတော့. . ။ သော် ဘယ်ထွက်သွားပါလိမ့်. . . ။

"မာမီ သားချစ်သူနဲ့ ဗေဒါပန်းက ညီအစ်မတွေထင်တယ်"

မာမီကို ခပ်တိုးတိုး မေးလိုက်သည်။

"လာပါညီလေးရယ် ခုချိန်မှာ ညီလေးဘာတွေပြောနေလဲဆို တာ ကိုယ်နားမလည်ဘူး၊ ကိုယ့်ညီမလေး ရုပ်ကလာပ်ကို လာကြည့်ပါ ဦးကွာ၊ ပစ်ရက်စရာမရှိဘူး အိပ်နေတဲ့အတိုင်းလေးပဲကွာ. . "

ညီလင်းပလက်ကိုဆွဲကာ ရုပ်ကလာပ်ကိုပြင်ဆင်ထားသည့် ဟောခန်းတစ်ခုထဲသို့ ခေါ်သွားသည်။ အသုဘလာပို့သည့်လူတွေ၏ မျက်လုံးတွေသည် ရုပ်ကလာပ်မှခွာကာ ဟောခန်းထဲဝင်လာသော ညီလင်းပကို တွေ့သွားသည်။ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ သည်။

"ဟယ်. . ဟိုမှာ အကမော်ဒယ်လ် ညီလင်းပပဲ"

"အေး. . သေသွားတဲ့ကောင်မလေးနဲ့ ဘယ်လိုပတ်သက်လဲမှ သိတာ"

"ညီလင်းပ မင်္ဂလာပါ"

အရေးထဲ လူအုပ်ကြားထဲမှလက်ပြကာ မင်္ဂလာမရှိသောနေ ရာမှာရပ်ပြီး မင်္ဂလာပါဟု ပြောနေသေး၍ ဝတ္တရားအရ လက်ပြနှုတ် ဆက်လိုက်ရသေးသည်။

"အမလေး သမီးရယ် မေမေဘယ်လိုဖြေရမလဲ၊ သားငယ် သေးထားသွားတာ မကြာဘူး သမီးကပါ မေမေတို့ကို စကျာခိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးကို အဖော်သွားလုပ်ပြီပေါ့. . ဟမ်. . အီး. . ဟီးဟီး. . သမီးပြောတော့ လက်ထပ်တော့မယ်ဆို. . ခုတော့ ဆိုင်းမဆင့်ဗုံမဆင့် ထွက်သွားရလားကွယ်"

ပန်းတွေနှင့် လွှမ်းကာမျက်နှာလေးတစ်ကွက်ထဲ ဖော်ထားသောရုပ်ကလပ်ကိုမြင်လိုက်တော့ ညီလင်းပရှင်လျက်နှင့် ဝိညာဉ်ကင်းမဲ့သွားသလို ခံစားလိုက်ရသည်။

"ဟင်. . ကြာ. . ကြာရိုးဖြူ"

"သား. . ပေဒါပန်းကို သိနေလို့လား"

"သိရုံတင်မဟုတ်ဘူး. . သူ. . သူက သားချစ်သူလေ"

"အို. . ဘုရားရေ"

အသံတွေတိုးတိတ်ဝင်သွားကာ ပန်းခွေတွေမှာ ချိတ်ဆွဲထားသော "ပေဒါပန်း(ကြာရိုးဖြူ)အတွက် လွမ်းသူပန်းခွေ"ဟူသော စာတန်းတွေကိုဖတ်မိတော့ ခန္ဓာကိုယ်တစ်ခုလုံး ပုံးဆန်ထိမှန်သူလို တစ်စစီကြေမွကာ အသိစိတ်တွေ လွင့်ထွက်ကုန်၏။

ဘာတွေလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ။ ခုပဲ ကြာရိုးဖြူနဲ့ ကော်ဖီဆိုင်ကနေ ရေဝေးသုသာန်ကို ကားမောင်းလာတယ်။ ခု. . ကြာရိုးဖြူက အလောင်းစင်ပေါ်မှာ သေနေပြီ။ မဖြစ်နိုင်. . လုံးဝမဖြစ်နိုင်ဘူး။

"မာမီ. . ဒါ. . ဒါမဖြစ်နိုင်ဘူး၊ သား ခုလေးတင် ကြာရိုးဖြူနဲ့ ကော်ဖီဆိုင်ကလာတာ၊ စောစောကတောင် ကားပေါ်ကနေ ကြာရိုးနဲ့ သားဆင်းလာတာ မာမီမတွေ့ဘူးလား"

"သားရယ် စိတ်ကိုထိန်းပါ၊ သားဘေးမှာ ဘယ်သူမှပါမလာပါဘူးကွယ်၊ သားတစ်ယောက်ထဲ ဆင်းလာတာပါ"

"ဟာ. . မဟုတ်ဘူး မာမီတို့မှားနေတာ၊ အစ်ကို စောစောက ကျွန်တော်နဲ့အတူ ကားပေါ်ကဆင်းလာတဲ့ ကြာရိုးဖြူကို တွေ့လိုက်





တယ် မဟုတ်လား"

ကိုကျော်စွာ အူကြောင်ကြောင်ကြည့်ကာ ပို၍ဝမ်းနည်းသွားတန်ဖြင့်. . .

"ညီလေး မင်းကို ခုချိန်ထိ တစ်ယောက်ထဲတွေ့သေးတယ်၊ မင်းအနားမှာ ဘယ်သူမှပါမလာဘူး အစ်ကိုညီမ တကယ်သေသွားတာပါ၊ သူ့နာမည်အရင်းက ပေဒါပန်းပါ၊ ဒါပေမဲ့ ပေဒါပန်းဆိုတဲ့နာမည်ကို မကြိုက်ဘူးဆိုပြီး ကြာရိုးဖြူဆိုတဲ့ နာမည်ကို သူကိုယ်တိုင်ပေးခဲ့တာ၊ ခုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ လောကကြီးထဲက ထွက်သွားရပြီကွာ. . အီး. . ဟီးဟီး ဟီး"

ညီလင်းပ ဘယ်လိုမှမယုံနိုင်၊ ဒါဟာ အမှန်တရားမဟုတ်လား ခုလေးတင် ကြာရိုးနှင့် စကားတွေဖောင်ဖွဲ့အောင် ပြောနေသေးတာ။

ညီလင်းပ ကြာရိုးဖြူအလောင်းကိုကြည့်ကာ တဖြည်းဖြည်းသွေးပျက်လာသည်။ ရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်လာသည်။

"မဟုတ်ဘူး ကြာရိုးမသေဘူး၊ စောစောကတောင် ကျွန်တော်နဲ့အတူ ရှိနေတယ်၊ ကြာရိုး. . ကြာရိုး. . မင်းဘယ်မှာလဲ၊ ဒီ အသက်မဲ့နေတဲ့ ရုပ်ကလာပ်က မင်းမဟုတ်ဘူးဆိုတာ ပြောစမ်းပါ"

ညီလင်းပ ဟောခန်းထဲကို ဝေ့ဝဲရှာလိုက်ပြီး သွေးရူးသွေးတန်းတစ်ပြောလိုက်သည်။ လူတွေအားလုံး စိတ်ဝင်စားသွားကြပုံဖြင့် ပြုံတိုးလာကြသည်။

ကြာရိုးဖြူ၏ အမေနှင့် အစ်ကိုတွေမှာ ညီလင်းပ၏ သွေးရူးသွေးတန်း အော်ဟစ်နေပုံကိုကြည့်ပြီး ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြသည်။

"သား. . စိတ်ကိုထိန်းပါ၊ မာမီဘေးမှာရှိတယ် ဒယ်ဒီကြီးရေ လာပါဦး၊ သား. . သားအရမ်းခံစားနေရပုံပဲ သူ့ချစ်သူနဲ့ ပေဒါပန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ထဲဆိုတာကို သူလက်မခံချင်ဘူး ဖြစ်နေတယ်"

ဒယ်ဒီ ပခုံးကို ခပ်ဖွဖွဆုပ်ကိုင်ကာ. . .

"သား စိတ်ကိုလျှော့ချပြီး ခုကြုံတွေ့နေရတာကို အမှန်တရား တစ်ခုအဖြစ် လက်ခံလိုက်ပါတော့၊ မင်းချစ်သူဟာ ဗေဒါပန်းဖြစ်နေမှန်း ဒယ်ဒီတို့ မသိခဲ့ပေမယ့်၊ အခု သူတစ်ယောက် ပျောက်ကွယ်သွားတာ တော့ အမှန်ပဲသား"

ကြာရိုးဖြူနှင့် ညီလင်းပဟာ လွန်ခဲ့တဲ့ မိနစ်ပိုင်းလောက်ထိ အတူရှိနေခဲ့တာပဲ၊ ဒါကို ဘယ်သူမှ မယုံကြည်ဘူးလား၊ ဒီနေရာအနီး တစ်ဝိုက်မှာ ကြာရိုးဖြူ တကယ်ရှိနေမှာ သေချာ၏။

ဝိညာဉ်အဖြစ်နှင့်လား. . . တကယ့်လူသားစစ်နှင့်လား။

ယောက်ျားတန်မဲ့ မျက်ရည်ကျခြင်းဟာ ဒါပထမဆုံးအကြိမ် ပါပဲ။

"ဟင်. . ဟိုမှာ ကြာရိုးဖြူနဲ့ ငြိမ်းချမ်း၊ တွေ့ပြီ. . မာမီ ဟိုမှာ တွေ့လား. . သားချစ်သူကြာရိုးဖြူ မသေပါဘူးဆိုတာ မာမီမယုံဘူး မဟုတ်လား၊ ဟိုမှာတွေ့လား သူတို့မောင်နှမနှစ်ယောက်. . ။

"အို. . သား သတိထားပါကွယ်"

အလောင်းစင်ထိပ်ရှိ ဓါတ်ပုံနှင့်ပန်းခွေတွေနားတွင် ရပ်နေ သော ကြာရိုးဖြူ၊ သူ့ဘေးမှာ ငြိမ်းချမ်း၊ နှစ်ယောက်စလုံး ညီလင်းပ၏ သွေးရူးသွေးတန်းဖြစ်နေပုံကို စိတ်မကောင်းသောအကြည့်ဖြင့် လှမ်း ကြည့်နေကြသည်။ သူမမျက်ဝန်းမှာလည်း မျက်ရည်တွေနဲ့ပဲ. . .

"ကြာရိုး မင်းမသေဘူး ဟုတ်တယ်မဟုတ်လား၊ အားလုံးက မင်းသေတယ်ဆိုပြီး ငိုနေကြတယ်၊ မင်းနဲ့ငါ ခုလေးတင် ကော်ဖီဆိုင် ကနေ ထွက်လာကြတယ်ဆိုတာ အားလုံးကိုပြောလိုက်"

ကြာရိုးဖြူအနားသို့ ဝရုန်းသုန်းကားဆန်သော ခြေလှမ်းတွေ





ဖြင့်လျှောက်သွားကာ အားလုံးကို ရှင်းပြခိုင်းလိုက်သည်။

"ကိုညီရယ်. . တကယ်တော့ ကြာရိုးလေ လွန်ခဲ့တဲ့သုံးရက် လောက်ကတည်းက သေဆုံးခဲ့ပါပြီ၊ ကိုယ့်ကိုယ်ကိုယ် အသက်ရှင်နေ သေးတယ်ဆိုပြီး ကိုညီ့အနားမှာ နေခွင့်ရချင်သေးတယ်၊ ခုတော့ သေ ဆုံးခဲ့တယ်ဆိုတာ မဖြစ်မနေ လက်ခံလိုက်ရပါပြီ"

"ဘာ. . ဒါ. . ဒါဆို အရင်ရက်တွေကရော လွန်ခဲ့တဲ့ နာရီပိုင်း လောက်ကရော ငါ့ဘေးမှာအတူရှိနေတာ မင်းရဲ့ဝိညာဉ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ကိုညီ၊ ကြာရိုးလေ ကိုညီကို သိပ်ချစ်တယ်. . ခွဲချင်ပါဘူး၊ ဒါပေမဲ့ သိပ်မကြာခင်မှာ ကြာရိုးနဲ့မောင်လေး ဟိုးအ ဝေးဆုံးကိုသွားရတော့မယ်၊ ဒီနေရာထက် တိတ်ဆိတ်ငြိမ်းချမ်းတဲ့နေ ရာပေါ့၊ အဲဒီနေရာမှာ မောင်လေးကိုဆက်ပြီး စောင့်ရှောက်ရဦးမယ်၊ ကိုယ်ညီအနားမှာ အမြဲတမ်းနေချင်ပေမယ့် နေဖို့အခွင့်အရေး မရှိ တော့ဘူး ကိုညီရယ်"

"ဘာလဲ. . မင်း. . မင်း. . ငါ့ကိုအရူးလုပ်သွားတာပေါ့ ဟုတ် လား ငါ မင်းကို တကယ်ချစ်မိသွားမှ မင်းငါ့ကို ထားသွားရက်လား"

ညီလင်းပ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့၊ ဘဝမှာ ဘာနှင့်မှ အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုကြီးကို အပြီးတိုင် ဆုံးရှုံးလိုက်ရပြီ။ အဲဒီ အတွက် ရလာတဲ့အကျိုးဆက်က ရင်ထဲမှာ အဆပေါင်းများစွာ နာကျင် ခြင်းတွေနှင့်အတူ အသုဘရှုပရိသတ်အားလုံး၏ မျက်လုံးအိမ်မှာ မျက် ရည်တွေကိုယ်စီ ဝေ့ကုန်ကြခြင်းပါပဲ။ သူတို့အားလုံးရဲ့အမြင်မှာတော့ ချစ်သူနှစ်ဦး၏ နောက်ဆုံးခွဲခွာခြင်းပေါ့။

ဆန်းကြယ်သော အဖြစ်အပျက်တစ်ခုက ရင်မှာတည်သော ဆံခြင်းတရားကို ခဏတော့ အလျှော့ပေးလိုက်လျှော့ခဲ့သည်ပဲ။

တကယ်တမ်း အမှန်တရားတစ်ခုကို လက်မခံချင်သူက ညီ

www.burmeseclassic.com



လင်းပပင် ဖြစ်သည်။

လောကကြီးက ဘာအထာလဲ၊ လူတစ်ယောက်ရဲ့ နှလုံးသား ကျဆုံးခန်းကို ခုလိုလူမြင်ကွင်း သုသာန်တစ်နေရာမှာ ဖွင့်ဟပြခိုင်းသ တဲ့လား။

နောက်ဆုံး နားစည်ထဲ ခပ်သဲ့သဲ့ တိုးဝင်လာသောစကားလေး တစ်ခွန်း။ ထိုစကားသံထဲတွင် ကြေကွဲခြင်းတွေ ပြွတ်သိပ်ပျော်ဝင်နေ ကာ. . .

"နောင်ဘဝထိ ဆက်ချစ်ခွင့်ပြုပါ"တဲ့လား. . .

အဟတ်. . နောင်ဘဝဆိုတာ ခုလက်ရှိဘဝလောက် သေချာ လို့လား၊ ဒီဘဝမှာတောင် ဆုံစည်းဖို့ မသေချာတာ၊ နောင်ဘဝ ဆုံစည်း ဖို့ ဘယ်လိုမျှော်လင့်စောင့်စားရဲတော့မှာလဲ။

ကြာရိုးဖြူ မင်းကွာ. . မင်း ငါ့ကို အစိမ်းဖြတ် ဖြတ်သွားတာပဲ အခု ငါ့နှလုံးသားတွေ လူစဉ်မမီတော့ဘူးကွ. . ။


ငါ့ကို အဲသလို. . ဟက်ကော့ကြီး ထားသွားရလားကွာ၊ မင်း သိပ်ရက်စက်တယ်. . . မင်း အရမ်းရက်စက်တယ်ကွာ။

ပြီးပါပြီ

ရှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR




www.burmeseclassic.com